



www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

ရှုပါကျော်က သူမကားလေးကို ဂီယာချိန်းကာ အရှိန်မြှင့်မောင်းလိုက်သည်။ ညအချိန်ဖြစ်သောကြောင့် ကားလမ်းမကြီးပေါ်တွင် ယာဉ်အသွားအလာ ကင်းရှင်းနေသော်လည်း တစ်ချက်တစ်ချက်တွင် ရှေ့မီးကြီးဖွင့်၍ မောင်းနှင်လာသော ကုန်ကားကြီးများ၏ ပြင်းအားကောင်းသော မီးရောင်ကြောင့် သူမ၏ မျက်စေ့တွင် ပျာဝေသွားတတ်၏။

သူမတို့မြို့ကလေးက သည်လိုပင်၊ ပေလီနှင့် ကမ်းသာယာကြားတွင်ရှိသော ပင်လယ်ကမ်းစပ်မြို့ကလေး ဖြစ်သောကြောင့် ညရှစ်နာရီကျော်ကျော်လောက်တွင် ကုန်ကားကြီးများ ဖြတ်သန်းသွားလာလေ့ ရှိကြ၏။

ရှုပါကျော်က ကားကို ဂရုစိုက်မောင်းနှင်နေရသည့်အထဲ ကားထဲမှ သူငယ်ချင်းတွေက လက်ပံပင်ဆက်ရက်ကျသလို စကားတွက်တိုးကာ ဆူညံနေသောကြောင့် အာရုံတွေ နောက်ကျိလာ၏။ ကားထဲတွင် ပါလာကြသူများမှာ သူမ၏ လက်ယာဘက်ဘေး ထိုင်ခုံတွင် ဟန်နီဆွေ၊



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကားနောက်ဘက်ခန်းတွင်တော့ ယောက်ျားလေးသူငယ်ချင်းများ ဖြစ်ကြသော ဇာနည်၊ နေသစ်နှင့် ထင်လင်းတို့ လိုက်ပါလာကြသည်။

အားလုံးထဲတွင် ဟန်နီဆွေက မိန်းကလေးပီပီ စကားအများဆုံးဖြစ်၏။ နောက်ပြီး ဟန်နီဆွေနှင့် ဇာနည်တို့က ချစ်သူများဖြစ်ကြလေရာ ဟန်နီဆွေက တစ်ချိန်လုံး ကားနောက်ခန်းဘက်သို့ ခေါင်းလှည့်ပြီး ဇာနည့်ကို စကားလှမ်းလှမ်းပြောသည်။

ကြာတော့. . . ရူပါကျော်တစ်ယောက် သည်းမခံနိုင်တော့။

'ဟန်နီရယ်. . . နင်ကလဲ တကတည်း စကားကို ပြောပဲပြောနိုင်လွန်းတယ်၊ တစ်ကားလုံး နင့်အသံချည်းပဲ'

ဟန်နီဆွေက ကားထဲမှ ကက်ဆက်ကိုလှမ်းပိတ်ရင်း ရူပါကျော်ကို နှာခေါင်းရှုံ့ပြလိုက်ကာ. . .

'အောင်မယ် နင့် ကက်ဆက်အစုတ်က ဆူညံနေတာကိုတော့ ထည့်မပြောတော့ဘူးလား၊ ငါက အစီအစဉ်တွေ အလွဲလွဲအချော်ချော် ဖြစ်ကုန်မှာစိုးလို့ သေချာအောင် ထပ်တလဲလဲပြောနေရတာဟ. . .'

ထိုစကားကြောင့် ကားနောက်ခန်း ဘယ်ဘက်အစွန်တွင် ထိုင်နေသော ထင်လင်းက. . .

'ဟန်နီဆွေရယ်၊ နင်ပြောလွန်းလို့လဲ နင့်မဟာအစီအစဉ်တော်ကြီးကို ငါတို့ အလွတ်ရနေကြပါပြီဟာ. . . အခု ငါတို့ ဆုနဒီရဲ့အိမ်ကို





သွားမယ်၊ ဆုနဒီကို အလစ်မှာဝင်ဖမ်းပြီး ငါတို့ ဘယ်သူဘယ်ဝါမှန်း မသိခင် မျက်လုံးကို အဝတ်နဲ့စည်းပြီး ကားထဲအတင်းဆွဲသွင်းမယ်၊ ဒါမှ သူအရမ်းကြောက်သွားမှာလေ၊ ပြီးရင် ကမ်းစပ်ကိုမောင်းပြီး ငါတို့ ငှားထားတဲ့ မော်တော်ဘုတ်နဲ့ နတ်သမီးကျွန်းဆီကို ခေါ်သွားမယ်၊ ဟိုကိုရောက်ရင် ရူပါကျော် အသင့်ငှားထားတဲ့ ဘန်ဂလိုထဲမှာ သူ့မွေးနေ့ကိတ်မုန့်ကို ဖယောင်းတိုင်တွေ ဘာတွေ ထွန်းပြီးတော့မှ ဆုနဒီ မျက်စိကိုစည်းထားတဲ့ အဝတ်ကိုဖြည်ပေးလိုက်မယ်၊ အဲဒါမှ ဆုနဒီတစ်ယောက် ကြောက်လန့်နေရာက ဗြုန်းခနဲ အံ့သြဝမ်းသာသွားမှာ၊ ဒါပဲလေ၊ ဘာများ ရှုပ်ရှုပ်ထွေးထွေး ခက်ခက်ခဲခဲပါလို့လဲ. . .'

ထင်လင်း၏ စကားကြောင့် အားလုံးက ကိုယ်စီ ခေါင်းညိတ်လိုက်ကြ၏။ သူတို့အားလုံး ခေါင်းညိတ်လိုက်ကြသည့် အဓိပ္ပာယ်မှာ စောစောက ထင်လင်းပြောသလို အဲ့ဒီအစီအစဉ်ကို အကြိမ်ကြိမ် ကြားရလွန်းသောကြောင့် တို့အားလုံး အလွတ်ရနေကြပါပြီ ဟန်နီဆွေရယ်၊ နင် နောက်ထပ်စကားမများပါနဲ့တော့ဟူသည့် အဓိပ္ပာယ်ကို ဆောင်နေ၏။

ဟန်နီဆွေကလည်း အဲ့ဒီအဓိပ္ပာယ်ကို သဘောပေါက်လိုက်သောကြောင့် စကားထပ်ပြောဖို့ ဟန်ပြင်နေသည့် သူမ၏ပါးစပ်ကို ပိတ်လိုက်ပြီး မျက်နှာရှုံ့ပုတ်ပုတ်ဖြစ်သွားသည်။

ဟန်နီဆွေ၏ အမူအရာကြောင့် ရူပါကျော်က ကြိတ်ပြီးရယ်ချင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပေါ်လာ၏။ ရှုပါကျော်က ကားစတီယာရင်ကို လယ်ဝဲဘက်သို့ကွေ့ပြီး ဆုနဒီနေထိုင်ရာ လူကုန်ထံရပ်ကွက်ဆီသို့ ဦးတည်လိုက်၏။

ဆုနဒီက ရှုပါကျော်တို့ သူငယ်ချင်းအုပ်စုထဲသို့ နောက်ဆုံးမှ ဝင်ရောက်လာသူဖြစ်၏။ သူမ၏ အဖေ အမေများက ချမ်းသာသော ကုန်သည်ကြီးများ ဖြစ်ကြပြီး ဒီမြို့ကလေးကို ပြောင်းလာသည်မှာ တစ်နှစ်ပင် မပြည့်သေးချေ။

ဘဝအကျိုးပေးကံကောင်းသည်ဟုပဲ ပြောရမလားမသိ၊ ဆုနဒီက ပိုက်ဆံချမ်းသာသလောက် ရုပ်ရည်ကလည်း သူမတူအောင်ပင် ချော မောလှပသည့် မိန်းကလေးတစ်ယောက် ဖြစ်သည်။ မိန်းကလေးချင်း ပင် မနာလိုစရာ ကောင်းလောက်အောင် လှပသော အသားအရည် ကိုယ်ခန္ဓာအချိုးအဆစ်နှင့် အနောက်တိုင်းဆန်သော မျက်နှာသွင်ပြင်တို့ ကို ပိုင်ဆိုင်ထား၏။

ဆုနဒီကိုယ်တိုင်ကလည်း သူမပိုင်ဆိုင်သော အလှအပတရား၏ အတိမ်အနက်ကို ကောင်းကောင်းနားလည်ထားပြီး လက်နက်တစ်ခုလို ကျွမ်းကျင်စွာ အသုံးချတတ်သည်။ သူမ၏ ညို့အားပြင်းသော မျက်ဝန်း နက်နက်တစ်စုံဖြင့် ပညာသားပါပါ တစ်ချက်စိုက်ကြည့်လိုက်လျှင် တော် ရုံတန်ရုံ ယောက်ျားလေးတစ်ယောက်အဖို့ ရူးမတတ်ဖြစ်သွားနိုင်သည်။

ဟန်နီဆွေ၏ ချစ်သူ ဇာနည်ပင်လျှင် ဆုနဒီနှင့် တွေ့ကာစက





အရူးအမူး စွဲလန်းသွားခဲ့လေသည်။ တကယ်တော့ ဟန်နီဆွေက ဇာနည့် အတွက် ဒုတိယချစ်သူပင်။ ဆုနဒီနှင့် ဇာနည်တို့ ပြတ်ပြတ်စဲစဲ လမ်းခွဲ သွားပြီးသည့်နောက်မှ ဟန်နီဆွေက ဇာနည့်အချစ်ကို လက်ခံခဲ့ခြင်း ဖြစ်၏။

တကယ်တော့လဲ ဆုနဒီကိုယ်တိုင်က အချစ်ကို ကိုးကွယ်လိုသူ တစ်ယောက်မဟုတ်၊ သူမ၏ တစ်ခုတည်းသော ရည်ရွယ်ချက်က 'ငါ့ အလှမှာ ယောက်ျားတွေအားလုံး ယစ်မူးသွားရမယ်' ဟူသော အောင်ပွဲ တံခွန်ကို ကိုင်လွှင့်လိုသူ၊ တနည်းအားဖြင့် ပြောရလျှင် သူမ၏အလှ ကို လက်နက်တစ်ခုလို ကျွမ်းကျွမ်းကျင်ကျင်ကိုင်ဆွဲပြီး သူမခြေရင်းမှာ ကျဆုံးသွားသည့် ယောက်ျားများ၏ အရည်အတွက်ကို လက်ချိုးရေ တွက်ကာ အရသာခံလိုသူတစ်ယောက် ဖြစ်၏။

ရှုပါကျော် တစ်ယောက် ဆုနဒီအကြောင်း စဉ်းစားရင်း အတွေး နစ်မြောနေစဉ်မှာပင် ကားနောက်ခန်းထဲမှ ဇာနည် လှမ်းအော်ပြောလိုက် သံကို ကြားလိုက်ရ၏။

'ဟဲ့ . . . ရှုပါကျော်၊ ဟိုရှေ့နားက အမှောင်ရိပ်မှာပဲ နင့်ကားကို ရပ်ထားလိုက်တော့၊ ငါတို့အားလုံး ဆုနဒီတို့ အိမ်နားကို ဖြည်းဖြည်းချင်း လျှောက်သွားလိုက်ကြမယ်'

ရှုပါကျော်က တစ်လမ်းလုံး အေးတိအေးစက်နိုင် ဘာတစ်လုံး

www.burmeseclassic.com



မှဝင်မပြောသော နေသစ်ကို နောက်ကြည့်မှန်ထဲမှတစ်ဆင့် ကြည့်လိုက်သည်။ ဇာနည့်ဘေးမှ နေသစ်၏ အမူအရာက အခုမှ အေးစက်စက် မထုံတက်တေး ဖြစ်နေသည်မဟုတ်၊ သူ့ကို ဘယ်အချိန်ကြည့်ကြည့် အမြဲတမ်း နားလည်ရခက်သည့် လူစားမျိုးဖြစ်သည်။ နောက်ပြီး နေသစ်က ဟိုးအရင် တက္ကသိုလ်မတက်ခင်ကာလတုန်းက ရူပါကျော်ကို စိတ်ဝင်စားသည့်ပုံ ပြခဲ့ဘူးသည်။ ထိုအချိန်တုန်းကလည်း ရူပါကျော်က နေသစ် စိတ်ဝင်စားနေသည်ကို လက်ခံသလိုလိုနှင့် တွဲလိုက်သေးသည်။

နောက်ပိုင်းတွင် နေသစ်၏ သွေးအေးအေးနိုင်သည့် စရိုက်ကြောင့် ရူပါကျော်တစ်ယောက် လန့်လာကာ ရည်းစားဘဝအထိ အရောက်မခံဘဲ အဆက်ဖြတ်ပစ်လိုက်ရသည်။

ယခုအချိန်တွင်တော့ ရူပါကျော်က နေသစ်ကို တစ်ခြား သူငယ်ချင်းတွေနှင့် တန်းတူ သူငယ်ချင်းတစ်ယောက်အဖြစ်သာ ခင်ခင်မင်မင် ဆက်ဆံပေါင်းသင်းနေမိသည်။

ကားနောက်ကြည့်မှန်ထဲမှ ရူပါကျော် မြင်နေရသော နေသစ် မျက်နှာမှာ တစ်ခုခုကိုပဲ တစ်ယောက်ထဲကြိတ်ပြီး တွေးနေသလိုလို အေးတိအေးစက် မျက်လုံးများက အသက်မဲ့လျက်ရှိသည်။

ရူပါကျော်က သူ့မျက်နှာကိုကြည့်ရင်း ကျောထဲမှ စိမ့်သလိုလို တောင် ဖြစ်လာမိသည်။





သူမတို့ သူငယ်ချင်းတစ်သိုက် လိုက်ပါလာကြသည့် ကားလေးကို သစ်ပင်ကြီးအုပ်မိုးထားသော မှောင်ရိပ်အောက်သို့ ဖြည်းဖြည်းချင်း မောင်းဝင်ရပ်လိုက်၏။

ဆုနဒီတို့ အိမ်ကြီးက ထိုအုံ့ဆိုင်းနေသော သစ်ပင်ကြီးနှင့် မလှမ်းမကမ်းတွင် ရှိနေ၏။ သူမတို့အားလုံး အမှောင်ရိပ်ထဲတွင် တစ်ယောက်နှင့်တစ်ယောက် တီးတိုးပြောရင်း ဆုနဒီ အိမ်ထဲကထွက်အလာကို ချောင်းမြောင်းကြည့်နေကြ၏။

'ရှူး. . . ဟိုမှာ ဆုနဒီ အိမ်ထဲကထွက်လာနေတယ်'

ရူပါကျော်က သူမပါးစပ်နားသို့ လက်ညှိုးကို ဖိကပ်လိုက်ကာ အချက်ပေးလိုက်၏။

'ဟဲ့. . . ဇာနည်. . . မျက်စိကိုပိတ်မယ့် နှင့်အဝတ်စကို အဆင်သင့်လုပ်ထား. . . အားလုံးပိရိပါစေနော်'

ဟန်နီဆွေ့အသံက လေသံတိုးတိုးဖြင့် ဇာနည့်ကို သတိလှမ်းပေးနေ၏။ သူတို့အားလုံးမှာလဲ မှောင်ရိပ်ထဲတွင် ကိုယ်ကို ပြားနေအောင် ဝပ်ထားကြ၏။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

ဆုနဒီမှာ အိမ်ရှေ့ခြံအစပ်နားလောက်အထိ လျှောက်လာပြီးမှ ရုတ်တရက် နောက်သို့ပြန်လှည့်သွားကာ အိမ်ကြီးအတွင်းသို့ ပြန်ဝင်သွား၏။

'ဟာ. . .'

'ဟင်. . .'

သူမတို့အားလုံးပါးစပ်မှ စိတ်မောသွားသည့်လေသံက တပြိုင်ထဲ ထွက်သွားကြသည်။ သစ်ပင်ကြီး၏ အမှောင်ရိပ်အောက်တွင် ခြင်များကို လက်ဖြင့် တဖတ်ဖတ်ရိုက်ရင်း ဆုနဒီ နောက်ထပ်ပြန်ထွက်အလာကို သူမတို့ သူငယ်ချင်းတသိုက် ဖွဲ့ရှိရှိဖြင့် ဆက်ပြီးစောင့်နေကြရာ တစ်နာရီသာသာလောက်ပင် ရှိသွားပြီဖြစ်သည်။ ဆုနဒီကတော့ တစ်ချက်ကလေးမှ ပြန်ထွက်မလာ. . .

'ဟာ. . . ဘယ်လိုလဲဟ သူ ပြန်ကောထွက်လာပါတော့မလား'





ထင်လင်း၏ လေသံက စိတ်ပျက်ခြင်းထက် စိတ်မရှည်နိုင်တော့သည့် အသံဖြစ်နေသည်။

'အေးဟာ ဒီမှာ ခြင်တွေကိုက်လို့ ခြေထောက်တွေလဲ ထူပူနေပြီ ဘယ်လိုလုပ်ကြမလဲ'

ဟန်နီဆွေက သူမဘေးမှ ဇာနည့်လက်မောင်းကို လှမ်းဆွဲရင်း ဒူးထောက်ထားရာမှ ပြန်ထလိုက်သည်။

'တို့တွေ အိမ်ထဲဝင်ရင်ကောင်းမလား. . . ဆုနဒီက နောက်ထပ်ထွက်လာဖို့ သိပ်မသေချာတော့ဘူး'

ဇာနည်က အားလုံး၏ ဆန္ဒကိုမေးရင်း သူ့လက်မှာကိုင်ထားသော အဝတ်စနှင့်လဲ ခြင်များကို အမှောင်ထဲတွင် တဖတ်ဖတ်မောင်းနေသည်။

အားလုံးကတော့ ဇာနည့်အကြံကို လက်ခံသည့် အမူအရာဖြင့် ပြိုင်တူ ခေါင်းညိတ်လိုက်ကြ၏။

●

ဇာနည်က ပြောပြောဆိုဆို ဆုနဒီတို့ အိမ်ကြီး၏ ဘေးမှနေ၍ အိမ်နောက်ဘက်ဆီသို့ ပတ်ပြီး လှစ်ခနဲပြေးဝင်သွားလိုက်သည်။ ကျန်သူများက အိမ်ရှေ့တွင် အရိပ်အခြေကို အကဲခတ်ရင်း ဇာနည့်မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလဲဟူသည့် အမူအရာများဖြင့် လှမ်းကြည့်နေကြသည်။

ခဏအကြာတွင် ဆုနဒီတို့၏ အိမ်နောက်ဖေးမှ ဇာနည်က လက်ယပ်ပြပြီး ကျန်သူများအားလုံးကို လှမ်းခေါ်နေ၏။

ခြံအတွင်း ခပ်မှိန်မှိန်ကျရောက်နေသော အလင်းရောင်အောက်တွင် သူတို့အားလုံး ကုန်းကုန်းကွကွခြေလှမ်းများဖြင့် ခပ်သုတ်သုတ်ပြေးဝင်သွားလိုက်ကြသည်။

'ရှူး. . . '

ဇာနည်က လက်ညှိုးကို သူ့နှုတ်ခမ်းဝတွင်တေ့ကာ အသံမထွက်မိစေရန် သတိပေးရင်း ဆုနဒီရှိရာ မီးဖိုခန်းအတွင်းသို့ လက်တစ်ဖက်ဖြင့် လှမ်းညွှန်ပြနေ၏။

ဆုနဒီကတော့ မီးဖိုခန်းအတွင်း သူမတို့အားလုံးကို ကျောခိုင်းကာ ကော်ဖီခွက်ကို ဇွန်းဖြင့် တဂျောက်ဂျောက်မွှေနှောက်ဖျော်နေ၏။ သူမတို့ အိမ်ကြီး တစ်အိမ်လုံးမှာလဲ ဆုနဒီရှိရာ မီးဖိုခန်းမှလွဲ၍ အပေါ်ထပ်ရော အောက်ထပ်ပါ မီးတွေပိတ်ထားကြသည်။ သေချာတာက ဆုနဒီတို့ အိမ်ကြီးထဲတွင် သူ့မိဘများ ရှိကြပုံမပေါ်။

ဇာနည်က ဆုနဒီရှိရာ မီးဖိုခန်းဘေးသို့ ကိုယ်ကိုပြေးကပ်လိုက်ရင်း ကျန်သူများအားလုံးကိုလည်း အဆင်သင့်လုပ်ထားရန် မျက်ရိပ်မျက်ခြေပြလိုက်၏။ သူ့လက်ထဲမှ အဝတ်စကိုလည်း လက်နှစ်ဘက်ဖြင့်





ကျကျနန ကျစ်ပြီးလိမ်နေ၏။

ဖွင့်ထားသော အိမ်နောက်ဖေးတံခါးပေါက်ဘောင်ကို ကျောမှီပြီး ဇာနည် အတွင်းသို့ အရှိန်ဖြင့်လှမ်းဝင်မည်အလုပ်တွင် ရှုပါကျော့ ခြေထောက်နှင့် ကြမ်းပြင်ပေါ်မှ ကုလားထိုင်ကြီးတို့ တိုက်မိသံ ဝုန်းခနဲ ထွက်သွားသည်။

သူ့တို့အားလုံး၏ လှုပ်ရှားမှုများကို ရပ်တန့်ပစ်လိုက်ရန် အခြေအနေက တိုတောင်းလွန်းသွားပြီ ဖြစ်သည်။

ဆုနဒီက ကော်ဖီဖျော်နေရာမှ အပြင်ဘက်မှ အသံကြားရာဆီသို့ ချာခနဲ လှည့်အကြည့်တွင် ဇာနည်လက်က အဝတ်စက သူမမျက်နှာပေါ်ကို လှမ်းပြီး သိုင်းချည်လိုက်မိပြီဖြစ်၏။ သို့သော် ဇာနည် ဆွဲချည်လိုက်သော အဝတ်စက ဆုနဒီ၏ မျက်လုံးကို မအုပ်မိဘဲ အရှိန်လွန်သွားကာ သူမ၏ လည်မျိုကို အားနှင့်ဆွဲညှစ်လိုက်သလို ဖြစ်နေလေသည်။

'ဟဲ့... နင်တို့ ငါ့ကို ဘာလုပ်ကြမှာလဲ... အဟွတ် အဟွတ်'

ဆုနဒီက ဇာနည် ဆွဲညှစ်ထားသော အဝတ်စကို လက်နှစ်ဘက်ဖြင့် သွေးရူးသွေးတန်း ဆွဲဖြုတ်နေကာ အလန့်တကြား ပြန်အော်နေ၏။ သူမ၏ အသံမှာလည်း လည်ချောင်းတွင် မပီမသဖြစ်နေပြီး ချောင်းတဟွတ်ဟွတ်ဆိုးနေ၏။

ရှုပါကျော်နှင့် ကျန်သူများအားလုံးမှာ လွဲချော်သွားသော ဇာနည်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရပ်ကြောင့် ငေးကြောင်ရင်း အံ့အားသင့်နေကြသည်။

'နင်... နင်တို့ ငါ့ကို... အု အု အဟွတ်... ငါအသက်ရှူကျပ်နေပြီ၊ ငါ့လည်ပင်းကိုလွှတ်'

ဆုနဒီ၏ မျက်လုံးများက သူ့တို့အားလုံး၏ အမှတ်မထင်လုပ်ရပ်ကြောင့် ကြောက်လန့်နေပြီး ပါးစပ်မှ သွေးရူးသွေးတန်းတွေ အော်မိနေသည်။

ထိုစဉ် ထင်လင်းက သူ့ခါးကြားတွင် ဘယ်သူမှမသိအောင် ဝှက်ပြီးယူလာသည့် သေနတ်တစ်လက်ကို ရုတ်တရက် ဆတ်ခနဲ ဆွဲထုတ်ကာ ဆုနဒီ၏ နဖူးပေါ်သို့ တေ့ကာ ချိန်ထားလိုက်သည်။

'ဟင်...'

ဆုနဒီ အပါအဝင် ကျန်သူများအားလုံးပါ ထင်လင်း ခါးကြားမှ သေနတ်ကြောင့် တအံ့တဩ ဖြစ်သွားကြပြီး ငေးကြောင်ကြည့်နေမိကြ၏။

ယခုအစီအစဉ်တွင် ထင်လင်းတစ်ယောက် ဘာလုပ်ဖို့ ဒီသေနတ်ကို ယူလာခဲ့မှန်း သူတို့အားလုံး မသိကြ။ ဆုနဒီ၏ နဖူးတွင် တေ့ထားသော သေနတ်က ထင်လင်း၏ လက်ထဲတွင် တဆတ်ဆတ် လှုပ်ခါနေ၏။

ရှုပါကျော် စိတ်ထဲတွင်လည်း ထင်လင်းတစ်ယောက် သူ့လက်ထဲမှ သေနတ်မောင်းခလုပ်ကို ဘယ်အချိန် ဆွဲဖြုတ်လိုက်လိမ့်မည်လဲဟု





တွေးကာ တုန်တုန်ရီရီ ဖြစ်နေသည်။ ဆုနဒီ၏ လည်ပင်းကို ဆွဲချည်ထားသော ဇာနည်က သူ့လက်မှ အဝတ်စကို တဖြည်းဖြည်း ဖြေလျှော့လိုက်ပြီး သေနတ်ကိုင်ထားသော ထင်လင်း၏ အမူအရာကို နားမလည်စွာ ငေးကြောင်ကြည့်နေသည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

'အား. . . မလုပ်နဲ့ မလုပ်နဲ့'

'ဟော့ကောင် ထင်လင်း. . . မင်းလက်က သေနတ်ကြီးကို ချလိုက်. . .'

တစ်ယောက်တစ်ပေါက် ဝိုင်းအော်လိုက်ကြသော အသံကြောင့် ထင်လင်းက သူ့နှုတ်ခမ်းကို တင်းတင်းစေ့ထားရာမှ ပြုံးဖြီးဖြီးနှင့် ပြန်ပြောလိုက်သည်။

'ဟင်. . . ဘာလဲဟ၊ ဒါ ငါတို့ ဆုနဒီကို ပြန်ပေးဆွဲနေတာလေ။ ဘာကြောင်နေကြတာလဲ မင်းတို့က၊ သဏ္ဌာန်လုပ်တယ်ဆိုတာ သရုပ်ပါမှ ကောင်းတာ'

ပြောပြောဆိုဆို ဆုနဒီ၏ နဖူးတွင် တေ့ထားသော သေနတ်ကို ထင်လင်းလက်က ပြန်ရုပ်လိုက်သည်။ ထိုအခါမှ ကျန်သူများအားလုံး ဟင်းခနဲ သက်ပြင်းချသူကချ၊ ရင်ဘတ်ကို လက်နှင့် ဖိသူကဖိ ဖြစ်ကုန်





ကြသည်။ ဆုနဒီ ကိုယ်တိုင်လည်း ယခုမှ ပုံမှန် အသက်ပြန်ရှူလိုက်ရသူလို သူမလက်နှစ်ဖက်ကို ရင်ဘတ်ပေါ် ဖိထားရင်း. . .

'ငါ့ကို နင်တို့ ဘာဖြစ်လို့ ပြန်ပေးဆွဲကြတာလဲ. . . နင်တို့ဘာတွေလုပ်နေကြတာလဲ'

အားလုံးက ဆုနဒီ၏ ထိတ်လန့်တကြား မေးခွန်းများကို မဖြေသေးဘဲ ထင်လင်းလက်တွင် ကိုင်ထားသည့် သေနတ်ကိုသာ အာရုံစိုက်ကြည့်နေကြသည်။

ရှုပါကျော်က သူမပါးစပ်ကို သူမလက်နှစ်ဖက်ဖြင့် ပိတ်ကာထားရာမှ ထင်လင်း အနားသို့တိုးသွားကာ သေနတ်ကိုင်ထားသည့်လက်ကို ဆွဲမြှောက်ယူကြည့်ကာ မေးလိုက်၏။

'ဟင်... နင် နင် ဘယ်ကသေနတ်ကြီးယူလာတာလဲ ထင်လင်း၊ ပြဿနာတွေ တက်တော့မှာပဲဟာ'

ထင်လင်းက သေနတ်ကို သူ့ခါးကြားသို့ ဟန်ပါပါ ပြန်ထိုးသွင်းလိုက်ပြီး ထိုသေနတ်မှာ သူ့အဖေ တရားသူကြီးဟောင်းက လိုင်စင်နှင့် ကိုင်ဆောင်သော သေနတ်ဖြစ်ကြောင်း၊ အဲဒါကို ဘယ်သူမှမသိအောင် ခါးကြားတွင် တမင်ဝှက်ယူလာခဲ့ကြောင်း အားလုံးကို ရှင်းပြပြောဆိုလိုက်သည်။

'ကဲ... ဒါဆိုလည်း နေစမ်းပါဦး၊ အခု နင်တို့က ငါ့ကို ဘာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လို့ ပြန်ပေးဆွဲကြမှာလဲ'

ဆုနဒီက အခုအချိန်ထိ နားမလည်နိုင်အောင် ဖြစ်နေသော မျက်လုံးများဖြင့် သူတို့အားလုံးကိုကြည့်ကာ မေးနေပြန်သည်။ ရူပါကျော်နှင့် ဟန်နီဆွေတို့က တလွဲဖြစ်သွားသော သူမတို့၏ အကြံအစည်ကို တဟားဟားရယ်ရင်း ဟန်နီဆွေက...

'ငါတို့အားလုံးက ဒီည နင့်မွေးနေ့မှာ နင် အံ့သြသွားအောင် လုပ်မလို့ဟ၊ အခုတော့ ဟိုနောကောင် ဇာနည်နဲ့ ရူပါတို့ကြောင့် အစီအစဉ်တွေ အကုန်လုံး အလွဲလွဲအချော်ချော်တွေ ဖြစ်ကုန်တာ...'

ရူပါကျော်က စောစောက ဆုနဒီ တရှောက်ရှောက်မွှေနှောက်ဖျော်နေသော ကော်ဖီခွက်ကို ကောက်ယူသောက်လိုက်ကာ...

'ပထမတော့ဟာ နင့်မျက်စိကို အဝတ်နဲ့စည်းပြီး ပင်လယ်ဝကနတ်သမီးကျွန်းကို ခေါ်သွားမလို့၊ အဲဒီ အစီအစဉ်တွေ အကုန်လုံးကို ငါ မနေ့ကတည်းက အားလုံးဆွဲထားတာ'

'နင်တို့ကလည်းဟာ စောစောကပြောလည်း ငါလိုက်ခဲ့မှာပေါ့၊ အခုတော့ ဘာမှန်းညာမှန်းမသိ၊ ငါဖြင့် လန့်တောင်လန့်တယ် တကယ်ပဲ'

တစ်ချိန်လုံး သူမတို့ လှုပ်ရှားမှုများကို သွေးအေးအေးဖြင့်သာ စိုက်ကြည့်နေသည့် နေသစ်က...

'ကဲ ဒါဆိုလဲ ငါတို့သွားကြမယ်လေ၊ ပင်လယ်ကမ်းစပ်ရောက်





ဖို့တောင် တော်တော်သွားရဦးမှာ'

ရူပါကျော်နှင့် ကျန်သူများအားလုံး နေသစ်စကားကြောင့် သတိပြန်ဝင်လာကြပြီး လှုပ်လှုပ်ရှားရှား ပြန်ဖြစ်သွားကြသည်။

'ဟဲ့ ထင်လင်း နင့်သေနတ်ကြီးက လမ်းမှာ အန္တရာယ်များတယ်၊ ဆုနဒီတို့အိမ်မှာပဲထားခဲ့ဟာ'

ရူပါကျော်က ထင်လင်း ခါးကြားမှသေနတ်ကိုကြည့်ကာ စိုးရိမ်မကင်းသော အမူအရာဖြင့် လှမ်းပြောလိုက်သည်။

'အေး... ဟုတ်တယ် ထင်လင်း၊ ငါတို့အခုသွားမယ့်နေရာကို မင်းသေနတ်ကြီး ယူမလာရင်ကောင်းမယ်'

ရူပါကျော်၏ စကားကို ဇာနည်ကပါဝင်ပြီး ထောက်ခံသလို ဝင်ပြောလိုက်၏။ ထင်လင်းက သူတို့၏ စကားများကို ခေါင်းတခါခါနှင့်...

'မထားခဲ့ပါဘူး၊ ငါ ဒီသေနတ်ကို ဘာကြောင့် ယူလာတယ်ဆိုတာ မင်းတို့အားလုံးကို နတ်သမီးကျွန်းပေါ်ရောက်ရင် ရှင်းပြမယ်'

ထင်လင်း၏ တဇွတ်ထိုးတဇောက်ကန်း အပြုအမူများကြောင့် အားလုံးက ရင်တမမနှင့် ရူပါကျော့် ကားလေးရပ်ထားရာ မှောင်ရိပ်ဆီသို့ ထွက်ခွာလာကြသည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

ဆုနဒီက ရှုပါကျော့်ဘေး ကားရှေ့ခန်းတွင် လိုက်ပါလာရင်း သူမ ရင်တထိတ်ထိတ်ဖြစ်သွားရသည့် အကြောင်းများကိုသာ တစ်လမ်းလုံး ကတွတ်တွတ်ပြောရင်း လိုက်ပါလာသည်။ ဟန်နီဆွေကတော့ သူမ ချစ်သူ ဇာနည်ရှိရာ ကားနောက်ခန်းတွင် ထင်လင်းတို့ နေသစ်တို့နှင့်အတူ နေကြာစေ့များကို တဖျောက်ဖျောက်စားရင်း ရယ်လိုက်မောလိုက်ဖြင့် လိုက်ပါလာ၏။

တစ်ချက်တစ်ချက် ဘေးပြူတင်းပေါက်မှန်မှ တိုးဝင်နေသော လေထဲတွင် ပင်လယ်ပြင်မှ ဆားငံရေနံ့တို့ကို ရနေ၏။ မကြာမီ သူမ တို့ကားလေးမှာ ပင်လယ်ကမ်းစပ်ဆီသို့ ရောက်တော့မည်ဖြစ်သည်။

'ဟဲ့... ရှုပါကျော်၊ နင် စီစဉ်ထားတယ်ဆိုတဲ့ မော်တော်ဘုတ်က ဒီအချိန်အထိ ငါတို့ကို စောင့်နေပါအုံးမလားဟ၊ အခုတောင် တော်တော် လေးညဥ့်နက်နေပြီ'





ဟန်နီဆွေက သူမပခုံးကို သိုင်းဖက်ထားသော ဇာနည့်လက်ကို မဖယ်လိုက်ပြီး ရှုပါကျော် ကျောမှီထားရာ ထိုင်ခုံနောက်နားသို့ကပ်ပြီး ပြောလိုက်၏။

'နင်ကလဲ စောင့်ကြည့်စမ်းပါအုံး ငါစီစဉ်တဲ့ကိစ္စက ဘယ်နှစ်ခါ လွဲဖူးလို့လဲ...'

ရှုပါကျော် စကားကြောင့် ဟန်နီဆွေက မျက်စောင်းလှမ်းထိုး လိုက်ရင်း...

'ဟုတ်တယ်... ဟုတ်တယ်၊ ဒါကြောင့်မို့လို့ ဆုနဒီတို့ အိမ်နောက် ဖေးမှာ နင် ရေဇလားကြီးကို ဝင်တိုက်လိုက်လို့ ငါတို့အကုန်လုံး အစီ အစဉ်တွေ အလွဲလွဲအချော်ချော်တွေ ဖြစ်ကုန်တာ ဟား... ဟား... ဟား'

သူမတို့ကားလေး တရိပ်ရိပ်ဖြတ်သန်းလာရာ လမ်းဘေးဝဲယာ တစ်လျှောက်လုံးတွင် အုန်းပင်တန်းများက အစီအရီရှိနေပြီး ပင်လယ်ပြင် မှ တသောသောတိုက်နေသော လေတို့ကြောင့် အုန်းလက်များက တရှဲရှဲ မြည်ကာ လှုပ်ရမ်းနေ၏။

ထိုအုန်းပင်တန်းများကို လွန်သွားပြီး ရှုပါကျော်က ကားကို ညာဖက်လမ်းခွဲလေးအတိုင်း ကွေ့မောင်းဝင်လိုက်သည်။ ထိုလမ်းကလေး မှာ ကတ္တရာခင်းထားသောလမ်း မဟုတ်ဘဲ သဲမှုန့်ထူထူဖြစ်နေသဖြင့် ရှုပါကျော် ကားလေးမှာ ဘယ်လူးညာလိမ့်ဖြင့် အတင်းရုန်းနေရသလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။

ထိုသဲမွှမွှ လမ်းကလေးဆုံးသောအခါ သူတို့အားလုံး ပင်လယ်ကမ်းစပ်ကြီးကို ဘွားခနဲလှမ်းမြင်လိုက်ရသည်။

'ဟေး…'

ညအမှောင်ထဲတွင် ကားမီးရောင်ကြောင့် တဖျတ်ဖျတ်လှုပ်ခတ်နေသော ပင်လယ်ရေလှိုင်းများကို လှမ်းမြင်လိုက်ပြီး သူမတို့အားလုံး ဝမ်းသာအားရ ဝိုင်းအော်လိုက်ကြသည်။

ရှုပါကျော်က သူမကားလေးကို ခပ်လှမ်းလှမ်းမှ မော်တော်ဘုတ်ရှိရာသို့ မောင်းသွားလိုက်၏။ မော်တော်ဘုတ် အဖြူရောင်ကလေးက ညအမှောင်တွင် အထင်းသား လှမ်းမြင်နေရပြီး ပင်လယ်ရေလှိုင်းများ ပုတ်ခတ်လိုက်တိုင်း နိမ့်ချည်မြင့်ချည် ယိမ်းလှုပ်နေ၏။

ရှုပါကျော်တို့ တစ်ဖွဲ့လုံး မော်တော်ဘုတ်ပေါ်သို့ သူ့ထက်ငါ အလုအယက် တက်လိုက်ကြသည်။ သူမတို့သွားမည့် နတ်သမီးကျွန်းမှာ နှစ်မိုင်သာသာလောက် ဆက်ပြီးသွားရအုံးမည် ဖြစ်၏။ မော်တော်ဘုတ်၏စက်သံကြောင့် တိတ်ဆိတ်နေသော ပင်လယ်ကမ်းခြေတစ်ခုလုံးမှာ ချက်ချင်းအသက်ဝင်လာ၏။

ပင်လယ်ပြင်အတွင်း ခပ်ဝေးဝေးတစ်နေရာမှ ဖြိုးခနဲ ဖျတ်ခနဲ လျှပ်စီးလက်လိုက်တိုင်း ကောင်းကင်မှ မိုးသားတိမ်တိုက်တို့ကို လှမ်း





မြင်နေရသည်။ တရိပ်ရိပ်မောင်းနှင်နေသော မော်တော်ဘုတ်ကလေးမှာ ကြီးမားသော လှိုင်းလုံးများအပေါ် ရှပ်တိုက်ပြေးနေရာ သူမတို့တစ်ဖွဲ့လုံး အသဲတယားယားနှင့် ရင်တမမဖြစ်နေကာ စကားပင် တစ်ခွန်းတလေ မပြောမိကြ၊ ကျွန်းဆီသို့ မြန်မြန်ရောက်ဖို့သာ ကြိတ်ပြီးဆုတောင်းနေကြသည်။

●

ကြီးမားသော ကျောက်ဆောင်ကျောက်တန်းကြီးများကို တစ်ချက်တစ်ချက် အရှိန်ဖြင့် ရိုက်ခတ်လိုက်သော ပင်လယ်ရေလှိုင်းကြီးများ၏ အသံက တဝုန်းဝုန်းဖြင့် ကြောက်စရာကောင်းလောက်အောင် ကြားနေရသည်။ သူမတို့ မော်တော်ဘုတ် ဦးတည်နေသည့် ရှေ့တည့်တည့်တွင် နတ်သမီးကျွန်းကို မှုန်ရီမှုန်ဝါး လှမ်းတွေ့နေရပြီဖြစ်၏။

ထိုကျွန်းနားသို့ မရောက်မီမှာပင် မော်တော်ဘုတ်ကို စက်ရှိန်သတ်လိုက်သည်။ တဖြည်းဖြည်း ကျွန်းနှင့် နီးလာသည်နှင့် စောစောက လှမ်းမြင်နေရသည့် ကျောက်ဆောင်မဲမဲကြီးများကို ထင်ထင်ရှားရှား မြင်လာရသည်။ သူမတို့တစ်ဖွဲ့လုံးမှာလည်း ယခုမှပင် အသက်ကို ဝဝရှူလိုက်မိကြသည်။

မော်တော်ဘုတ်က ကမ်းကိုကပ်ကပ်ချင်း ရှုပါကျော်က…



www.burmeseclassic.com

www.burmeseclassic.com



'ဖြေးဖြေးဆင်းကြနော်၊ ဒီကျောက်ဆောင်တွေပေါ်မှာ ခရုတွေ ရှိတယ်။ ခြေထောက်ကို ရှလိုက်ရင် မသက်သာဘူး'

နတ်သမီးကျွန်းမှာ သူတို့မြို့မှလူတွေ ပျော်ပွဲစားထွက်လျှင် အမြဲ လာလေ့ရှိသည့် နေရာလေးတစ်ခုဖြစ်ပြီး ထိုကျွန်းပေါ်သို့ လာသည့်လူ များ တည်းခိုနိုင်ရန်အတွက် ဘန်ဂလိုများလည်း ရှိသည်။ ရှုပါကျော်က ယခုအစီအစဉ်ကြီး တစ်ခုလုံးကို အကွက်ကျကျ စီစဉ်ရသူဖြစ်ပြီး မနေ့ က နေ့လည်ကတည်းက ဒီကျွန်းပေါ်က ဘန်ဂလိုတစ်ခုကို ငှားထားပြီး ဖြစ်သည်။

ကျွန်းပေါ်သို့ သူတို့အဖွဲ့ စတက်တက်ချင်း ဇာနည်က...

'ဟေ့ကောင် ထင်လင်း၊ မင်း သေနတ်ကို ဘာကြောင့်ယူလာ တယ်ဆိုတာ ပြောတော့လေကွာ၊ အခု ကျွန်းပေါ်ရောက်ပြီ'

ဇာနည်က တစ်လမ်းလုံး အောင့်အီးထားရသည့် မေးခွန်းကို အရင်စလို လှမ်းမေးလိုက်၏။ ထင်လင်းက ကျောက်ဆောင်တစ်ခုပေါ် မှ ဖြည်းဖြည်းထိန်းဆင်းကာ...

'အခု ငါတို့မြို့မှာ လူသတ်မှုနဲ့ ရဲဘက်ပြေးတစ်ယောက် လွတ် နေတယ်ကွ၊ အဲ့ဒီသတင်းကို ကြားထားလို့။ နောက်ပြီး တို့တွေအုပ်စု ထဲမှာ မိန်းကလေးတွေလဲ ပါတယ်ဆိုတော့ မတော်တဆ အဲဒီကောင်နဲ့ တွေ့ရင် ဒုက္ခရောက်မှာ။ အဲ့ဒါကြောင့် ဒီသေနတ်ကို ငါ့အဖေမသိအောင်





လိုလိုမယ်မယ်ယူလာတာ'

ထင်လင်း စကားကြောင့် ကျန်သူတွေအကုန်လုံးက တစ်ယောက် တစ်ပေါက် ဝိုင်းပြောကြ၏။

'ဟာ... မင်းကလဲ အဲဒါများ ဘာဖြစ်လို့ စောစောက မပြောတာ လဲ'

'ငါ... ပြောလိုက်ရင် သူတို့မိန်းကလေးတွေ ကြောက်ပြီး ဒီကို မလာရဲဖြစ်ကုန်မှာပေါ့၊ နောက်ပြီး သူတို့ကြောက်နေတာနဲ့ ဆုနဒီရဲ့ ပျော်စရာကောင်းတဲ့မွေးနေ့ ပျက်သွားမှာစိုးလို့'

ဇာနည့်ဘေးမှ ဟန်နီဆွေက ထင်လင်းစကားကို ဝင်ပြောလိုက် ၏။

'အောင်မာ... ငါတို့မိန်းကလေးတွေက ဘာလို့ကြောက်ရမှာလဲ၊ နင့်ရဲ့ ရဲဘက်ပြေးက ပင်လယ်ကိုကူးပြီး ဒီကျွန်းပေါ်တော့ မလာနိုင်ပါ ဘူး'

'အေး... ဟုတ်တယ်၊ ငါတို့လဲ မကြောက်ဘူး၊ ဘာဖြစ်လို့ ကြောက်ရမှာလဲ'

ရှေ့မှ ခပ်သုတ်သုတ်လျှောက်နေသော ရှုပါကျော်နှင့် ဆုနဒီတို့ ကပါ ထင်လင်းကို ဝိုင်းပြောနေကြပြန်သည်။

'အေးလေ... ပြီးတာပဲ၊ နင်တို့တွေ တကယ်ဒုက္ခရောက်မှ ငါ့နား



www.burmeseclassic.com

www.burmeseclassic.com



ကို ပြေးမကပ်ကြနဲ့’

ရူပါကျော်တို့ တစ်ဖွဲ့လုံးမှာ တစ်ယောက်နှင့် တစ်ယောက် အော်ဟစ်ပြောရင်း ကျွန်းပေါ်မှ ဘန်ဂလိုရှိရာသို့ လျှောက်လာနေကြသည်။ ထိုကျွန်းပေါ်မှ မြင့်မားသော အုန်းပင်ကွေးကွေးကောက်ကောက်တို့က လေတိုက်တိုင်း တရှဲရှဲမြည်နေကာ လှိုင်းပုတ်သံနှင့်အပြိုင် ဆူဆူညံညံ ကြားနေရ၏။

‘ဟဲ့... ရူပါ နှင် မိုးသက်အောင်ကိုတော့ ဘာဖြစ်လို့ မွေးနေ့မဖိတ်တာလဲ’

ဆုနဒီက သူမ၏မွေးနေ့ပွဲကို စီစဉ်သူ ရူပါကျော်ကို လှမ်းမေးလိုက်၏။ သူမမေးလိုက်သော မေးခွန်းကြောင့်လဲ ရူပါကျော့် မျက်နှာမှာ ကွက်ခနဲဖြစ်သွား၏။

သူမက ဒီမွေးနေ့ပွဲ အစီအစဉ်အကြောင်းကို မိုးသက်အောင်မသိအောင် တမင်တကာပင် ဖုံးကွယ်ထိန်ချန်ထားခဲ့ခြင်း ဖြစ်၏။

တကယ်ဆိုလျှင် အဲသည်လိုလုပ်ဖို့တော့ မသင့်ဘူးထင်တယ်ဟု ရူပါကျော်၏ လိပ်ပြာမလုံသောစိတ်က တိုးတိတ်စွာပြောနေ၏။

မိုးသက်အောင်က သူမ၏ လက်ရှိရည်းစားပင် မဟုတ်ပါလား။

ဒီအကြောင်းတွေကို ပြန်တွေးကြည့်လျှင်တော့ စိတ်ညစ်ညူးစရာချည်းပင်၊ ရူပါကျော်က နေသစ်နှင့် တတွဲတွဲမနေဖြစ်တော့သည့် နောက်





ပိုင်းတွင် ချစ်ရေးဆိုလာသော မိုးသက်အောင်၏ မေတ္တာကို လက်ခံလိုက်မိသည်။

ဒါကလည်း မိုးသက်အောင်၏ ရုပ်ရည်၊ အပြောအဆိုနှင့် ယုယမှုတို့အပေါ်တွင် တဒင်္ဂ သာယာလိုက်မိသော ရူပါကျော်၏ အမှားပင်။

တကယ်ဆိုလျှင် မိုးသက်အောင်၏ အကျင့်စရိုက်က သူမအတွက် ဘယ်လိုမှ လက်ခံနိုင်စရာမရှိချေ။ မိုးသက်အောင်က စိတ်မထင်လျှင် မထင်သလို တဇွတ်ထိုးလုပ်တတ်သော တေတေပေပေ လူရမ်းကားတစ်ယောက်သာဖြစ်၏။ စာမေးပွဲကျမှာကိုလည်း ဂရုမစိုက်ဘဲ ထင်ရာစိုင်းကာ အားလုံးကို ကလန်ကဆန်လုပ်တတ်သော မိုးသက်အောင်၏ စိတ်ဓာတ်ကို ကြာလာလေလေ သိလာလေလေနှင့်အမျှ ရူပါကျော်က သူ့ကို အဆက်ဖြတ်ဖို့ တမင်ခပ်ရှောင်ရှောင် နေလာသည်မှာ ကြာခဲ့ပြီ။

ဒါကို သိသိချည်းနှင့် ဆုနဒီက တမင်စနောက်ပြီး ရူပါကျော်ကို လှမ်းမေးနေခြင်းဖြစ်၏။ ထို့ကြောင့်ပင် ရူပါကျော်က ပိုပြီးစိတ်တိုသွားမိသည်။

ပိုဆိုးသည်က ဒီမြို့သို့ ဆုနဒီ ရောက်လာကာစတုန်းက မိုးသက်အောင်နှင့် ဆုနဒီတို့ ဘာလိုလို ဖြစ်လိုက်ကြသေးသည်။

‘တကယ်ဆို နှင်တို့နှစ်ယောက်ကမှ ပိုပြီးလိုက်ဖက်သေးသည်’

ဟု ရူပါကျော်က နာကျင်စွာတွေးလိုက်မိ၏။ ဟုတ်သည်၊ ဆုနဒီကလည်း



www.burmeseclassic.com

www.burmeseclassic.com



မိုးသက်အောင်လိုပင် အရာရာကို ပေါ့တီးပေါ့ပျက် သဘောထားသူ ဖြစ်၏။ အချစ်ကိုလည်း အလေးအနက်မထား။

ဆုနန္ဒီ၏ အကျင့်က ယောက်ျားလေးများက သူမကို စွဲလန်းနှစ်သက်နေသည်ဆိုသည့် အချက်ပေါ်မှာ ဂုဏ်ယူဝံ့ကြွားချင်လိုခြင်းသာ ဖြစ်သည်။ ရှုပါကျော်က လေသံပြတ်ပြတ်ဖြင့်-

'ငါ... မိုးသက်အောင်ကို တမင်မတွေ့ချင်လို့ သွားမဖိတ်တာ'

'အေးလေ... ငါ့မွေးနေ့ကို သူသိနေတာပဲ မဖိတ်ဘဲနေလဲ သူသိနေမှာ'

ဆုနန္ဒီက ရှုပါကျော့်ဘေးတွင် ယှဉ်ပြီးလျှောက်လာရင်း ပြန်ပြောလိုက်၏။ ရှုပါကျော်က မိုးသက်အောင်နှင့် ပတ်သက်သည့် စကားများကို ဆုနန္ဒီ ဆက်ပြီးလေကြောရှည်နေမည် စိုးသဖြင့် စကားလမ်းကြောင်းကို မြန်မြန်ဖြတ်လိုက်၏။

'ငါကတော့ သူ့ကိုမဖိတ်ဘူး၊ တကယ်လို့ သူလာရင်တောင် နင့်ဧည့်သည်ပဲ၊ နင့်ဖာသာနင် တာဝန်ယူပြီးရှင်းလိုက်'

ရှုပါကျော်က ဆုနန္ဒီကို ပြောပြီး ဘန်ဂလိုရှိရာဆီသို့ ခပ်သုတ်သုတ်ခြေလှမ်းများဖြင့် ဆက်လျှောက်လာကာ သူ့ဘောင်းဘီအိတ်ထဲမှ ဘန်ဂလိုသော့ကို နှိုက်ရှာနေ၏။

စောစောက ကောင်းကင်တွင် တဖျတ်ဖျတ်လင်းလက်နေသော





လျှပ်စီးများက သူမတို့ ကျွန်းပေါ်ရောက်ပြီးကာမှ တဝုန်းဝုန်းတဒိုင်းဒိုင်းဖြင့် မိုးခြိမ်းသံများကိုပါ ကြားလာရသည်။ ပင်လယ်ပြင်ဆီမှ တိုက်ခတ်လာသော လေပြင်းများကြောင့် ကျွန်းပေါ်ရှိ အုန်းပင်ကြီးများမှာ ဘန်ဂလို အမိုးများအပေါ် ကိုင်းညွတ်ကျနေ၏။ ဘန်ဂလို အနီးပတ်ဝန်းကျင်တွင်လည်း တစီစီတညံ့ညံ့ အော်မြည်နေကြသော ပုစဉ်းရင်ကွဲသံများနှင့် ပရစ်သံများက ညကို ပိုပြီးစိတ်လှုပ်ရှားစေ၏။

ရှုပါကျော်က ဘန်ဂလိုလှေကားထစ်တစ်ခုပေါ်သို့ လှမ်းတက်မည်အပြုတွင် ဘန်ဂလိုဘေး ခပ်လှမ်းလှမ်းမှ ခြုံဖုတ်တစ်ခုအနားတွင် လူရိပ်သဏ္ဌာန်တစ်ခုကို ရိပ်ခနဲ လှမ်းမြင်လိုက်ရသည်။ ထိုလူရိပ်က ရှုပါကျော် လှမ်းကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် အမှောင်ရိပ်အတွင်းသို့ တိုးဝင် ပျောက်ကွယ်သွားသည်။

မည်သူမည်ဝါမှန်း သဲသဲကွဲကွဲ မမြင်လိုက်ရသည့်တိုင် ရှုပါကျော်ကတော့ ခြုံပုတ်၏နောက်ကွယ်မှ လူရိပ်သဏ္ဌာန်သည် သူမတို့ သူငယ်ချင်းအုပ်စုထဲက မဟုတ်သည်က ထင်ရှားနေ၏။

'ဒါ... ဒါ... ထင်လင်း ပြောတဲ့ ဝရမ်းပြေး လူသတ်သမားဆိုတာများလား၊ ငါတို့ ဒီနေရာကို ရွေးချယ်မိတာဟာ ငါတို့ကြမ္မာ ငါတို့ ဖန်တီးသလိုများ ဖြစ်နေပြီလား မသိဘူး'

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

ရူပါကျော် လှမ်းမြင်လိုက်ရသော မြင်ကွင်းကြောင့် သူမခြေလှမ်းများ တုံ့ခနဲဖြစ်သွား၏။ သူမ၏ အမူအရာကြောင့် နောက်တွင်ရပ်နေကြသော ကျန်လူများအားလုံးက သူမကို တအံ့တသြ ဝိုင်းမေးလိုက်ကြသည်။

'ဟဲ့… ရူပါ ဘာ… ဘာဖြစ်သွားတာလဲ'

'ဟင့်အင်း… ဘာမှမဖြစ်ဘူး… ဘာမှမဖြစ်ဘူး'

ရူပါကျော်က သူမမြင်လိုက်ရသော မြင်ကွင်းကို ဘာမှမဟုတ်လိုက်သလို ပျာပျာသလဲ ပြန်ဖြေလိုက်၏။

သူမကို စိုးရိမ်တကြီး ဝိုင်းမေးလိုက်ကြသည့် သူတွေထဲတွင် မပါဝင်သူတစ်ယောက်ကို သတိထားလိုက်မိ၏။ ထိုသူမှာ နေသစ် ပင်ဖြစ်သည်။ နေသစ်က သူမတို့ ဖြစ်ပျက်နေကြသည့် အခြေအနေများကို ခပ်လှမ်းလှမ်းမှနေ၍ အေးစက်စက်မျက်လုံးများဖြင့် စိုက်ကြည့်နေ၏။





'နေသစ် မျက်လုံးတွေကဘာလဲ၊ သူကကော တစ်ခြားသူတွေလို ဘာဖြစ်လို့ ငါ့ကို စိတ်မပူတာလဲ၊ ကြည့်စမ်းပါအုံး နေနိုင်လွန်းလိုက်တာ၊ နောက်ပြီး သူကြည့်နေတဲ့ မျက်လုံးတွေက ငါ့ကို တစ်ခုခုလုပ်ဖို့ ခြိမ်းခြောက်နေသလိုပဲ'

ရူပါကျော်က နေသစ်မျက်နှာပေါ်မှ အကြည့်ကို ချက်ချင်းလွှဲဖယ်လိုက်ကာ ဘန်ဂလိုသော့ကို လှည့်ဖွင့်လိုက်၏။ ဘန်ဂလိုတံခါးပွင့်သွားသွားချင်း ရူပါကျော့်နောက်မှ သူမ သူငယ်ချင်းများအားလုံးက ပျော်ရွှင်စွာ အော်ဟစ်ရင်း အတွင်းသို့ ပြေးဝင်သွားကြသည်။ ထိုအသံများ၏နောက်တွင်…

'နင်တို့ချည်းပဲ ပျော်ကြမလို့လား ငါ့ကို မစောင့်ကြတော့ဘူးလား'

ရုတ်တရက် သူမနောက်ကျောဆီမှ ကြားလိုက်ရသောအသံကြောင့် သူမတကိုယ်လုံး သိမ့်ခနဲတုန်လှုပ်သွားမိ၏။ ထိုအသံက ခြုံပုတ်အကွယ်ဆီမှ အသံဖြစ်နေသည်။

ရူပါကျော်က မှောင်နေသော ခြုံပုတ်ရှိရာနေရာသို့ မျက်မှောင်ကြုံ့ပြီးကြည့်လိုက်၏။ ထိုအမှောင်ထဲတွင်တော့ မိုးသက်အောင်မျက်နှာကို တအံ့တသြ တွေ့လိုက်ရသည်။ မိုးသက်အောင်က ကျောပိုးအိတ်တစ်လုံးကိုလွယ်ကာ သူမကို တွေတွေကြီး စိုက်ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟယ်… မိုးသက်အောင် နင်လိုက်လာတယ်'

ရူပါကျော် နောက်ကျောဘက်တံခါးဝတွင် ရပ်နေသော ဆုနဒီက မိုးသက်အောင်ကို တွေ့သွားပြီး လှမ်းအော် နှုတ်ဆက်လိုက်သည်။ သူမ၏ အမူအရာမှာလည်း မိုးသက်အောင်ကို ဒီကျွန်းပေါ်မှာ တအံ့တသြ တွေ့လိုက်ရသည်ထက် ယောကျ်ားလေးတစ်ယောက်နှင့် ပတ်သက်လာလျှင် အမြဲတမ်း ဣန္ဒြေမရဖြစ်တတ်လွန်းသည့်ပုံက သိသာနေသည်။ ရူပါကျော်က မိုးသက်အောင်၏ မျက်နှာကိုကြည့်ကာ သူ့မစိတ်ထဲတွင် တင်းခနဲဖြစ်သွား၏။

'သူ ဒီကို ငါတို့နောက်ကနေ ခိုးကြောင်ခိုးဝှက်နဲ့ လိုက်လာရအောင် သူ့မှာ ဘာအကြံတွေ ရှိနေလို့လဲ'

'နင်တို့မသေမချင်း မြဲမြဲမှတ်ထား၊ မိုးသက်အောင်ဆိုတဲ့ ကောင်ကို ဘယ်တော့မှ လှည့်ဖို့ပတ်ဖို့ မကြိုးစားနဲ့။ နင်တို့ ငါမသိအောင် ငါ့ကို တမင်ချန်ထားခဲ့ပေမယ့် ဒီနေ့၊ ဒီရက်၊ ဒီလိုညမျိုး နင့်မွေးနေ့မှာ ဘယ်ကိုသွားမယ် ဘာလုပ်ကြမယ်ဆိုတာ ငါသိနေတယ်၊ နောက်ပြီးမနေ့ကတည်းက ရူပါကျော် ဘန်ဂလိုလာငှားထားတာလဲ ငါသိတယ်၊ ဒါကြောင့်မို့လို့ ဒီကျွန်းပေါ်ကို အစောကြီးထဲက ငါလာပြီးကြိုစောင့်နေတာ'

မိုးသက်အောင်က ရူပါကျော့်ဘေးမှ ဆုနဒီကိုကြည့်ပြီး လှမ်းပြောလိုက်သည်။ တကယ်တော့ သူ ယခု ပြောလိုက်သောစကားများကို





သိစေချင်သူက ရူပါကျော်ပင်။

ဆုနဒီက မိုးသက်အောင် ပြောနေသော သူ့ရဲ့ ပါးနပ် အကွက်မြင်တတ်သည့်ကိစ္စများကို ရူပါကျော့် မျက်နှာကိုကြည့်လိုက် မိုးသက်အောင်မျက်နှာကို ကြည့်လိုက်ဖြင့် ပါးစပ်အဟောင်းသားဖြင့် နားထောင်နေသည်။

မိုးသက်အောင်က ရူပါကျော်မျက်နှာကို တစ်ချက်လှမ်းကြည့်ပြီး ခပ်ရင့်ရင့်လေသံဖြင့် ထပ်ပြောလိုက်၏။

'ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ ဒီလောက် ပျော်စရာကောင်းတဲ့ မွေးနေ့ပွဲတစ်ခုလုံးကို ကိုယ့်ချစ်သူတစ်ယောက်လုံး စီစဉ်တဲ့ပွဲဖြစ်ရဲ့သားနဲ့ ငါ့ကို အသိပေးဖော်မရတာတော့ ငါ ဘယ်လိုမှ စဉ်းစားလို့မရဘူး'

ရူပါကျော်က မိုးသက်အောင်၏ ခပ်ထေ့ထေ့ ခပ်ငေါ့ငေါ့လေသံကိုမကြိုက်၊ ဖြစ်နိုင်လျှင် ယခုအချိန်တွင် မိုးသက်အောင်ကို သူမစကားမပြောဘဲ တတ်နိုင်သလောက် ခပ်ရှောင်ရှောင် ခပ်ခွာခွာ နေသင့်နေပြီဖြစ်သည်။ သူ့စကားများကိုလဲ မကြားချင်ယောင်ဆောင်နေတော့ယုံသာရှိ၏။

တကယ်တော့ မိုးသက်အောင်၏ ပုံစံက မိန်းမသားတွေ စွဲမက်ချင်စရာကောင်းအောင် အရပ်အမောင်းနှင့် တောင့်တင်းသောခန္ဓာကိုယ်ရှိပြီး မျက်နှာလေးထောင့်စပ်စပ်မျိုး ဖြစ်၏။ အထူးသဖြင့် အခုလို သူ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထားသည့် အဖြူရောင်တီရှပ်အောက်တွင် သူ၏ ရင်အုပ်နှင့် ဝမ်းဗိုက်မှ ကြွက်သားများက အမြှောင်းမြှောင်းထကာ ကြည့်ကောင်းလွန်းလှသည်။ ဘာပဲပြောပြော ဒီမြို့က မိန်းကလေး တော်တော်များများကတော့ မိုးသက်အောင်ကို စိတ်ဝင်စားကြသည်မှာ အမှန်ဖြစ်သည်။ ထိုမိန်းကလေးများထဲတွင်တောင် ရူပါကျော် ကိုယ်တိုင် တစ်ချိန်က သူ့ကို စိတ်ဝင်စားခဲ့မိသည်။

'အင်း... မိုးသက်အောင်ဆိုတဲ့ ကောင်က အပြင်ပိုင်းက ကြည့်ရင်တော့ တော်တော်လေး စွဲမက်ချင်စရာကောင်းပါတယ်၊ ဒါပေမယ့် သူရဲ့ ဆိုးဆိုးမိုက်မိုက် စရိုက်ကတော့ ငါ့ရဲ့ အိမ်ထောင်ဘက်ဖြစ်လာဖို့ ရေရှည်မှာ မဖြစ်သင့်တဲ့ လူတစ်ယောက်ပဲ၊ ခုပဲကြည့် ဆုနဒီကိုယ်တိုင် သူ့ကိုမြင်လိုက်တာနဲ့ မနေနိုင်မထိုင်နိုင် စကားတွေ လှယက်ပြောနေလိုက်တာ။ အေးလေ ဆုနဒီက ငါ့လို အရှည်တွေးတဲ့ မိန်းမမှ မဟုတ်ဘဲ၊ သူက အမြဲတမ်း ခပ်ပေါ့ပေါ့နဲ့ ပြီးရင်ပြီးသွားရော၊ ဘာကိုမှ အလေးအနက်ထားတဲ့သူမှ မဟုတ်တာ'

'ဟဲ့... မိုးသက်အောင် နင် ငါ့အတွက် မွေးနေ့လက်ဆောင်ကောပါရဲ့လား... ဘယ်မှာလဲ'

ဆုနဒီက မိုးသက်အောင် ရပ်နေရာဆီသို့ တိုးလျှောက်သွားရင်း လှမ်းမေးလိုက်သည်။ မိုးသက်အောင်က သူ့ကျောပိုးအိတ်ကို တစ်ဖက်





သို့ ပြောင်းချိတ်လွယ်လိုက်ရင်း...

'အေးဆေးပေါ့ဟာ... နင့်မွေးနေ့အချိန်ရောက်တော့ သိမှာပေါ့'

ရူပါကျော်က ဆုနဒီနှင့် မိုးသက်အောင်တို့ ပြောဆိုနေကြသည့် စကားများကို ဘယ်လိုမှ ဆက်ပြီး နားထောင်ချင်စိတ် မရှိတော့၊ အခိုက ကတော့ မိုးသက်အောင်ရှိနေသည့် နေရာတွင် သူမ ရှိမနေသင့်မှန်း စိတ်က အလိုလို သိနေသည်။ ထို့ကြောင့် သူမ နောက်သို့လှည့်ကာ ဘန်ဂလိုအတွင်း လှမ်းဝင်လိုက်တော့သည်။

●



www.burmeseclassic.com

www.burmeseclassic.com



ဘန်ဂလိုအတွင်း ရှုပါကျော် လှည့်ပတ်ကြည့်လိုက်၏။ စောစောက သူမ အပြင်ဘက်တွင် ကျန်ခဲ့ချိန်ကတည်းက ဟန်နီဆွေ၊ ဇာနည်နှင့် ထင်လင်းတို့တွေက ဘန်ဂလိုတစ်ခုလုံး ရှိသမျှမီးများ ထိန်ထိန်လင်းအောင် ဖွင့်ပြီး စားပွဲခုံတွေ ဟိုရွှေ့ဒီရွှေ့နှင့် အလုပ်ရှုပ်နေကြသည်။

ဘန်ဂလိုက သူမတို့အုပ်စုနှင့်ဆိုလျှင် သိပ်လဲမကျဉ်း၊ သိပ်လဲမကျယ်လှ။ အောက်ထပ်တွင် ဧည့်ခန်း၊ မီးဖိုခန်း၊ ထမင်းစားခန်းများ ရှိပြီး အတော်အတန် ကျယ်ဝန်းနေ၏။

အပေါ်ထပ်သို့ တက်သွားရာ လှေကားလက်ရန်းလေးမှာ ကြိမ်နှင့်ရက်လုပ်ထားသည့် လှေကားလေး ဖြစ်သဖြင့် ဘန်ဂလိုတစ်ခုလုံး၏ အဆင်အပြင်များနှင့် ပိုပြီးလိုက်ဖက်နေသလို ထင်ရသည်။

ဧည့်ခန်းထဲမှ စားပွဲကုလားထိုင်များအားလုံးမှာလဲ ကြိမ်ဖြင့်သာ ယက်လုပ်ထားသဖြင့် ဘန်ဂလိုအောက်ထပ်တစ်ခုလုံးမှာ မီးရောင်ထဲတွင် တဖိတ်ဖိတ်တောက်နေ၏။





အပေါ်ထပ်တွင် အိပ်ခန်းနှစ်ခန်းရှိပြီး ရေချိုးခန်း အိမ်သာပါ တွဲရက်ဖြစ်သည်။ သည်အပေါ်ထပ်တွင်တော့ သူမတို့မိန်းကလေးများ အတွက် သင့်တော်ပြီး လုံလုံခြုံခြုံလည်းရှိသည်။ အပေါ်ထပ်ကြမ်းခင်း တစ်ခုလုံးမှာ လျှာထိုးများခင်းထားပြီး ပေါလစ်တိုက်ထားသဖြင့် ကျွန်း ကွက်တွေ လက်လက်ထနေသည်။

'ဟဲ့ … ရှုပါ၊ ငါတို့ ဆုနဒီရဲ့ မွေးနေ့ကိတ်ကို ထမင်းစားခန်းထဲ မှာပဲ ပြင်လိုက်ရင် မကောင်းဘူးလား'

ဟန်နီဆွေက ကိတ်မုန့်ဗန်းကြီးကိုကိုင်ကာ ထမင်းစားခန်းဝမှ လှမ်းမေးနေ၏။ ဆုနဒီကတော့ မိုးသက်အောင်နှင့် ဘယ်အချိန် စကား ပြတ်သွားသည်မသိ၊ ဟန်နီဆွေ ဘေးတွင် ဖယောင်းတိုင်များကို လက်က ကိုင်ကာ ရှုပါကျော်၏ ညွှန်ကြားချက်ကို စောင့်နေသည်။

'အေး … ကောင်းသားပဲ ထမင်းစားခန်းကလဲ ကျယ်တော့ အဲဒီ မှာပဲ လုပ်မယ်ဟာ'

ထင်လင်း နှင့် ဇာနည်က သူတို့တွင် အသင့်ပါလာသော ခရီး ဆောင်အိပ်ယာလိပ်များကို ဧည့်ခန်းအတွင်း ခင်းကျင်းရင်း နေရာချနေ ကြသည်။

'အားလုံး ငါပြောမယ်နော်၊ ဒီညအဖို့ မိန်းကလေးတွေအကုန်လုံး အပေါ်ထပ်မှာ နေကြမယ်၊ နင်တို့ယောကျ်ားလေးတွေ အောက်ထပ်က



www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းထဲမှာ အိပ်ကြ'

ရှုပါကျော်က ထမင်းစားခန်းအတွင်းသို့ လှမ်းမဝင်မီ အားလုံးကြားအောင် အော်ပြောလိုက်သည်။ ပြောရင်းနှင့်လည်း ဧည့်ခန်းအတွင်းမှ ကြိမ်ကုလားထိုင်ပေါ်တွင် ထိုင်နေသော မိုးသက်အောင် မျက်နှာကိုလည်း မသိမသာ တစ်ချက်လှမ်းကြည့်လိုက်၏။ မိုးသက်အောင်ကတော့သူမ လှမ်းကြည့်လိုက်သည်ကို ရိပ်မိပုံမပေါ်ဘဲ သူ့ဘေးမှ နေသစ်ကို ဘာတွေပြောနေသည် မသိ။

ရှုပါကျော်က ထမင်းစား စားပွဲဝိုင်းပေါ်တွင် ကိတ်မုန့်ပန်းကန်ကိုတင်ရင်း ဖယောင်းတိုင်များကို အစီအရီစိုက်ထူနေ၏။ ဆုနဒီက အစီအရီ စိုက်ထူပြီးသား ကိတ်မုန့်ပေါ်မှ ဖယောင်းတိုင်များကို တစ်တိုင်ချင်းစီ မီးညှိလိုက်ရင်း...

'ကဲ... အားလုံးအဆင်သင့်ဖြစ်ရင် ငါ့မွေးနေ့ပွဲလေးကို စကြရအောင် ဒီကိုလာကြဟေ့'

ကျန်သူများအားလုံးမှာ ဆုနဒီရှိရာ ထမင်းစားပွဲဆီသို့ ဟေးလားဝါးလား အော်ဟစ်ရင်း ရောက်လာကြသည်။ တဖျတ်ဖျတ်လင်းလက်နေသော ဖယောင်းတိုင်မီးမှ အလင်းရောင်က မွေးနေ့ရှင် ဆုနဒီ၏ မျက်နှာပေါ်တွင် ယိမ်းထိုးကခုန်နေကြသလို ဖြစ်နေ၏။ ဆုနဒီကတော့ ဟောဒီတစ်ညလုံးသည် သူမဘဝ၏ စိတ်လှုပ်ရှားစရာ အကောင်းဆုံးနှင့် အပျော်ရွှင်ဆုံး ညတစ်ညအဖြစ် ပီတိတွေဖြစ်နေမိသည်။

'ဟက်ပီ ဘတ်ဒေး တူးယူ... ဟက်ပီ ဘတ်ဒေး တူးယူ'

သံပြိုင်သီဆိုလိုက်ကြသော ဘက်ပီဘတ်ဒေး သီချင်းနှင့်အတူ လက်ခုပ်သံများ တဖြောင်းဖြောင်းဖြင့် သူမတို့၏ ဘန်ဂလိုလေးအတွင်း ဆုနဒီ၏ မွေးနေ့ကလေးကို ပျော်ပျော်ရွှင်ရွှင် ကျင်းပလိုက်ကြသည်။

လင်ခုပ်သံများ စဲသွားသောအခါ ဆုနဒီက...

'ငါ့ဘဝမှာ ဒီလိုမွေးနေ့မျိုးကို အဆန်းတကျယ် စိတ်ကူးကောင်းကောင်းနဲ့ တစ်ခါမှ ဘယ်သူမှမလုပ်ပေးခဲ့ဘူး၊ ဒါကြောင့် နင်တို့သူငယ်ချင်းတွေ အကုန်လုံးကို ငါကျေးဇူးအရမ်းတင်တယ်... နောက်ပြီး'

ဆုနဒီက ပြောလက်စစကားကို ခဏရပ်ရင်း သူမကို ဝိုင်းပတ်ထားသော သူငယ်ချင်းများ၏ မျက်နှာကို လှည့်ပတ်ကြည့်လိုက်ပြီး ဆက်ပြောလိုက်၏။

'ဟောဒီ ငါ့မွေးနေ့ပွဲလေးကို ငါသေတဲ့အထိ အမြဲတမ်း အမှတ်ရနေမှာပါ'

■






www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

သူမတို့ မိန်းကလေးတွေက စကားတပြောပြောနှင့် ပါလာသော စားသောက်ဖွယ်ရာများကို ချက်သူချက် ပြုတ်သူပြုတ်နှင့် မီးဖိုခန်းအတွင်း တကုတ်ကုတ်လုပ်နေကြသည်။ သူမတို့အထဲတွင် မွေးနေ့ရှင် ဆုနဒီကတော့ ဟင်းချက်အကောင်းဆုံး ဖြစ်သဖြင့် ဟန်နီဆွေနှင့် ရူပါကျော်တို့က သူမကို ကူညီကာသာ ဘေးမှ လုပ်ကိုင်ပေးနေရသည်။

ဘန်ဂလိုဧည့်ခန်းအတွင်း ဇာနည်က ထင်လင်း၊ နေသစ်နှင့် မိုးသက်အောင်တို့ကို ကမ်းခြေတွင် ငါးသွားမျှားကြဖို့ စည်းရုံးပြောဆိုနေ၏။

'မင်းကလဲ ဒီလိုနေရာမျိုးမှာ ငါးမျှားတယ်ဆိုတာ လွယ်တဲ့အလုပ်မှမဟုတ်တာ၊ မှောင်ကြီးမည်းကြီးထဲမှာ မင်းကိုတောင် ငါးက ပြန်မျှားသွားအုံးမယ်'

ထင်လင်းက ဇာနည့်အစီအစဉ်ကို ကန့်ကွက်သလို ရယ်ကာမောကာနှင့် ဝင်ပြောလိုက်၏။ နေသစ်ကတော့ သူ့အကျင့်အတိုင်း ဘယ်သူတွေ ဘာလုပ်လုပ် သူ့အဖို့ တစ်စုံတစ်ခုကို တွေးနေရလျှင်ပင် ကျေနပ်နေသူဖြစ်သည်။ မိုးသက်အောင်က ဇာနည့်အကြံကို ဘာမှဝင်မပြောသော်လည်း ယခုလိုအချိန်မျိုးတွင် သူစိတ်ထင်ရာ လုပ်နေရလျှင်ပင် ကျေနပ်နေသည်။ ထင်လင်းက သူ့ခါးကြားမှာထိုးထားသည့် သေနတ်ပေါ်လက်တစ်ဖက် လှမ်းအုပ်လိုက်ရင်း ပြုံးဖြီးဖြီးအမူအရာဖြင့်...

'ဟဲ... ဟဲ... ငါတော့ ဒီသေနတ်နဲ့ အမဲလိုက်ထွက်မယ်၊ ခုလို ညဘက်ဆိုရင် တောကြောင်တို့ ဘာတို့တော့ ရမှာပဲ'

ပြောပြောဆိုဆို ထင်လင်းက သူ့ခါးကြားမှ သေနတ်ကို ဆွဲထုတ်လိုက်သည်။

'ဟာ... ဟေ့ကောင် မင်းသေနတ်ကြီးကို တကားကားလုပ်မနေစမ်းပါနဲ့ကွာ၊ ပြောလို့ရတာမဟုတ်ဘူး။ ကျည်ဆန်တွေဘာတွေ ထွက်သွားရင် ဒုက္ခ'

'ဟေ့ကောင် ထင်လင်း မင်းသေနတ်ကြီးကို ပြန်ထည့်ထားစမ်းပါကွာ'

တစ်ယောက်တစ်ပေါက် ဝိုင်းအော်လိုက်သောအသံကြောင့် ရူပါကျော်နှင့် ဆုနဒီတို့က မီးဖိုခန်းမှ ပြေးထွက်လာကြပြီး...

'ဟဲ့... နင်တို့ ဘာဖြစ်နေကြတာလဲ၊ ဘယ်ကိုမှ မသွားကြနဲ့၊ ဒီ






www.burmeseclassic.com

www.burmeseclassic.com



မှာ ငါတို့ကိုလည်း မီးဖိုချောင်မှာ နည်းနည်းပါးပါး ဝိုင်းကူစမ်းပါဦး'

နေသစ်နှင့် မိုးသက်အောင်တို့က ဆုနဒီ လှမ်းပြောလိုက်သည်ကို သူတို့နှင့် မဆိုင်သလို လှည့်ထွက်သွားကြ၏။ ထင်လင်းက သူ့သေနတ်ကို ခါးကြားသို့ ပြန်ထိုးထည့်လိုက်ကာ အပေါ်မှ အင်္ကျီနှင့် ဆွဲဖုံးလိုက်၏။ ဆုနဒီက သူတို့အားလုံးကို ပြောပြီးပြီးချင်း မီးဖိုခန်းသို့ ပြန်ဝင်သွားကာ လုပ်စရာရှိသည့်အလုပ်များကို ဆက်လုပ်နေသည်။

ခဏအကြာတွင် ဟန်နီဆွေက ရူပါကျော့်ဘေးနားသို့ ကပ်ကာ လေသံတိုးတိုးဖြင့် ပြောလိုက်၏။

'ဟဲ့… ရူပါ၊ ဟိုကောင်မိုးသက်အောင် ထမင်းစားခန်းထဲမှာ လာထိုင်နေတာ နင့်ကို စကားတစ်ခုခုပြောချင်နေလို့နဲ့ တူတယ်၊ နင် သူ့ကို စကားသွားမပြောတော့ဘူးလား'

'ဟင့်အင်း ဟန်နီ၊ ငါ သူ့ကို စကားပြောချင်စိတ်တွေ မရှိတော့ဘူး၊ နောက်ပြီး သူ့ကို အခုထဲက စိတ်ခိုင်ခိုင်ထားပြီး တဖြည်းဖြည်း အဆက်ဖြတ်ပစ်ရမယ်၊ သူနဲ့ ငါ အခုအချိန်မှာ တစ်ယောက်နဲ့ တစ်ယောက် ခပ်ကင်းကင်းနေတာ အကောင်းဆုံးပဲ ဟန်နီ'

ရူပါကျော်နှင့် ဟန်နီဆွေမှာ မိုးသက်အောင် ရှိနေသည့် ထမင်းစားခန်းရှေ့မှဖြတ်ပြီး ဆုနဒီရှိရာ မီးဖိုခန်းဆီသို့ ဆက်လျှောက်လာ၏။ မီးဖိုခန်းအတွင်း ကြားလိုက်ရသော အသံနှစ်သံကြောင့် ဟန်နီဆွေက





ရူပါကျော်ပခုံးပေါ်မှ လှမ်းကျော်ပြီး ကြည့်လိုက်၏။

'ဟင်…'

ထိုမီးဖိုခန်းအတွင်း ဇာနည်နှင့် ဆုနဒီတို့မှာ တစ်ယောက်နှင့်တစ်ယောက် ပလူးပလဲဖြင့် တွန်းလားထိုးလား နောက်ပြောင်ကျီစယ်နေကြသည်ကို တွေ့လိုက်ရသည်။ သူတို့နှစ်ယောက် ပြောဆိုနေကြသော အကြောင်းများမှာလဲ တစ်ယောက်ကို တစ်ယောက် ဘာလိုလို ရှိသဲ့သဲ့ စကားမျိုးတွေ ဖြစ်နေ၏။

ဟန်နီဆွေ့ မျက်နှာမှာ ချက်ချင်းနီမြန်းသွားပြီး သူတို့နှစ်ယောက်ရှိရာ မီးဖိုခန်းဆီမှ အကြည့်ကို လွှဲဖယ်လိုက်သည်။ သူမအောက်နှုတ်ခမ်းများကိုလည်း အပေါ်သွားနှင့် ဖိကိုက်ထားကာ ရူပါကျော့် တစ်တောင်ဆစ်ကွေးကို ယောင်ပြီး သူမလက်ဖြင့် တအားဖျစ်ညှစ်ထားမိနေ၏။

ရူပါကျော်က မီးဖိုခန်းအတွင်းမှ ဆုနဒီနှင့် ဇာနည်တို့ကြောင့် ဟန်နီဆွေ မျက်စိမျက်နှာပျက်သွားမှန်း ရိပ်မိလိုက်၏။ ရူပါကျော်က ဟန်နီဆွေ၏ လက်ကိုဆွဲကာ…

'လာပါဟယ်… ငါတို့ ဘန်ဂလိုအပြင်ထွက်ပြီး စကားလေးဘာလေးပြောကြမယ်'

ဟန်နီဆွေကတော့ ဒေါသထွက်နေသည့် မျက်နှာထားမှုအရာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရှုပါကျော် ဆွဲခေါ်ရာ ဘန်ဂလိုအပြင်ဘက် ဝရံတာဆီသို့ ထွက်လာလိုက်သည်။

'နင်ကလဲ ဟန်နီရာ မျက်နှာမပျက်စမ်းပါနဲ့၊ နင့်ချစ်သူ ဇာနည်က နင်ထင်သလို သစ္စာမဲ့တဲ့ လူစားမျိုး မဟုတ်ပါဘူး၊ တကယ်ဆိုရင် ဆုနဒီ အကြောင်း နင်လဲသိသားပဲ'

'အေး... သိတယ်... သိတယ်၊ ဒီကောင်မကိုက မနေနိုင် မထိုင်နိုင် ယောကျ်ားလေးမြင်တိုင်း ဖြစ်ဖြစ်နေတာ၊ ငါ အခု ဒေါသဖြစ်တာက ဇာနည့်ကို မဟုတ်ဘူး၊ ဒင်းကို ဒေါသဖြစ်နေတာ၊ ဖြစ်နိုင်ရင် အဲဒီကောင်မကို အသေသတ်ပစ်ချင်တယ်'

ဟန်နီဆွေ့ စကားကြောင့် ရှုပါကျော့် ရင်ထဲတွင် ထိတ်ထိတ်ပျာပျာဖြစ်သွား၏။

'ဟဲ့... ဟန်နီ၊ နင်... နင် ဘယ်လိုပြောလိုက်တာလဲ၊ စိတ်ကို နည်းနည်းလျှော့ထားအုံးမှပေါ့ဟာ၊ နောက်ပြီး အခုမွေးနေ့ပွဲက သူ့မွေးနေ့လေ၊ မဟုတ်တာတွေ မပြောပါနဲ့ဟာ'

'နင်မသိဘူး... ရှုပါ၊ သူ့ကို သတ်ကိုပစ်ချင်တယ်၊ ငါ သူ့ကို သတ်ချင်တယ်'

■





## အခန်း (၇)

ရှုပါကျော်နှင့် ဟန်နီဆွေတို့ ဝရံတာတွင် စကားပြောနေရာဆီသို့ ထင်လင်း တစ်ယောက် ရောက်လာပြီး ဘုမသိ ဘမသိနှင့် ဝင်မေးနေပြန်၏။

'ဟဲ့... ဟန်နီဆွေနဲ့ ရှုပါကျော်၊ နင်တို့နှစ်ယောက် မီးဖိုချောင်မှာ ချက်တဲ့ပြုတ်တဲ့အလုပ် မလုပ်ဘဲ ဒီမှာ ဘာတွေလာလေပန်းနေတာလဲ၊ ဟိုမှာ ဆုနဒီတစ်ယောက်ထဲ လုပ်နေရတယ်'

ဆုနဒီ နာမည်ကြားလိုက်သည်နှင့် ဟန်နီဆွေ မျက်နှာက ချက်ချင်းပြန်ပြီး ဒေါသထွက်လာပြန်၏။ မဆီမဆိုင် သူမတို့နှစ်ယောက်ကို လာပြီး ဟိန်းဟောက်နေသော ထင်လင်းကိုလည်း စိတ်ပေါက်ပေါက်နှင့် ပြန်ပြောလိုက်၏။

'ဟဲ့အကောင် ထင်လင်း... ငါတို့ဘာသာ ဘာပဲလုပ်လုပ် နင့်အပူ မပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူးဟာ၊ ဟိုမှာ ဆုနဒီက လက်ဆောင်ပစ္စည်းတွေ ဖွင့်ကြည့်ကြမယ်ဆိုပြီး နင်တို့ကို ရှာခိုင်းလိုက်လို့ ငါလာပြောတာ၊ နင်တို့ကလဲ စိတ်ကြီးပဲ'

ထင်လင်းက ရူပါကျော်နှင့် ဟန်နီဆွေကို ပြောပြောဆိုဆိုနှင့် ဘန်ဂလိုထဲသို့ ပြန်လှည့်ဝင်သွားသည်။ ခဏအကြာ ရူပါကျော်နှင့် ဟန်နီဆွေတို့လည်း ဘန်ဂလိုအတွင်း လိုက်ဝင်သွားလိုက်သည်။

ဧည့်ခန်းအတွင်းသို့ အရောက်တွင် ဆုနဒီက သူမမွေးနေ့ လက်ဆောင်ပစ္စည်းထုပ်များကို တစ်ခုစီဖွင့်ဖောက်ရန် ဟန်ပြင်နေ၏။ ဆုနဒီ အနားတွင် မိုးသက်အောင်၊ ထင်လင်းနှင့် ဇာနည်တို့သုံးယောက်အပြင် နေသစ်ပါ ရှိနေပြီး သူတို့အားလုံးက ရူပါကျော်နှင့် ဟန်နီဆွေ ရောက်အလာကို ဧည့်ခန်းအတွင်း စောင့်နေကြသည်။

ပထမဦးဆုံး စပြီးဖောက်လိုက်သည့် လက်ဆောင် ပက်ကင်ထုပ်ပေါ်တွင် 'ဆုနဒီအတွက်' ဟု ရေးထားကာ အောက်တွင်လဲ ရူပါကျော် မှဆိုသည့် စာတန်းလေးကို တွေ့လိုက်ကြရသည်။

'ဟယ်... ဒါ ရူပါကျော့် လက်ဆောင်ပဲ... ကဲ... ကဲ ဖွင့်ဖောက်ကြည့်လိုက်မယ်'

ဆုနဒီက ပြောပြောဆိုဆို ရူပါကျော် ပေးထားသည့် မွေးနေ့လက်ဆောင်ထုပ်ကို ဖွင့်ဖောက်ဖြည်ကြည့်လိုက်၏။ ကျန်သူများအားလုံး





၏ မျက်လုံးများမှာလဲ ရူပါကျော့် လက်ဆောင်ပစ္စည်းကို စိတ်ဝင်တစား ဖြင့် ဝိုင်းကြည့်နေကြသည်။

'ဟယ်... နားဆွဲလေးပါလား'

ဆုနဒီ၏ မျက်လုံးများမှာ ရူပါကျော် လက်ဆောင်နားဆွဲလေးကို ကြည့်ရင်း အရောင်တဖိတ်ဖိတ်တောက်နေ၏။ ရူပါကျော်က သူမပေးသည့် မွေးနေ့လက်ဆောင်ကိုလဲ ဆုနဒီနှစ်သက်သည့် အမူအရာကြောင့် ကျေနပ်နေမိသည်။

ဒုတိယမြောက် ဖွင့်ဖောက်မည့်လက်ဆောင်ထုပ်သည် ဟန်နီဆွေထံမှ ဖြစ်ပြီး ထိုလက်ဆောင်ထုပ်ကို အားလုံးက မမိုတ်မသုန် ဝိုင်းပြီး စိုက်ကြည့်နေကြ၏။ စာဖြည်းဖြည်း ပက်ကင်ပေပါများ ဖြည်လိုက်သော အခါ အပြာရောင်ဘူးလေး တစ်ဘူးကို တွေ့လိုက်ရသည်။ ထိုအပြာရောင်ဘူးလေးကို ဆုနဒီက ဖြေးညှင်းစွာ ဖွင့်လိုက်၏။ အတွင်း၌ တန်ဖိုးကြီးမားပုံရသည့် အမျိုးသမီးသုံး ရေမွှေးပုလင်းလေးကို တွေ့လိုက်ရသည်။

ဆုနဒီက အလှအပ အမွှေးအကြိုင် ကြိုက်သူပီပီ ရေမွှေးပုလင်း အဖုံးကို ချက်ချင်းဖွင့်ကာ သူ့ရင်ဘက်တွင်တော့ပြီး ဆွတ်ဖြန်းလိုက်၏။ သူမ မျက်နှာအမူအရာမှာလဲ အပြာရောင်ရေမွှေး၏ သင်းပျံ့သောရနံ့များကြောင့် ချက်ချင်း လန်းဆန်းသွားပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



'အား… မွေးလိုက်တာ၊ ငါ ဒီရေမွှေးလေးကို လိုချင်တာကြာပြီ သိလား ဟန်နီ၊ နင့်ကို ငါတကယ်ကျေးဇူးတင်တယ်'

ဟန်နီဆွေကတော့ ဆုနဒီ အမူအရာကိုကြည့်ရင်း စိတ်ထဲမှ ပြောလိုက်မိ၏။

'ပိုကိုပိုလွန်းတယ် သူ့ဘဝမှာ မက်မောတာဆိုလို့ အဲဒီအလှအပ ပစ္စည်းတွေရယ်၊ ယောကျ်ားလေးတွေရယ် ဒါပဲသူသိတယ် ဟွန်း'

ဆုနဒီက သူမရှေ့တွင် ရှိနေသော လက်ဆောင်ပစ္စည်းများကြား တွင် ထူးထူးခြားခြားရှိနေသော စာအိတ်တစ်အိတ်ကို ကောက်ယူကြည့် လိုက်၏။ ထိုစာအိတ်ပေါ်တွင် 'ဆုနဒီအတွက် ဇာနည်+နေသစ်မှ' ဟု ရေးသားထားသည့် ပါးလွှာသော စာအိတ်ကို ဆုနဒီက မီးရောင်တွင် ထောင်ကြည့်ရင်း ဇာနည်နှင့် နေသစ်ကို မသင်္ကာသည့် မျက်လုံးများဖြင့် လှမ်းပြီး မေးလိုက်၏။

'ဟဲ့… နင်တို့နှစ်ယောက်ပေါင်းပြီး ငါ့မွေးနေ့ကို ထီလက်မှတ် တွေများ ထည့်ပေးထားတာလား'

သူမပုံစံက ဘာမဟုတ်သည့် မွေးနေ့လက်ဆောင် တစ်ခုအဖြစ်ကို လက်ခံချင်ပုံ မပေါ်။

'နင်သိချင်ရင် စာအိတ်ကိုဖောက်လိုက်လေ သိရမှာပေါ့'

ဇာနည်နှင့် နေသစ်တို့က ပဟေဠိတစ်ခုလိုလုပ်ရင်း သူတို့လက်





ဆောင်ကို ဆုနဒီ ဖွင့်ကြည့်ပြီးမှ အံ့သြသွားလိမ့်မည်ဟု ထင်နေကြ သည်။

ဆုနဒီက စာအိတ်အနားစွန်းကို သေသေသပ်သပ် ဖြဲစုတ်လိုက် သည်။ စာအိတ်အတွင်းသို့ သူမ၏လက်ညှိုးနှင့် လက်ခလယ်ကို ညှပ် ကာ ဖြေးညှင်းစွာ ဆွဲထုတ်လိုက်သည်။

'စတိတ်ရှိုးလက်မှတ် တစ်စောင်ပါလား၊ နင်တို့ကလဲဟာ ငါမှ ဝါသနာမပါတာ ဒါကြီးကို လက်ဆောင်ပေးရတယ်လို့'

ဇာနည်နှင့် နေသစ်တို့မှာ သူတို့ထင်သလို ဆုနဒီ၏ တုံ့ပြန်မှုက ဖြစ်မလာ။

'လေးဖြူလေ လေးဖြူ I.C ပွဲ၊ ဒီလောက်ခက်ခဲတဲ့ လက်မှတ် ကို နင်မို့လို့ ငြင်းတယ်၊ ငါတို့မှာ ခဲရာခဲဆစ်နဲ့ ဝယ်လာရတာ'

ကျန်သူများအားလုံးမှာလဲ စတိတ်ရှိုးပွဲမဆိုသည်မှာ ကြာပြီးဖြစ် သော လေးဖြူ၏ ရှိုးပွဲဟုဆိုသဖြင့် ကြည့်ချင်နေကြသည်။ ဆုနဒီက ဇာနည်နှင့် နေသစ်တို့၏ စတိတ်ရှိုးလက်မှတ်ကို သူမဘေးသို့ချထားရင်း ကျေးဇူးပါပဲဟာဟုသာ စိတ်မပါ လက်မပါ တုန့်ပြန်ပြောဆိုလိုက်သည်။ သူမ၏ အမူအရာမှာ ဘာမှမဟုတ်သည့် လက်ဆောင်တစ်ခုကို တန်ဖိုး မထားချင်သလို ဖြစ်နေသည်။

ထင်လင်းကတော့ ဆုနဒီအတွက် မွေးနေ့လက်ဆောင် မပါခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည့်အကြောင်းကို တောင်းပန်ပြောဆိုနေရင်း နောက်ဆုံးဖွင့်ဖောက်မည့် ပက်ကင်ထုတ်ကို ဆုနဒီရှေ့သို့ တွန်းပို့ပေးလိုက်သည်။ ထိုလက်ဆောင်ထုပ်ပေါ်တွင် ရေးသားထားသော လက်ရေးမှာ သေသေသပ်သပ်နှင့် ဝိုင်းစက်နေသောလက်ရေးဖြစ်ပြီး ငွေရောင်စက္ကူဖြင့် နှစ်ထပ် သုံးထပ် ရစ်ပတ်ဖုံးအုပ်ထားသည်။ ထိုစက္ကူ၏ အောက်ဘက်ထောင့်စွန်းတွင် မိုးသက်အောင်မှဆိုသည့် လက်ရေးကြောင့် ခပ်လှမ်းလှမ်းမှ ရူပါကျော် မျက်စိများက အနည်းငယ်စိတ်ဝင်စားသွားပြီး မသိမသာ လှမ်းကြည့်လိုက်သည်။ မိုးသက်အောင်၏ လက်ဆောင်က တခြားသူများလက်ဆောင်လို ခပ်သေးသေးမဟုတ်ပဲ ထမင်းဘူးသာသာလောက် ကြီးသည့်လက်ဆောင် ဖြစ်နေသည်။

ဆုနဒီက မိုးသက်အောင်၏ မျက်နှာကိုကြည့်ကာ အထပ်ထပ်ရစ်ပတ်ဖုံးအုပ်ထားသော ငွေရောင်စက္ကူများကို တစ်ထပ်ပြီး တစ်ထပ်ဆွဲခွာဖွင့်နေ၏။

ငွေရောင်စက္ကူစများ၏ အောက်တွင် လေးထောင့်သဏ္ဍာန်ဘူးတစ်ဘူးကို တွေ့လိုက်ရသည်။ ဆုနဒီက ထိုဘူးလေးကို ဖွင့်ကြည့်လိုက်သောအခါတွင် DVD အချပ်များကို တွေ့လိုက်ရ၏။ ထို DVD အချပ်များ၏ မျက်နှာပြင်ပေါ်တွင် အစွယ်တဖွေးဖွေးနှင့် တုန်လှုပ်ချောက်ချားစရာကောင်းသော နာနာဘာဝရုပ်ပုံများကို တွေ့လိုက်ရသည်။





'ဟဲ့... မိုးသက်အောင်၊ နင် ဒီသရဲတစ္ဆေ ဇာတ်လမ်းတွေကို ဘာသဘောနဲ့ ငါ့ကိုလက်ဆောင်ပေးတာလဲ၊ ငါ့မွေးနေ့မှာ နိမိတ်မရှိနမာမရှိနဲ့။ ငါ့ကို နင့်လို ကျက်သရေမရှိတဲ့လူများ အောက်မေ့နေလား'

ဆုနဒီမျက်နှာမှာလဲ မိုးသက်အောင်ကို ပြောဆိုနေရင်း ရှုံ့မဲ့လျက်ရှိသည်။ မိုးသက်အောင်က ကွက်ခနဲ မျက်နှာပျက်သွားပြီး...

'နင်မလိုချင်လဲ ရတယ်လေ၊ ပေးပေး ငါ့ကို ပြန်ပေး'

ရူပါကျော်က ဆုနဒီပြောဆိုလိုက်သော လေသံနင့်နင့်ပိုးပိုးများကြောင့် သူမကို စိတ်ပျက်လက်ပျက်ဖြင့်ကြည့်ကာ တွေးမိ၏။

'တကယ်ဆို သူမကြိုက်ရင်တောင် တစ်နေရာရာမှာ ချောင်ထိုးထားလိုက်ပေါ့၊ အခုလို လက်ဆောင်ပေးတဲ့လူက စေတနာနဲ့ပေးတာကို ရင့်ရင့်သီးသီးတော့ မပြောသင့်ပါဘူး၊ ယဉ်ကျေးတဲ့သူတစ်ယောက်ဆိုရင် ပေးတဲ့လူ စိတ်ချမ်းသာအောင်တော့ ပြန်ပြောသင့်တာပေါ့၊ အင်း... ဆုနဒီရဲ့ စရိုက်က သူ့မျက်နှာလေးနဲ့တောင် မလိုက်ဘူး၊ တော်တော်ရိုင်းလိုက်တာ'

တွေးရင်းနှင့် ရူပါကျော်က မျက်နှာတစ်ဘက်သို့ လွှဲလိုက်သည်။

'ဟဲ့ ဆုနဒီ၊ နင် အဲဒီ အခွေတွေမကြည့်ချင်ရင် ငါ့ကိုပေးပါ။ ငါ အခု သရဲကားတွေစုနေတာ'

ထင်လင်းက ဆုနဒီအနားတိုးလာပြီး သူမစက်ဆုပ်ရွံရှာနေသည့်



www.burmeseclassic.com

www.burmeseclassic.com



DVD များကို လှမ်းတောင်းနေပြန်သည်။

'အေး... ဒါဆိုလဲ နင်ပဲယူလိုက်တော့ ရော့...'

ပြောပြောဆိုဆို ဆုနဒီက လက်ထဲမှ သရဲကား DVD အချပ်များကို ထင်လင်းကို လှမ်းပစ်ပေးလိုက်သည်။

'ကိုယ့်ကို လက်ဆောင်ပေးတဲ့လူရဲ့ရှေ့မှာ အဲ့ဒီလက်ဆောင်ကို တခြားသူတစ်ယောက်ကို ပေးပစ်လိုက်တာဟာ တော်တော်လေး စိတ်နာစရာကောင်းတဲ့ အပြုအမူပဲ၊ အင်း... ဆုနဒီ... ဆုနဒီ နင်ဟာ လူမှုရေးတော်တော်ခေါင်းပါးတဲ့ သူတစ်ယောက်ပါလား'

မိုးသက်အောင်က ဆုနဒီရဲ့ လုပ်ရပ်များကို စိတ်အချဉ်ပေါက်နေ၏။ သူ့မျက်နှာတစ်ခုလုံးမှာလဲ စောစောက ထင်လင်းကို လှမ်းပစ်ပေးလိုက်သည့် DVD အချပ်များကို ရိုက်ခွဲဖျက်ဆီးပစ်လိုက်ချင်သည့်ပုံပေါက်နေကာ မျက်လုံးများက မီးဝင်းဝင်းတောက်နေ၏။

ရှုပါကျော်က မိုးသက်အောင် ဒေါသထွက်နေသည်ကို စိတ်အပြောင်းအလဲဖြစ်သွားစေရန် အားလုံးကို လှမ်းပြောလိုက်၏။

'ဟဲ့... ငါတို့တွေ ဆုနဒီရဲ့ မွေးနေ့မှာ သီချင်းလေးဘာလေးဖွင့်ပြီး ကကြရအောင်'

'အေး... ကောင်းသားပဲ'

ပြောပြောဆိုဆိုနှင့် ဖာနည်က ဧည့်ခန်းအတွင်းမှ ကာရာအိုကေ





စက်ကို လှမ်းဖွင့်နေ၏။ ထွက်ပေါ်လာသော ဂီတသံက သူမတို့ အကုန်လုံး၏စိတ်ကို တစ်ခဏအတွင်းမှာပင် ချက်ချင်းပြောင်းလဲသွားစေသည်။

ဖာနည်နှင့် နေသစ်ကတော့ ဖွင့်ထားသောသီချင်းနှင့်အတူ ကလိုက်ခုန်လိုက် ထမင်းစားခန်းအတွင်း ဘယ်သူမှမသိအောင် ဝှက်ထားသည့် ဘီယာပုလင်းကို ပြေးပြေးမော့လိုက်ဖြင့် အတော်ကလေး အဆင်ပြေနေကြသည်။

ရှုပါက ကခုန်နေကြသည့် သူမ သူငယ်ချင်းများကိုကြည့်နေစဉ် ဘယ်အချိန်က ဘယ်လို သူမဘေးသို့ရောက်နေမှန်းမသိသော မိုးသက်အောင်ကိုတွေ့ပြီး ရှုပါလန့်သွား၏။ သူ့မျက်နှာ အမူအရာမှာလဲ စောစောက ဒေါသထွက်နေသည့် အမူအရာ မဟုတ်တော့။

'ရှုပါ နင့်ကိုကြည့်ရတာ တစ်ခုခုဖြစ်နေသလိုပဲ၊ လာလေဟာ ငါတို့အတူတွဲကရအောင်'

ရှုပါကျော်က သက်ပြင်းတစ်ခုကို ခိုးချလိုက်ရင်း မိုးသက်အောင်ကို တမင်လှီးလွှဲပြောလိုက်သည်။ အခုအခြေအနေတွင် သူနှင့် ခပ်ခွာခွာနေနိုင်မှ တော်ကာကျပေမည်။

'ငါ ပင်ပန်းနေလို့ မကချင်ပါဘူးဟာ'

'လာပါဟာ နင်ကလဲ၊ ကရင်းခုန်ရင်းနဲ့ နင်ပင်ပန်းတာတွေ ပျောက်သွားမှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



အတင်းဇွတ်ခေါ်နေသော မိုးသက်အောင် ရှိရာနေရာမှ လှည့်ထွက်ကာ ဧည့်ခန်းအတွင်း ဆက်တိုက်ခုံပေါ် သွားထိုင်နေလိုက်သည်။ သူမ၏ အတွေးတွင်လည်း မိုးသက်အောင်နှင့် ဘယ်လိုလမ်းခွဲရမည်လဲဟူသည့် အတွေးတွေက ခေါင်းထဲတွင် ယောက်ယက်ခတ်နေ၏။

ရူပါကျော်က သူမ၏ ရှေ့တည့်တည့်မှခုံပေါ်တွင် ကိုယ်ကို တစောင်းထိုင်နေသော ဆုနဒီ၏ မျက်နှာကို လှမ်းမြင်နေရသည်။ သူ့မျက်လုံးတွေက တစ်စုံတစ်ခုကို မရှု့စိတ်ဖြစ်နေသည်နှင့် တူနေ၏။

သူမ မျက်လုံးများ စိုက်ပြီးကြည့်နေရာသို့ ရူပါကျော်လိုက်ကြည့်လိုက်သည်။ မြင်ကွင်းထဲတွင်တော့ ဟန်နီဆွေနှင့် ဇာနည်တို့နှစ်ယောက် တစ်ယောက်ပခုံးကို တစ်ယောက်ကိုင်ကာ သီချင်းတေးသွားအတိုင်း ယိမ်းလှုပ်ကခုန်နေကြသည်ကို တွေ့ရသည်။

'သြော်… ဆုနဒီက ဇာနည်နဲ့ ဟန်နီဆွေ အတူတူတွဲကနေတာကို မနာလိုတဲ့အကြည့်နဲ့ မျက်စေ့တွေ ကျွတ်ကျမတတ် ကြည့်နေတာကိုး၊ အင်းလေ သူနဲ့ ဇာနည်က တစ်ချိန်တုန်းက ချစ်ခဲ့ကြတဲ့သူတွေဆိုတော့ အူနုကျွဲခတ်သလို ဖြစ်နေတာနေမှာပေါ့'

တစ်ချိန်က ဇာနည်နှင့် ဆုနဒီတို့၏ ချစ်သူများဖြစ်ခဲ့ကြသည့် မြင်ကွင်းများက ရူပါကျော် မျက်လုံးထဲတွင် ယခုအချိန်အထိ စွဲထင်ကျန်ရစ်နေတုန်းပင်ဖြစ်သည်။ ဆုနဒီ၏ မိဘများက လူချမ်းသာအသိုင်းအဝန်း





များပီပီ ဇာနည့်အပေါ် တစ်စက်ကလေးမှ အမြင်မကြည်လင်ဘဲ သူတို့နှစ်ယောက်ကို နည်းအမျိုးမျိုးဖြင့် လမ်းခွဲပစ်လိုက်ကြသည်။ ထိုစဉ်က ဆုနဒီကိုယ်တိုင်က သူမမိဘများ၏ လှည့်ကွက်များကြောင့် ရုပ်ချောသော်လည်း အစစအရာရာ မပြည့်စုံသည့် ဇာနည့်အပေါ် ယုံမှားသံသယစိတ်များဖြစ်ကာ အထင်လွဲမှားပြီး လမ်းခွဲလိုက်ခြင်းဖြစ်သည်။

'အင်း… ဆုနဒီက အခုအချိန်မှာ ဇာနည့်ကို သဝန်တိုနေတာတော့ ဟုတ်ပါပြီ၊ ဟန်နီဆွေကတော့ ဆုနဒီနဲ့ ဇာနည် ရည်းစားဖြစ်ခဲ့ဖူးကြမှန်း သိသိကြီးနဲ့ ဘာဖြစ်လို့ကြိုက်ရတာလဲ၊ အထူးသဖြင့် ကိုယ့်သူငယ်ချင်းနဲ့ ပြတ်ပြီးသား ရည်းစားတစ်ယောက်ကိုမှ ဘာဖြစ်လို့များ စွဲစွဲလန်းလန်း ဖြစ်နေရတာလဲ'

ဆုနဒီနှင့် ဟန်နီဆွေတို့အကြောင်း တွေးရင်းနှင့် ရူပါကျော်၏ ခေါင်းတွေ အလိုလိုနောက်ကျိလာ၏။ ဘန်ဂလိုအတွင်း သီချင်းသံနှင့်အတူ ကခုန်နေကြသော မြင်ကွင်းက မီးရောင်အောက်တွင် တဖျတ်ဖျတ် ယိမ်းလှုပ်နေ၏။ ရူပါကျော်က ကုလားထိုင်ကို ကျောမှီထားရာမှ ကိုယ်ကို အနည်းငယ် ရှေ့သို့ ကိုင်းညွတ်လိုက်သည်။ သူမ စိတ်ထဲတွင်လည်း တစ်ယောက်ယောက်က သူမကို စိုက်ကြည့်နေသည်ဟု အလိုလိုစိတ်က သိနေ၏။ တဖြည်းဖြည်း သူမနောက်ကျောကို သူမ မေ့တော့။ မျက်စေ့ကို တစ်ခန်းလုံးဝေ့ဝိုက်ကာ ပျာပျာသလဲကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟင်…'

အခန်းထောင့်တစ်နေရာတွင် သူမကို စိမ်းစိမ်းကြီးစိုက်ကြည့်နေသည့် နေသစ်ကို တွေ့လိုက်ရသည်။ သူမတစ်ကိုယ်လုံး အကြောအချဉ်တွေ တောင့်တင်းသွား၏။

'ဒါ ဘာသဘောလဲ သူက ငါ့ရဲ့ လှုပ်ရှားမှုမှန်သမျှကို အလွတ်မပေးဘဲ စိုက်စိုက်ကြည့်နေတာ ဘာကြောင့်လဲ ဘုရား… ဘုရား'

■





## အခန်း (၈)

ဘန်ဂလိုအတွင်း နောက်ထပ် တေးသီချင်းတစ်ပုဒ်က တငြိမ့်ငြိမ့် ပျံ့လွင့်လာပြန်၏။ ရူပါကျော်က ဒီအခန်းထဲတွင် အကြောင်းမဲ့ဆက်ပြီး ထိုင်မနေချင်တော့၊ သူမစိတ်တွေက လေးလံထိုင်းမှိုင်းလာနေ၏။ အထူးသဖြင့် သူမကို စိုက်ကြည့်နေသည့် နေသစ်၏ မျက်လုံးများကြောင့် အလိုလိုနေရင်း ကျောပြင်ထဲတွင် စိမ့်လာ၏။

စောစောက တဖျစ်ဖျစ်တောက်လောင်နေသော မီးတောက်များက မီးဖိုခန်းအတွင်း အငွေ့တလူလူနှင့် အရှိန်သေစ ပြုနေပြီဖြစ်သည်။ ရူပါကျော်က ထိုင်ရာမှ မတ်တတ်ထရပ်လိုက်ရင်း ဘန်ဂလိုအပြင်သို့ ထွက်ရန် ဟန်ပြင်လိုက်သည်။ သူမ တံခါးပေါက်ရောက်သည်အထိ နေသစ် မျက်လုံးတွေက စူးစူးရှရှ လိုက်ပြီး စိုက်ကြည့်နေဆဲပင် ဖြစ်သည်။

'ဟဲ့… ရူပါ ညကြီးမင်းကြီး နင် ဘယ်သွားမလို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် သူမနောက်ကျောမှ အသံကြောင့် ခြေလှမ်းများ တုံ့ခနဲဖြစ်သွား၏။ ရူပါကျော် နောက်သို့လှည့်ကြည့်လိုက်ရာ မိုးသက်အောင်က သူမ၏နောက်တွင် ရောက်နေသည်ကို တွေ့လိုက်ရသည်။

'ဩော်... အင်း... ငါ မီးထိုးဖို့ အပြင်မှာ ထင်းတွေသွားကောက်မလို့'

ရူပါက မိုးသက်အောင်ကို မြင်လိုက်ပြီး ပါးစပ်မှ လွှတ်ခနဲ ပြောလိုက်မိသည်။

'ဟာ... ရူပါကလည်း နင်တစ်ယောက်ထဲ ထင်းတွေကို မနိုင်ပါဘူး၊ ငါပါ လိုက်သယ်ပေးမယ်လေ'

'ဟင့်အင်း... ဟင့်အင်း... ငါနိုင်ပါတယ်၊ အများကြီးသယ်မှာမှ မဟုတ်တာ ရတယ် ရတယ်၊ နင်မလိုက်ခဲ့နဲ့'

ရူပါကျော်က မိုးသက်အောင် သူမကို လိုက်ပြီးချောင်းကပ်နေမှန်း စိတ်ကသိနေသည်။ ဘာပဲပြောပြော ယခုအချိန်တွင် မိုးသက်အောင်ကို ခါးခါးသည်းသည်း ငြင်းဆိုထားနိုင်မှ တော်ကာကျမည်ဖြစ်၏။

ထို့နောက် ရူပါကျော်က သူမ လက်ကိုင်အိတ်ထဲမှ လက်နှိပ်ဓာတ်မီးကိုယူကာ ဘန်ဂလိုအပြင်သို့ တစ်ယောက်တည်း ထွက်လာလိုက်သည်။

မွေးနေ့ပွဲကျင်းပရာ ဘန်ဂလို၏ အပြင်ဘက်တွင်တော့ အေးစိမ့်





စိမ့်နှင့် စိုစွတ်သည့်လေများက တဝေါဝေါအသံမြည်ကာ ချောက်ချားဖွယ်ကောင်းလောက်အောင် တိုက်ခတ်နေသည်။ ရူပါကျော်က ဘန်ဂလိုရှေ့ မြေကွက်လပ်မှနေ၍ သူမတို့ မွေးနေ့ပွဲလေးကျင်းပရာ ဘန်ဂလိုအတွင်း ပြန်လှည့်ကြည့်လိုက်သည်။ အတွင်းမှ ရောင်စုံမီးလုံးများနှင့် သီချင်းသံတို့ကို ဆူညံစွာကြားနေရသည်။ သူမအဖို့လည်း ဘန်ဂလိုအပြင်သို့ရောက်လာမှ စိတ်လက်ပေါ့ပါးသလို ဖြစ်သွားမိ၏။

'ဟဲ့... ရူပါ ခဏနေအုံးလေဟာ၊ ငါတို့လဲ လိုက်မယ်'

ထိုစဉ် ဘန်ဂလိုအတွင်းမှ ဟန်နီဆွေနှင့် ဇာနည်တို့နှစ်ယောက်က ရူပါကျော့်ကို လှမ်းခေါ်ရင်း ပြေးထွက်လိုက်လာကြသည်။ ရူပါကျော့် အနားသို့ ရောက်သောအခါ ဟန်နီဆွေက...

'ငါတို့နှစ်ယောက် ဘန်ဂလိုထဲမှာ ကရခုန်ရတာ မောလာလို့ အပြင်မှာ ကြယ်တွေကြည့်ကြမလို့၊ နင်ကော ဘယ်သွားမှာလဲ'

'အပြင်ဘက်မှာ ဒီလောက်လေတွေတိုက်နေပြီး လျှပ်စီးတွေ လင်းခနဲ လက်ခနဲ ဖြစ်နေတဲ့ကြားထဲ ဘယ်ကလာ ကောင်းကင်ကကြယ်တွေကို သူတို့မြင်ကြမှာလဲ။ အင်းလေ သူတို့နှစ်ယောက်ထဲ လျှောက်သွားချင်လို့ ပြောတာပဲဖြစ်မှာ'

'ငါ ဒီနားမှာ ထင်းတွေသွားကောက်မလို့ဟ မီးဖိုမှာ ထင်းမရှိတော့ဘူး'



www.burmeseclassic.com

www.burmeseclassic.com



ရူပါကျော်က သူမတို့နှစ်ယောက်ကို ပြောပြောဆိုဆိုနှင့် သစ်ပင်များအုပ်ဆိုင်းနေသည့် တောအစပ်သို့ ဆက်ပြီးလျှောက်သွားလိုက်သည်။ သူမကိုင်ထားသော ဓာတ်မီးအရောင်က လက်လွှဲပြီးလျှောက်လိုက်တိုင်း ညအမှောင်ထဲတွင် လင်းခနဲ လက်ခနဲ ဖြစ်နေ၏။

ဟန်နီခွေနှင့်ဇာနည်တို့ကတော့ ပင်လယ်ရေလှိုင်းကြီးများ တဝုန်းဝုန်း တိုက်ခတ်နေသည့်ကမ်းစပ်မှကျောက်ဆောင်မည်းမည်းကြီးများဆီသို့ လက်ချင်းချိတ်ကာ စကားတပြောပြောနှင့် လျှောက်သွားနေကြသည်။ ဘာပဲပြောပြော အခုလို ပင်လယ်ရေလှိုင်းကြီးများ တဝုန်းဝုန်း တိုက်ခတ်နေသောကမ်းခြေတွင် ချစ်သူနှစ်ယောက် လက်ခြင်းချိတ်လျက် လျှောက်နေရသည်မှာ တော်တော်ကလေးတော့ ရန်ခုန်စရာကောင်းလွန်းနေသည်။

ပင်လယ်ပြင်မှ တိုက်ခတ်နေသောလေကြောင့် သစ်ပင်ကြီးများ၏ အကိုင်းအခက်တို့က အချင်းချင်း ပွတ်တိုက်ကာ တဂျွမ်းဂျွမ်းမြည်လျက်ရှိနေကြသည်။ သစ်ရွက်ခြောက်များ ဖုန်မှုန့်များနှင့် အမှိုက်စ အမှိုက်နများက လေထဲတွင် ဝဲပျံနေကာ တစ်ချက်တစ်ချက် သူမ၏ မျက်နှာဆီသို့ တိုးဝင်လာကြသည်။ ရူပါကျော်က သူမ၏မျက်လုံးများကို တင်းကျပ်စွာ မှိတ်ထားမိ၏။

မျက်စေ့ ပြန်ဖွင့်လိုက်သောအခါ သူမ၏ ရှေ့တည့်တည့်တွင် သစ်ကိုင်းခြောက်ကြီးတစ်ခုက သူမကိုငုံ့ကြည့်နေသယောင် အပေါ်စီး





မှ မိုးအုပ်လျက်ရှိနေသည်။

ကြောက်ရွံ့တုန်လှုပ်မှုများက သူမကျောရိုးတစ်လျှောက် စိမ့်တက်သွား၏။ တစ်ချက်တစ်ချက် လေထဲတွင်လည်း ဆိုးဆိုးဝါးဝါး အပုပ်နံ့ကြီးကို ရနေ၏။

'ဝုန်း… ဂျိန်း'

ရုတ်တရက် ကောင်းကင်တွင် ဖျတ်ခနဲ လျှပ်စီးတန်းကြီး ဝင်းလက်သွားပြီး မိုးချိန်းသံကြီးတစ်ခုကို ကျယ်ကျယ်လောင်လောင် ကြားလိုက်ရသည်။ ပင်လယ်ပြင်မှ တိုက်ခတ်လာသော လေပြင်းများက လှိုင်းလုံးကြီးများကို ကမ်းပေါ်သို့အရှိန်ဖြင့် လှမ်း လှမ်း ရိုက်တင်သလို ဖြစ်နေသည်။

'အင်း… ကောင်းကင်ကြီးတစ်ခုလုံးလဲ နီရဲနေပါလား၊ မုန်တိုင်းလာတော့မယ်ထင်တယ်၊ သစ်ကိုင်းခြောက်တွေ ရသလောက်ကောက်ပြီး မိုးမရွာခင် ဘန်ဂလိုကို ငါမြန်မြန်ပြန်မှ ဖြစ်မယ်'

ပြောပြောဆိုဆို ရူပါကျော်က သဲမွမွမြေပြင်ပေါ်မှ သစ်ကိုင်းအကျိုးအကြေများကို ကောက်ယူကာ ဘန်ဂလိုရှိရာသို့ ခပ်သုတ်သုတ်ပြန်လျှောက်လာ၏။ ဘန်ဂလိုရှေ့သို့ ရောက်သောအခါ မီးဖိုခန်းရှိရာသို့ ဘန်ဂလိုအပြင်ဘက်ဘေးမှ ကွေ့ပတ် လျှောက်လာလိုက်သည်။ သူမ မီးဖိုခန်းဆီသို့ မရောက်ခင် အခန်းထဲမှ လူနှစ်ယောက် ဒေါသတကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆူညံစွာ အော်ဟစ်ပြောဆိုနေကြသည့် အသံကို အမှတ်မထင်ကြားလိုက်ရသည်။

'ဟင်... ဒါ တစ်ယောက်နဲ့ တစ်ယောက် အကြီးအကျယ် ရန်ဖြစ်နေကြတဲ့အသံပဲ၊ တစ်ယောက်က ကက်ကက်လန်အောင် ရန်တွေ့နေတဲ့ မိန်းမတစ်ယောက်ရဲ့ အသံပဲ၊ ဘာတွေဖြစ်နေကြတာလဲ'

ရူပါကျော်က အသံတွေကြားနေရာ မီးဖိုခန်းနားသို့ ခြေသံဖွဖွနှင့်ကာ တိုးကပ်သွားလိုက်၏။ သူမ တိုးကပ်သွားလိုက်မှ အထဲမှ အသံများကို ကျယ်ကျယ်လောင်လောင် ကြားလာရသည်။

'အင်း... ကက်ကက်လန်အောင် ရန်တွေ့နေတဲ့ အသံကတော့ ဆုနဒီရဲ့ အသံပဲ၊ ဟုတ်တယ် ဆုနဒီရဲ့ အသံစစ်စစ်၊ သူနဲ့ ရန်ဖြစ်နေတဲ့ ယောကျ်ားတစ်ယောက်ရဲ့အသံက ဘယ်သူ့အသံလဲ'

သူမ ကြားနေရသော ယောကျ်ားတစ်ယောက်အသံမှာ ဒေါသသံဖြင့် ဗလုံးဗထွေးဖြစ်နေသည်။ ဘာကို မကျေမနပ်ဖြစ်လို့ သည်လောက် ဒေါသထွက်နေသည်မသိ၊ ရူပါကျော် ကပ်ပြီးနားထောင်နေသည့် နံရံကိုလည်း တစ်ချက်တစ်ချက် လက်သီးနှင့် တဒိုးဒိုးထိုးနေသည်။

'ဒီအသံက နေသစ်ရဲ့ အသံပဲလား၊ အင်း နေသစ်အသံက ဒီလောက် ဩဩကြီးတော့ မဟုတ်ပါဘူး ဒါဆို ဘယ်သူလဲ'

'ဖြန်း...'





'အား...'

ရူပါ နံရံကပ်ပြီးနားထောင်နေစဉ် ရုတ်တရက် ပါးရိုက်လိုက်သံ ခပ်ပြင်းပြင်းတစ်ချက်ကို ကြားလိုက်ရသည်။

●



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ဒါ ပါးကိုရိုက်လိုက်တဲ့ အသံပဲ'

ပါးရိုက်လိုက်သည့် အသံ၏နောက်တွင် ဆုနဒီ၏ 'အား' ခနဲ အော်လိုက်သည့် အသံကိုပါ အလန့်တကြား ကြားလိုက်ရ၏။ ရုတ်တရက် ရူပါကျော်က စေ့ထားသောတံခါးကို တွန်းဖွင့်ပြီး အတွင်းသို့ ဝင်မည် လုပ်ပြီးကာမှ…

'ငါ… ဒီအချိန်မှာ အထဲကိုဝင်ဖို့ မသင့်တော်ဘူးထင်တယ်၊ တော်ကြာ ငါဝင်သွားမှ ဆုနဒီက ရှက်သွားရင် ဒီထက် အခြေအနေတွေ ပိုဆိုးသွားနိုင်တယ်၊ နောက်ပြီး အထဲမှာ မိုးသက်အောင်တို့ ထင်လင်းတို့ ယောကျ်ားလေးတွေလဲ ရှိနေတာပဲ၊ သူတို့တွေဝင်ပြီး ဖြန်ဖြေပေးကြမှာပေါ့ ဟုတ်တယ် ငါမဝင်သင့်ဘူး'

ရူပါကျော်က သူမလက်တွင် ပွေ့ပိုက်ထားသော သစ်ကိုင်းခြောက်များကို မီးဖိုခန်းအပြင်တွင်ချကာ ပြန်လှည့်ထွက်လာလိုက်သည်။





သူမ ခေါင်းထဲတွင်လဲ ရှုပ်ထွေးနောက်ကျိနေသော အတွေးများက ကပ်ညိပါလာ၏။

တဝုန်းဝုန်း တဒိုင်းဒိုင်းနှင့် ကောင်းကင်တစ်ခုလုံးမှာလဲ လျှပ်စီးမိုးကြိုးများ ပစ်နေပြီး တဝူးဝူးတိုက်ခတ်နေသော လေပြင်းများကြောင့် ရူပါကျော့် ခြေလှမ်းများက ယိမ်းထိုးလှုပ်ရမ်းနေသည်။ သူမ၏လက်မှ ဓာတ်မီးအလင်းရောင်ထဲတွင် ဖုန်မှုန့်သဲမှုန့်နှင့် သစ်ရွက်အကြွေများက ဖွေးဖွေးလှုပ်နေ၏။

ရူပါကျော် လျှောက်လာရာနေရာမှာ ဘန်ဂလိုနှင့်အတော်ကလေး ခပ်လှမ်းလှမ်းသို့ပင် ရောက်လာပြီဖြစ်သည်။ သူမလက်ထဲမှ ဓာတ်မီးအလင်းရောင်က တဖြည်းဖြည်း အားပျော့မှေးမှိန်စ ပြုလာ၏။ စောစောက ဂျိုးဂျိမ်းတုန်ခါနေသော မိုးခြိမ်းသံများက သူမနှင့် တဖြည်းဖြည်းဝေးသွားကာ မုန်တိုင်းမှာလည်း ပင်လယ်အတွင်းသို့ ရွေ့လျားအားပျော့သွားပုံရသည်။ သို့သော် တသောသော့တိုက်ခတ်နေသော လေပြင်းများက တောအစပ်မှ သစ်ပင်ကြီးများကို ဆွဲခါလှုပ်ရမ်းနေတုန်းပင် ဖြစ်သည်။

ရူပါကျော်လက်ထဲမှ လက်နှိပ်ဓာတ်မီးအလင်းရောင်က တစ်စထက်တစ်စ အားပျော့မှေးမှိန်လာနေရာ ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရတော့ချေ၊ ထိုအချိန်မှ ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း ပိုပြီးမှောင်လာသလို ဖြစ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ဒုက္ခပဲ၊ ဒီလိုနေရာမျိုးမှာမှ ဒီဓာတ်မီးက အားကုန်ရတယ်လို့ ဘုရား… ဘုရား ငါ ဘန်ဂလိုကို အမြန်ပြန်မှဖြစ်မယ်'

ရုတ်တရက် သူမနောက်ကျောမှ ကြားလိုက်ရသော ခြေသံကြောင့် သူမတစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားသည်။ အသံကြားရာသို့ ဖျတ်ခနဲလှည့်ကာ သူမလက်ထဲမှ အားကုန်နေသော ဓာတ်မီးဖြင့် ကယောင်ကတမ်း လှမ်းထိုးလိုက်၏။ မဲမှောင်နေသော သူမ နောက်ကျောဘက်တစ်ခုလုံးမှာ ဘာကိုမှ မမြင်ရ၊ ရှုပါကျော့ နဖူးပြင်တွင်လည်း ချက်ချင်းဆိုသလို ချွေးသီးချွေးပေါက်များ ထွက်လာ၏။

'ထင်လင်းပြောတဲ့ လူသတ်သမားများ ငါ့နောက်ကို လိုက်လာတာလား၊ ဒီအချိန်မှာ ငါ့ကို တစ်ခုခုလုပ်သွားရင် ဘယ်သူမှ သိလိုက်မှာမဟုတ်ဘူး၊ ဒုက္ခပဲ ငါ ဘယ်လိုလုပ်ရပါ့မလဲ'

ရှုပါကျော် ကိုင်ထားသော လက်နှိပ်ဓာတ်မီးမှာ တဆတ်ဆတ်တုန်ယင်နေ၏။ မည်းမှောင်နေသော ဟင်းလင်းပြင်ကြီးထဲတွင် တစ်ယောက်ယောက်ကို လှမ်းအော်ခေါ်ပြီး အကူအညီတောင်းလိုက်ဖို့ ဘယ်လိုမှ မဖြစ်နိုင်သော အခြေအနေမျိုး ဖြစ်နေသည်။ သဲထဲတွင် မြုပ်ဝင်နေသော သူမ၏ခြေလှမ်းများက ထိုနေရာမှဝေးရာသို့ ထွက်ပြေးသွားရန် လေးလံ တုန့်ဆိုင်းနေသည်။

ထိုစဉ် သူမ နောက်ကျောဘက် ကျောက်ဆောင်ငယ်တစ်ခုပေါ်မှ





ကျောက်သားဆိုင်အစအနတို့ ပွဲကြွေကျသံကို ကြားလိုက်ရပြန်သည်။

'ဟင်… ဒါ… ဒါ လူသတ်သမားပဲ ကြိမ်းသေတယ်'

ရုတ်တရက် အေးစက်တောင့်တင်းနေသည့် လက်တစ်ဖက်က ရှုပါကျော့်ပခုံးကို နောက်မှ လှမ်းယူပွေ့ဖက်လိုက်သည်။

'အား…'

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

ရူပါကျော်က အလန့်တကြား ကုန်းအော်ပြီး နောက်သို့လှည့်ကြည့်လိုက်ရာ အမှောင်ထဲတွင် မိုးသက်အောင် မျက်နှာကို ဘွားခနဲတွေ့လိုက်ရ၏။

'လန့်... လိုက်တာ၊ မိုးသက်အောင်ရယ်... နင်ကလဲ'

ရူပါကျော်က တုန်ယင်နေသော သူမရင်ဘတ်ကိုဖိရင်း မိုးသက်အောင်ကို မျက်စောင်းလှမ်းထိုးလိုက်သည်။

'နင် ငါ့ကို ဘာဖြစ်လို့ ရှောင်နေတာလဲ ရူပါကျော်၊ နင့်စိတ်ထဲမှာ ဘာတွေဖြစ်နေတာလဲ ငါ့ကိုပြောစမ်းပါ၊ နင် အခုလို ငါ့ကို ရှောင်ဖယ်ရှောင်ဖယ် လုပ်နေတာ ငါ ဘယ်လိုမှ မနေတတ်တော့ဘူး၊ ပြောစမ်းပါ ရူပါ'

မိုးသက်အောင်က ရူပါကျော့်ပုခုံးနှစ်ဖက်ကို ဆွဲလှုပ်ရမ်းကာ အတင်းမေးနေ၏။ ရူပါကျော်ကတော့ ဘာမှမဟုတ်သလို အမူအရာဖြင့်





မိုးသက်အောင် ဆုပ်ကိုင်ထားသော လက်နှစ်ဖက်ကို ဖြုတ်ကာ ရှေ့သို့ တစ်လှမ်းနှစ်လှမ်း ဆက်ပြီးလျှောက်သွား၏။ သူမ၏ ဦးနှောက်ထဲမှာလည်း တစ်ယောက်နှင့် တစ်ယောက် အခင်အမင်မပျက်ဘဲ လမ်းခွဲလိုက်ကြဖို့ စကားလုံးများကိုသာ ရှာဖွေစဉ်းစားမိနေ၏။

'ဟဲ့... ရူပါ ငါမေးနေတယ်လေ၊ ဘာလဲ နင်ငါ့အပြင် တခြားတစ်ယောက်ယောက်ကို စိတ်ဝင်စားနေပြီမဟုတ်လား ပြောလေ'

မိုးသက်အောင် မျက်နှာတစ်ခုလုံး အခုလောက်ဆိုရင် နီမြန်းနေလောက်ပြီဟု ရူပါ အမှောင်ထဲတွင် တွေးကြည့်နေမိ၏။ သူ၏ အသံများက တဖြည်းဖြည်း မာကြောခက်ထန်လာကာ ရူပါကျော်နှင့် မျက်နှာချင်းဆိုင်တွင် လာရပ်လိုက်သည်။

လေပြင်းတစ်ချက် တိုက်ခတ်လိုက်သဖြင့် သစ်ပင်ကြီးများ၏ အကိုင်းအခက်တို့က လှုပ်ရမ်းကာ ချောက်ချားဖွယ် ချိုးချိုးချွတ်ချွတ် အသံမျိုးစုံ ထွက်ပေါ်နေ၏။ တဖျတ်ဖျတ် လူးလွန့်နေသော ရူပါကျော်၏ ဆံစများ၏အောက်တွင် ဦးခေါင်းခွံတစ်ခုလုံးမှာ သွက်သွက်ခါအောင် လည်နေ၏။ ယခုအချိန်တွင် အကောင်းဆုံးကတော့ မိုးသက်အောင်ကို ပြတ်ပြတ်သားသား တစ်ခုခုကို သူမပြောလိုက်သင့်သည်။

'ဒီမှာ ရူပါ၊ နင်နဲ့ နေသစ်တို့ တစ်ယောက်နဲ့ တစ်ယောက် ကြည့်နေတဲ့မျက်လုံးတွေကို ငါရိပ်မိတာကြာပြီ၊ နင် နေသစ်နဲ့ ပြန်တွဲ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ငါ့ကို သက်သက်မဲ့ အရှက်ခွဲတဲ့သဘောလား ပြောစမ်း’

မိုးသက်အောင် လေသံတွေက ခြောက်ကပ်ကွဲအက်နေပြီး ဒေါသကြောင့် သူ့တကိုယ်လုံးမှာ တဆတ်ဆတ် တုန်ယင်နေသည်။

‘မဟုတ်ဘူး…နင်ပြောနေတာတွေ တစ်ခုမှ မဟုတ်ဘူး မိုးသက်အောင်၊ ငါ နင့်အပေါ်မှာ ဖြစ်နေတာက အခုလို ထစ်ခနဲဆို တစ်ဖွတ်ထိုး တဖောက်ကန်းနဲ့ စိတ်ထင်တိုင်း မဟုတ်က ဟုတ်ကတွေ စွပ်စွဲပြီး သဘောထားသေးသိမ်တဲ့ စိတ်ဓာတ်ကို မကြိုက်တာ’

‘အဲ့ဒါ နင် ငါ့ကို သက်သက်မဲ့ အခုမှ အပြစ်တွေရှာပြီး လျှောက်ပြောနေတာ။ ငါ့ကို ပွင့်ပွင့်လင်းလင်းပြောစမ်းပါ ရူပါ၊ နင် နေသစ်နဲ့ ပြန်တွဲချင်နေတာ မဟုတ်လား’

မိုးသက်အောင် မျက်လုံးတွေက ညအမှောင်ထဲတွင် မီးဝင်းဝင်းတောက်နေ၏။ ရူပါကျော့် နှုတ်ခမ်းများမှာ နောက်ထပ်ငြင်းဆန်သည့် စကားသံများ ထွက်မလာတော့သည်ကို သူ မကျေမနပ်ဖြစ်နေပုံရသည်။

သူ့ကိုယ်ခန္ဓာ တစ်ခုလုံးမှာလဲ ဒေါသစိတ်ကြောင့် တဆတ်ဆတ် တုန်ယင်နေ၏။

ရုတ်တရက် မိုးသက်အောင်က သူ့ဂျာကင်အင်္ကျီအောက်တွင် ဖွက်ယူလာသော ဓားမြှောင်တစ်ချောင်းကို လက်ခနဲ ဆွဲထုတ်လိုက်သည်။





‘ဟင်… နင်… နင် မိုးသက်အောင်… လာကြပါ’

သွေးရူးသွေးတန်းနှင့် အော်ဟစ်အကူအညီတောင်းနေသည့် ရူပါကျော့်၏ ပါးစပ်ကို လှမ်းပိတ်ကာ ဓားဖြင့် တအားထိုးချလိုက်လေသည်။

‘အား… ’

မျက်စေ့ကို စုံမှိတ်ပြီး တအားကျူးအော်လိုက်သော သူမ၏ အသံက လှိုင်းပုတ်သံ လေတိုးသံတို့ကြားတွင် တိမ်ဝင်ပျောက်ကွယ်နေ၏။

မျက်စေ့ကို ပျာပျာသလဲ ပြန်ဖွင့်ကြည့်လိုက်ရာ မိုးသက်အောင် ထိုးချလိုက်သော ဓားမြှောင်သွားက သူမ၏ နောက်ကျောမှ သစ်ပင်တွင် စိုက်ဝင်နစ်မြုပ်လျက် ဓားမြှောင်လက်ကိုင်ရိုးက တဆတ်ဆတ် တုန်ခါနေ၏။

‘နင့်…နင့်ကို ငါ ချစ်လွန်းလို့ ထိအောင်မထိုးတာ ရူပါ၊ နင် ငါ့ဒေါသကို သိတယ်နော်’

မိုးသက်အောင် ရင်ဘတ်အစုံမှာ ဒေါသကြောင့် နိမ့်ချည်မြင့်ချည်ဖြစ်နေကာ ပါးစပ်မှ စကားလုံးများကလည်း မပီမသဖြင့် ဝူးဝူးဝါးဝါး ဖြစ်နေသည်။

ရူပါကျော့်က မိုးသက်အောင် မျက်နှာကိုကြည့်ရင်း သွေးပျက်ထိတ်လန့်နေကာ သူမ ခြေတွေ လက်တွေကို ပျော့ခွေတွဲကျမသွား



www.burmeseclassic.com

www.burmeseclassic.com



အောင်ပင် မနည်းထိန်းထားရသည်။ မိုးသက်အောင်ကိုလဲ ဘာစကား တစ်ခွန်းမှ ပြန်မပြောနိုင်လောက်အောင် ဆွံ့အ ငေးကြောင်နေမိ၏။ သူမလက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသော လက်နှိပ်ဓာတ်မီးမှာ ချွေးများဖြင့် စေးကပ်နေသည်။

သူမကို စူးစူးဝါးဝါး စိုက်ကြည့်နေသည့် မိုးသက်အောင်၏ မျက်ထောက်နီနီကြီးများအောက်မှ ကိုယ်လွတ်ရုန်းကာ ဘန်ဂလိုရှိရာသို့ စမ်းတဝါးဝါးဖြင့် တဟုန်ထိုး ပြေးထွက်လာခဲ့သည်။ မည်းမှောင်နေသော ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း ဘာဆိုဘာမှ သဲသဲကွဲကွဲမမြင်ရ၊ သူမ ခြေလှမ်းများက သဲမွမွသောင်ပြင်ပေါ်တွင် အားသွန်ခွန်စိုက် ပြေးနေရသည့်အတွက် မောဟိုက်လွန်းနေသည်။

'ဟင်... ငါ့နောက်မှာ သူ... သူ လိုက်လာနေပါလား'

တစ်ချက်တစ်ချက် ရှေ့သို့ မှောက်လျက်လဲသွားလုမတတ် ဖြစ်နေပြီး ကိုယ်ကို မနည်းထိန်းကာ ပြေးနေရသည်။ သူမနောက်မှ ပြေးလိုက်လာနေသော မိုးသက်အောင် ၏ ခြေသံများက သဲပြင်ပေါ်တွင် တစ်ဖုတ်ဖုတ်ကြားနေရ၏။ မောဟိုက်နေသော သူမ တစ်ကိုယ်လုံးမှာလည်း ချွေးတို့က သဲများဖြင့်ကပ်နေကာ စပ်ဖျဉ်းဖျဉ်းဖြစ်နေသည်။

သူမ ဘန်ဂလိုနားသို့အရောက်တွင် တကိုယ်လုံး သိမ့်သိမ့်ခါအောင် မောဟိုက်နေ၏။ ဘန်ဂလိုအတွင်းတွင်လည်း ထိန်ထိန်လင်းနေ





သည့် မီးရောင်စုံများမှတပါး သီချင်းသံ ဂီတသံတို့က တိတ်ဆိတ်နေသည်။ စောစောက ကခုန်သီဆိုနေကြသော ဧည့်ခန်းအတွင်းတွင် ဆက်တီခုံများက ဖရိုဖရဲနှင့် ငြိမ်သက်နေ၏။

'ဟင်... သူတို့တွေ ဘယ်ရောက်ကုန်ကြပြီလဲ တစ်ယောက်မှ မရှိကြပါလား'

ရူပါကျော့ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး တအံ့တသြခြေလှမ်းများဖြင့် ဘန်ဂလိုအတွင်း လှမ်းဝင်လိုက်သည်။ နောက်မှ ပြေးလိုက်လာသော မိုးသက်အောင်က ဘန်ဂလိုအရှေ့ မြေကွက်လပ်တွင် မတ်တတ်ရပ်လိုက်ပြီး သူမ၏ အရိပ်အခြေကို စောင့်ကြည့်နေသလို စူးစူးစိုက်စိုက် ကြည့်နေ၏။

'ဒါ... ဒါ ဘယ်လိုဖြစ်ပြီး ဒီမှာ တစ်ယောက်မှ မရှိကြတာလဲ၊ ဘယ်တွေသွားကုန်ကြတာလဲ'

ရူပါကျော် မျက်လုံးတွေက ပြူးကျယ်ဝိုင်းစက်နေကာ တစ်ခန်းလုံး ဝေ့ဝိုက်ကြည့်လိုက်၏။ အခန်းအတွင်းတွင်တော့ တစ်ယောက်တလေ၏ အရိပ်အရောင်ကိုမျှ မတွေ့ရချေ။ သူမ တရွေ့ရွေ့နှင့် နောက်ဖေးမီးဖိုခန်းဝဆီသို့ လျှောက်လာလိုက်သည်။ စေ့ထားသော မီးဖိုခန်းဝ ကြမ်းပြင်ပေါ်တွင် ဟိုနားတစ်စက် ဒီနားတစ်စက် ကျထားသော သွေးကွက်များကို အထိတ်တလန့် တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟင်... သွေးတွေ... သွေးတွေပါလား'

မီးဖိုအခန်းဝ ကြမ်းပြင်ပေါ်မှ သွေးကွက်များကိုကြည့်ကာ ရှုပါကျော် နှလုံးသွေးကြောများကို ဆောင့်အဆွဲခံလိုက်ရသလို ဖြစ်သွား၏။ တဆတ်ဆတ်တုန်ယင်နေသော သူမ၏ နှုတ်ခမ်းများမှာလည်း ဘာတွေကို ရေရွတ်လိုက်သည်မသိ တတွတ်တွတ်နှင့် ကယောင်ကတမ်းတွေ ပြောမိနေ၏။

သူမလက်တွေက စေ့ထားသော မီးဖိုခန်းတံခါးကို တွန်းဖွင့်ကာ အတွင်းသို့ ကြည့်လိုက်၏။ ထိုမီးဖိုခန်း၏ ကြမ်းပြင်ပေါ်တွင် ပက်လက်လဲကျနေသော ဆုနဒီကို သွေးအလိမ်းလိမ်းဖြင့် ထိတ်လန့်ဖွယ် တွေ့လိုက်ရသည်။

'အား...'

■





## အခန်း (၁၀)

အသံကုန်ခြစ်ကာ အော်လိုက်သော ရှုပါကျော်၏ အသံကြောင့် မိုးသက်အောင်က ဘန်ဂလိုအတွင်းပြေးဝင်လာပြီး ဆုနဒီ၏ အလောင်းဘေးတွင် ကြက်သေသေနေသည့် ရှုပါကျော်ကို ပျာပျာသလဲ လှမ်းမေးလိုက်။

'ရှုပါ... ရှုပါ ဘာဖြစ်တာလဲ... ဟင်... ဆုနဒီ'

ကြမ်းပြင်ပေါ်မှ သွေးအိုင်ထဲတွင် မလှုပ်မယှက် ငြိမ်သက်နေသော ဆုနဒီကို မြင်သွားပြီး မိုးသက်အောင်မျက်လုံးများ ပြူးကျယ်ကာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ရှုပါကျော်က ဆုနဒီ လဲကျနေရာသို့ ငုံ့ကာ တတွင်တွင်အော်ခေါ်ကြည့်နေ၏။

'ဆုနဒီ... ဆုနဒီရေ'

ဆုနဒီထံမှ ဘာတုန့်ပြန်သံကိုမှ မကြားရတော့၊ ရှုပါကျော် တစ်ကိုယ်လုံးမှာလည်း ကြက်သီးဖြန်းဖြန်းထပြီး တုန်ယင်နေ၏။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



'သူ... သူသေသွားပြီလား... လုပ်ပါဦး'

ရူပါကျော်နှင့် မိုးသက်အောင်တို့၏ မျက်နှာအမူအရာများက တစ်စုံတရာကို စိတ်ကတွေးမိလိုက်ပြီး သေမတတ် ကြောက်ရွံ့ထိတ်လန့်သွားကြသည့်ပုံမျိုး။

မိုးသက်အောင်က ဆုနဒီအလောင်းကို ကြည့်နေရာမှ မျက်လုံးကိုခွာပြီး ဘေးပတ်ဝန်းကျင် ပတ်ပတ်လည်သို့ ပျာပျာသလဲကြည့်လိုက်သည်။ ရူပါကျော်က သူမ၏ တုန်ယင်နေသော လက်ချောင်းများဖြင့် ရင်ဘတ်ကိုဖိထားရင်း ထင်ရာမြင်ရာတွေ လျှောက်ပြီးတွေးကြည့်နေ၏။

'ဒါ... ဒါဟာ ဝရမ်းပြေး လူသတ်သမားရဲ့ လက်ချက်ပဲဖြစ်မယ်၊ စောစောက ဒီမီးဖိုခန်းမှာ ငါကြားခဲ့ရတဲ့ အသံတွေက တစ်ယောက်နဲ့တစ်ယောက် သတ်ပုတ်နေကြတဲ့ အသံတွေပဲလား'

'ဒုန်း... ဒုန်း... ဒုန်း... ဒုန်း'

ထိုစဉ် ဘန်ဂလိုအပေါ်ထပ် လှေကားမှ တစ်စုံတစ်ယောက်က ခြေသံခပ်ပြင်းပြင်းနင်းရင်း ပြေးဆင်းလာသံကို သူမတို့နှစ်ယောက် ကြားလိုက်ရသည်။ အသံလာရာသို့ ကြားကြားချင်း မီးဖိုခန်းမှထွက်ကာ လှေကားဆီသို့ လှမ်းမော့ကြည့်လိုက်ကြ၏။

'ဟဲ့... ရူပါကျော်တို့ အောက်မှာ ဘာတွေဖြစ်နေတာလဲ၊ ငါ





အော်သံကြားလိုက်ရသလားလို့'

ပြောပြောဆိုဆို လှေကားမှ ပြေးဆင်းလာသော ထင်လင်းကို တွေ့လိုက်ရသည်။ ထင်လင်း၏ မျက်နှာပေါ်တွင်လည်း ချွေးသီးချွေးပေါက်တွေ ထွက်နေ၏။

'ဒီမှာ ဆုနဒီ အသတ်ခံလိုက်ရလို့'

'ဘာ...'

လှေကားပေါ်မှ ပြေးဆင်းလာသော ထင်လင်းကို မိုးသက်အောင်နှင့် ရူပါတို့က ရပ်စောင့်မနေတော့ဘဲ ဆုနဒီ လဲကျသေဆုံးနေရာ မီးဖိုခန်းဆီသို့ ရှေ့မှ ခပ်သုတ်သုတ် ပြန်လျှောက်သွားလိုက်သည်။ ထို့နောက် ထင်လင်းက မီးဖိုခန်းအတွင်းသို့ ပျာပျာသလဲ ပြေးဝင်လာပြီး ဆုနဒီ၏ အလောင်းကိုကြည့်ကာ လှမ်းပြောလိုက်၏။

'ဟာ... ဘယ်လိုဖြစ်တာလဲ၊ ရင်ဘတ်မှာလဲ ဓားဒဏ်ရာကြီးနဲ့ပါလား'

ရူပါကျော်က သူမနောက်ဘက်မှ လှမ်းပြောလိုက်သော ထင်လင်းကို လှည့်ကြည့်ကာ...

'ဟင်... ထင်လင်း နင့်ရင်ဘတ်မှာလဲ သွေးတွေနဲ့ပါလား'

ရူပါနှင့် မိုးသက်အောင်က ထင်လင်း၏ ရင်ဘတ်တွင်ပေနေသော သွေးတို့ကိုကြည့်ကာ ကိုယ်ကို အနည်းငယ် နောက်သို့ဆုတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ သူမတို့ နှစ်ယောက်စလုံး၏ ရင်ထဲတွင်လဲ ဖော်မပြနိုင်သော ထင်မြင်ယူဆချက်တို့ ကိုယ်စီဖြစ်သွားကြ၏။

ထင်လင်းကို ကြည့်နေသည့် ရွှေပါကျော်၏ မျက်လုံးတွေက တစ်စုံတရာကို အလွန်အမင်း ကြောက်လန့်သွားသည့်ပုံမျိုး။

'ဟဲ့... နင့်ရင်ဘတ်က သွေးတွေကရော ဘာဖြစ်တာလဲလို့ ငါ မေးနေတယ်လေ'

မေးသာမေးလိုက်ရသော်လည်း ရွှေပါကျော်၏ မျက်လုံးတွေက ထင်လင်းမျက်နှာပေါ်က မခွာ။

'ဟို... ဟို ငါ့အပေါ်ထပ်က ပြူတင်းပေါက်တွေ သွားပိတ်ရင်းနဲ့ မှန်ကွဲစရှလိုက်တာ၊ မှန်တံခါးတွေက ချောင်နေတော့ နည်းနည်းလေး ထိမိတာနဲ့ ခွမ်းခနဲ ကွဲတော့တာပဲ'

ထင်လင်း ပြန်ဖြေလိုက်သောစကားကြောင့် မိုးသက်အောင်နှင့် ရွှေပါကျော်မှာ ယုံရမလိုလို ဘာလိုလိုပင် ဖြစ်သွား၏။ သူ့မျက်နှာ အမူအရာမှာလည်း ထူးထူးခြားခြား ပြောင်းလဲသွားသည့် အရိပ်လက္ခဏာကို မတွေ့ရ၊ သူ့ရင်ဘတ်ပေါ်မှ ဒဏ်ရာကလည်း သုံးလေးလက်မ သာသာလောက် အင်္ကျီအပေါ်မှဖြတ်ပြီး ပြတ်ရှထားသဖြင့် သွေးစတို့ စွန်းထင်းနေ၏။

'ငါ ထင်တာကတော့ ဆုနဒီကို သတ်သွားတာ ဟို ဝရမ်းပြေး





လူသတ်သမားပဲ ဖြစ်မယ်ထင်တယ် ရွှေပါကျော်။ နင်တို့လဲ ဘယ်အပြင်မှ မထွက်နဲ့တော့၊ ဒီလူသတ်သမားက ဒီနားတစ်ဝိုက်မှာပဲ ရှိနေအုံးမယ် ထင်တယ်'

ရွှေပါကျော်က ထင်လင်း၏ ထင်မြင်ယူဆချက်များအပေါ် သံသယစိတ်နှင့် တစ်ခုစီ လိုက်တွေးကြည့်နေ၏။

'သူက လူသတ်သမားရဲ့ လက်ချက်ပဲဖြစ်မယ်ဆိုတာ ဘာဖြစ်လို့ တစ်ထစ်ချ ပြောရတာလဲ၊ ဒီလူသတ်သမားက လူတစ်ယောက်ကို ဘယ်ပုံဘယ်နည်းနဲ့ သတ်တတ်တယ်ဆိုတာကိုရော သူ သိထားလို့လား'

ထိုစဉ် ဘန်ဂလို အပြင်ဖက်မှ လမ်းလျှောက်ရင်း စကားပြောလာကြသံတွေ ကြားလိုက်ရာ သူမတို့သုံးယောက်သား ပြိုင်တူလှမ်းကြည့်လိုက်ကြသည်။

ဘန်ဂလို အဝင်ဝနားတွင် ဟန်နီဆွေနှင့် ဇာနည်တို့နှစ်ယောက်သားမှာ မိုးမမြင်လေမမြင် စကားတွတ်ထိုးရင်း ရယ်ကာမောကာဖြင့် လျှောက်လာနေကြသည်။

'ဟဲ့... မွေးနေ့ရှင်ကော ဘယ်မှာလဲ ငါတို့ ကိတ်မုန့်စားချင်ပြီ'

ဟန်နီဆွေက ဧည့်ခန်းအတွင်း လှမ်းဝင်ဝင်ချင်း ပြုံးပျော်နေသလို အမူအရာနှင့် ဘာမသိညာမသိ အသံစာစာ လှမ်းအော်ပြောလိုက်၏။

'အေး... နင်တို့ကသာ ပျော်မြူးပြီး လျှောက်သွားနေ၊ ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



မွေးနေ့ပွဲလဲပျက်သွားပြီး၊ ဆုနဒီလဲ အသတ်ခံရလို့ သေပြီ'

'ဘာ...'

ဇာနည်နှင့် ဟန်နီဆွေတို့မှာ ရူပါကျော်၏ မထင်မှတ်ထားသော စကားကြောင့် မျက်လုံးများ ပြူးကျယ်ဝိုင်းစက်သွားပြီး အထိတ်တလန့်နှင့် အံ့ဩသွားကြသည်။

'ဘယ်လိုဖြစ်တာလဲ ရူပါရယ် ပြောစမ်းပါအုံး'

'ဟာ... မယုံနိုင်စရာပါလား'

ဟန်နီဆွေနှင့် ဇာနည်တို့မှာ မီးဖိုခန်းအတွင်းသို့ ပြေးဝင်လာရင်း တစ်ယောက်တစ်ခွန်း ပြောဆိုကာ စုတ်တသတ်သတ်နှင့် ဖြစ်ကုန်ကြသည်။ ဟန်နီဆွေက ကြမ်းပြင်ပေါ်လဲကျနေသော ဆုနဒီအဖြစ်ကို ကြည့်ကာ ချက်ချင်း မျက်နှာလွှဲပစ်လိုက်သည်။

သူမတို့အားလုံးမှာ စက္ကန့်အတော်ကြာသည်အထိ မလှုပ်မယှက် ကျောက်ရုပ်ကြီးတွေလို ငြိမ်သက်သွားကြ၏။ ရူပါကျော်က...

'ကဲ... ဒါကြီးကို တို့တွေ ဒီအတိုင်းကြည့်နေလို့တော့ မဖြစ်ဘူး၊ ရဲကို အကြောင်းကြားမှ ဖြစ်မယ်၊ နောက်ပြီး ဘန်ဂလိုတစ်ခုလုံးကိုလည်း ဘာမှ ခြေရာလက်ရာမပျက်စေနဲ့'

ရူပါကျော်၏ စကားအဆုံးတွင် ထင်လင်းက ကွက်ခနဲမျက်နှာပျက်သွားပြီး ဝင်ပြောလိုက်၏။





'ဟာ... ဘယ်လိုမှမဖြစ်နိုင်ဘူး ရူပါကျော်၊ အခုလို အချိန်မတော်ကြီးမှာ ဘယ်ကလာရဲကို အကြောင်းကြားလို့ရမှာလဲ၊ နောက်ပြီး ငါတို့ အခုရောက်နေတဲ့ ကျွန်းမှာက ဘာရဲမှရှိတာမဟုတ်ဘူး'

'ဟဲ့... ဒါဆိုရင် ငါတို့က ဒီအလောင်းကြီးကို ဒီအတိုင်းတစ်ညလုံး ထိုင်ကြည့်နေရမှာလား တော့်ရဲ့'

ရူပါကျော်၏ ဘုဆတ်ဆတ်ပြန်အော်လိုက်သော လေသံကြောင့် ထင်လင်း၏ မျက်နှာအမူအရာမှာ တစ်မျိုးပြောင်းသွားပြီး ရူပါကျော့်ကို စားတော့ဝါးတော့မလို မျက်လုံးများဖြင့် စိမ်းစိမ်းကြီး စိုက်ကြည့်နေကာ ရူပါကျော်အနားသို့ တစ်လှမ်းခြင်းတိုးကပ်လာ၏။

'ဟင်... သူ့ပုံစံက မကျေမနပ်နဲ့ ငါ့ကို သတ်တော့ဖြတ်တော့မယ့်ပုံပဲ'

ရူပါကျော်က ထင်လင်း သူမထံသို့ မျက်ထောက်နီနီကြီးဖြင့် လျှောက်လာနေသည်ကိုကြည့်ရင်း ရင်တထိတ်ထိတ်ဖြစ်နေသည်။

ထင်လင်း၏ လက်တစ်ဖက်ကလည်း သူ့အင်္ကျီအောက်တွင် ထိုးသွင်းထားသော သေနတ်လက်ကိုင်ရိုးပေါ်သို့ တဖြည်းဖြည်းမြှောက်တက်လာနေသည်။

ကျန်သူများအားလုံးမှာလည်း ထင်လင်းတစ်ယောက် ရူပါကျော်ကို စိတ်လိုက်မာန်ပါ ဘာများလုပ်လိုက်မလဲဆိုသည့် မျက်လုံးများဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်အဟောင်းသား ငေးကြောင်ကြည့်မိနေကြ၏။

ရှုပါကျော်က တဖြည်းဖြည်း သူမအနားသို့ တိုးကပ်လာနေသော ထင်လင်း၏ စူးစူးရှရှ မျက်လုံးကြီးများကို ကြည့်ရင်း မလှုပ်မယှက် ကြက်သေသေနေကာ မျက်နှာတစ်ခုလုံး သွေးဆုတ်ဖြူလျော်နေ၏။ တဒုတ်ဒုတ် ဆောင့်ထိုးနေသော သွေးတို့ကြောင့် ခေါင်းထဲတွင် မူးနောက်ရီဝေလာသည်။

'နင်... နင်... ငါ့ကို ဘာလုပ်မလို့လဲ ထင်လင်း...'

အထစ်ထစ်အငေါ့ငေါ့ဖြင့် ရှုပါကျော် လေသံတွေက ခြောက်ကပ် ကွဲရှနေသည်။ ကျန်သူများအားလုံးမှာလည်း ထင်လင်း၏ အမူအရာကို ကြည့်ကာ တစ်ခုခုပြောလိုက်ကြဖို့ ဟန်ပြင်နေကြစဉ် ထင်လင်း၏ လက်တစ်ဖက်က ရှုပါကျော်လက်မောင်းကို ဆွဲယူဆုပ်ကိုင် ဖျစ်ညှစ်လိုက်သည်။

■





## အခန်း (၁၁)

'စိတ်အေးအေးထားစမ်းပါ ရှုပါကျော်ရာ နင်ရဲ့ကို အခုအချိန် တိုင်မယ်ဆိုရင် တို့ဒီမှာရှိနေတဲ့ လူထဲကခွဲပြီး အပြင်ကိုထွက်ရမှာ၊ ဘာပဲ ပြောပြော လူသတ်သမားက ဒီဘန်ဂလိုအပြင်ဘက် မှောင်ရိပ်တစ်နေရာရာမှာ ရှိချင်ရှိနေမှာပဲ၊ အခုလောလောဆယ် ငါတို့တွေ တစ်စုတဝေးထဲ ဒီမှာနေတာ အန္တရာယ်အကင်းဆုံးပဲ'

ရုတ်တရက် သူမလက်မောင်းတစ်ဘက်ကို ဆုပ်ကိုင်ဖျစ်ညှစ်ရင်း ပြောလိုက်သော ထင်လင်းစကားကြောင့် ရှုပါကျော့် နှလုံးခုန်သံများ တဖြည်းဖြည်း ပုံမှန်ပြန်ဖြစ်လာသည်။ စောစောက စိတ်လှုပ်ရှားစွာ ဖြစ်ပေါ်နေသော သူမ၏ အမူအရာများမှာ စိတ်သက်သာသလို ရှိလာ၏။ ရှုပါကျော်က သူမကိုယ်သူမ နားမလည်နိုင်အောင် ပြန်စဉ်းစားနေရင်း ထင်လင်း၏လက်က သူမ၏လက်မောင်းကို နောက်တစ်ချက် လှမ်းပုတ်ကာ ထပ်ပြောလိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မကြောက်နဲ့ ရူပါ၊ ငါ့မှာ ဟောဒီ သေနတ်တစ်လက်လုံး ပါတယ်'

ထင်လင်းက ပြောပြောဆိုဆို သူ၏လက်တစ်ဖက်မှလဲ ခါးကြားတွင် ထိုးထားသော သေနတ်ကို တဘုတ်ဘုတ်ဖြင့် ပုတ်ပြနေသည်။

ထိုစဉ် ဘန်ဂလို အဝင်ဝမှ အသံသြသြကြီးဖြင့် လှမ်းအော်မေးလိုက်သံကို ကြားလိုက်ရသည်။

'ဘာဖြစ်နေကြတာလဲ'

သူမတို့အားလုံး၏ မျက်လုံးများက အသံလာရာဆီသို့ ပြိုင်တူလှမ်းကြည့်လိုက်ကြသည်။

ဘန်ဂလိုအပေါက်ဝတွင် မီးမွေးရန် ကောက်ယူလာသော သစ်ကိုင်းခြောက်များကို ပွေ့ပိုက်ရင်း မတ်တတ်ရပ်ကြည့်နေသည့် နေသစ်ကို လှမ်းတွေ့လိုက်ရသည်။

'ဟဲ့… နေသစ်၊ နင်ကလဲ ဘယ်လျှောက်သွားနေတာလဲ၊ ဒီမှာ ဆုနဒီ အသတ်ခံလိုက်ရလို့'

ဟန်နီဆွေက နေသစ်ကို မြင်မြင်ချင်း သုတ်သီးသုတ်ပျာ လှမ်းပြောလိုက်သော်လည်း နေသစ်၏ အမူအရာက ထူးထူးခြားခြား ပြောင်းလဲ မသွားဘဲ အေးတိအေးစက် ပုံစံဖြင့် စိုက်ကြည့်နေ၏။ ရူပါကျော်က နေသစ်၏ မထုံတက်တေး မျက်နှာပေးကိုကြည့်ရင်း သူ့ကို တော်





တော်လေး စိတ်ပျက်သွားမိသည်။

'အင်း… ဒီလောက်ဖြစ်နေတာတောင် သူ့မျက်နှာက တစ်စက်ကလေးမှ ပူပင်ရကောင်းမှန်းမသိဘူး၊ သူ့အတွက် ဒီကိစ္စဟာ ဘာမှမထူးဆန်းသလိုဘဲ၊ အသဲယားဖို့ ဘယ်လောက်ကောင်းလိုက်သလဲ'

'ဟဲ့… ငါပြောတာကြားရဲ့လား၊ ဘာကြောင်ကြည့်နေတာလဲ၊ ဒီမှာ ဆုနဒီ အသတ်ခံရလို့ သေသွားပါပြီဆို'

ဟန်နီဆွေက နေသစ်ကို စိတ်မရှည်တော့ဘဲ ထပ်အော်ပြောလိုက်သည်။ ဒါတောင်မှ နေသစ်၏ အမူအရာက မျက်လုံးတစ်ဘက်ကို ထောင့်ကပ်ပြီး မေးစင်းသလိုလိုနှင့် သူမတို့အားလုံးကို အကဲခတ်ကြည့်လိုက်ပြီး…

'နင်တို့ ငါ့ကို နောက်နေကြတာလား'

'ဟဲ့ နင့်ကို ဒီအချိန်မှာ နောက်နေရအောင် အပြောင်အပျက်လုပ်ရမယ့်အချိန် မဟုတ်ဘူး'

နေသစ်ကို အားလုံးက တစ်ယောက်တစ်ပေါက် ဝိုင်းအော်ပြောလိုက်ကြသည်။ မိုးသက်အောင်ကတော့ သူ့မျက်နှာရှေ့တည့်တည့်မှ နံရံကို လက်တစ်ဘက်ဖြင့် လှမ်းထောက်လိုက်ရင်း နေသစ်ကို မကြည့်ဘဲ တစ်လုံးချင်း နှေးကွေးလေးလံစွာ ပြောလိုက်သည်။

'ဟုတ်တယ် နေသစ်၊ ဆုနဒီ အသတ်ခံလိုက်ရလို့ သေသွားပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ဒါဆို ဘယ်မှာလဲ'

နေသစ်က သူ့လက်ထဲတွင် ပွေ့ပိုက်ထားသော ထင်းချောင်းများကို ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲပစ်ချရင်း သေချာအောင် ထပ်မေးနေပြန်၏။

'ဟို… မီးဖိုခန်းထဲမှာ'

ရူပါကျော်နှင့် ဟန်နီဆွေတို့ကတော့ မျက်နှာသေတွေနှင့် ခေါင်းငုံ့နေကြပြီး ထင်လင်းနှင့် မိုးသက်အောင်တို့က ဆုနဒီလဲကျနေရာ မီးဖိုခန်းဆီသို့ လက်ညှိုးထိုးပြလိုက်ကြသည်။

နေသစ် မီးဖိုခန်းဝသို့ရောက်သောအခါ ဆုနဒီ လဲကျနေသည့် အနေအထားကိုကြည့်ပြီး ကိုယ်ကို နောက်သို့ အနည်းငယ်ဆုတ်လိုက်ကာ သူ့ပါးစပ်ကိုပင် ယောင်ယမ်းပြီး လက်နှင့် လှမ်းအုပ်မိရက်သား ဖြစ်သွားသည်။

'ဝုန်း… ဒလိန်း… ဂျိမ်း'

ရုတ်တရက် ဝင်းခနဲ လျှပ်စီးတစ်ချက် လင်းလက်လိုက်ပြီး မိုးခြိမ်းသံကြီးနှင့်အတူ မိုးစက်ပေါက်တို့က ဘန်ဂလိုအမိုးပြားများပေါ်သို့ လေနှင့်အတူ တဝေါဝေါပြိုဆင်းကျလာ၏။ ရူပါကျော်က သူမဘေးမှ ဟန်နီဆွေ၏လက်ကို အထိတ်တလန့်နှင့် လှမ်းကိုင်လိုက်ရာ သူမလက်ကဲ့သို့ပင် ဟန်နီဆွေ၏ လက်ဖဝါးများမှာလည်း အေးစက်တောင့်တင်းနေသည်။





'ဘုရား… ဘုရား… ငါတို့အတွက် ဒီညဟာ မကောင်းဆိုးဝါးတွေရဲ့ ကျိန်စာများသင့်နေပြီလား'

'ဂျိန်း… ဒလိန်း'

နောက်ထပ်တစ်ကြိမ် ကျယ်ကျယ်လောင်လောင်ကြီး ကြားလိုက်ရသော မိုးခြိမ်းသံနှင့်အတူ ဘန်ဂလိုတစ်ခုလုံး လျှပ်စစ်မီးများ ပျက်သွားကာ မဲမှောင်ကျသွားသည်။

●

'အား… အမလေး… ရူပါ… ရူပါကျော်'

'ဟဲ့… ဖယောင်းတိုင် ဖယောင်းတိုင် လုပ်ပါအုံး'

'ဘယ်မှမထွက်နဲ့ ကိုယ့်နေရာမှာကိုယ်နေကြ'

တစ်ယောက်တစ်ပေါက်နှင့် သွေးပျက်လုခမန်း အော်လိုက်ကြသော အသံတွေက ဘန်ဂလိုတစ်ခုလုံး ကျွက်ကျွက်ညံကုန်ကြသည်။ ရူပါကျော် ဖမ်းဆုပ်ကိုင်ထားသော လက်တစ်ဖက်မှာ တဆတ်ဆတ်တုန်ယင်နေပြီး သူမလက်မောင်းတစ်ဖက်ကိုလည်း တစ်ခြားတစ်ယောက်က ဖျစ်ညှစ်ဆုပ်ကိုင်ထား၏၊ သူမတို့အားလုံးမှာ တစ်ယောက်မျက်နှာကို တစ်ယောက်ပင် မမြင်ရလောက်အောင် ပတ်ဝန်းကျင်တစ်ခုလုံးမှာ ပိန်းပိတ်အောင် မှောင်နေသည်။ ဒီအထဲမှ ဟန်နီဆွေက ရှုံ့ရှုံ့ တအီ



www.burmeseclassic.com

www.burmeseclassic.com



အီဖြင့် အော်ဟစ်ငိုယိုနေပြန်၏။

ခဏအကြာတွင် ဇာနည်က သူ့လက်ထဲမှ မီးခြစ်ကိုမြှောက်ပြီး တစ်ချက်နှစ်ချက်ခြစ်လိုက်၏။ တဝူးဝူးတိုက်နေသောလေကြောင့် မီးခြစ်မှ မီးတောက်က ကြာကြာမခံ၊ ဟုတ်ခနဲ ပြန်ပြန်ငြိမ်းနေ၏။

'ဒီမှာ... ဒီမှာ ဓာတ်မီးတွေ့ပြီ'

မိုးသက်အောင်က သူ့ကျောပိုးအိတ်အတွင်းမှ ဓာတ်မီးအသေးလေးတစ်လက်ကို ဆွဲထုတ်ပြီး တစ်ခန်းလုံးကို ဝေ့ဝိုက်ထိုးကြည့်လိုက်သည်။ မိုးသက်အောင် ထိုးပြလိုက်သော ဓာတ်မီးရောင်တလက်လက်အောက်တွင် ဟန်နီဆွေနှင့် ရူပါကျော်တို့နှစ်ယောက်မှာ ကျောချင်းပူးကပ်နေကာ သူမတို့၏ မျက်နှာများက အလွန်အမင်း စိုးရိမ်ထိတ်လန့်နေကြသည့် ရုပ်တွေ ဖြစ်နေသည်။

နေသစ်က မိုးသက်အောင်၏ ဓာတ်မီးရောင်ဖြင့် ဘန်ဂလိုအပေါက်ဝတွင် ပစ်ချထားခဲ့သော သစ်ကိုင်းခြောက်များကို သွားယူလာကာ သူမတို့အားလုံး စုပြုံထိုင်နေရာ နေရာတွင် မီးဖိုရန် လုပ်နေ၏။

ပင်လယ်ပြင်မှ တသောသောတိုက်ခတ်နေသော မိုးသက်လေပြင်းများကြောင့် သူမတို့အားလုံးမှာ ခိုက်ခိုက်တုန်နေကြသော်လည်း ရင်ထဲတွင်ကိုယ့်အတွေးနှင့်ကိုယ် ပူလောင်နေကြသည်။ ရူပါကျော်က သူမ၏ဒူးခေါင်းကို ပွေ့ပိုက်ထားသော လက်နှစ်ဘက်ကိုဖြည်ကာ ဟန်နီဆွေ၏





ပခုံးကို သိုင်းဖက်ထားလိုက်သည်။ သူမ၏ ခေါင်းထဲတွင်လည်း ယခုအဖြစ်အပျက်များအားလုံးကို မိဘများအား ဘယ်လိုလုပ်ပြီး အကျိုးသင့်အကြောင်းသင့် ပြန်ရှင်းပြရမည်လည်းဟူသည့် အတွေးများက ရှုပ်ထွေးနောက်ကျိုနေ၏။

မကြာမီ နေသစ်၏ သစ်ကိုင်းခြောက်များမှာ တဖြည်းဖြည်းမီးစွဲလောင်လာပြီး အခန်းအတွင်း အလင်းရောင်ခပ်မှိန်မှိန်လေး လင်းလက်လာ၏။

ထိုမှိန်ပြပြအလင်းရောင်ကြောင့် သူတို့အားလုံး၏ မျက်နှာများကို အထင်အရှားပြန်မြင်လာရသည်။ ဟန်နီဆွေက မီးပုံအနားသို့ တရွေ့ရွေ့တိုးလာပြီးသစ်ကိုင်းခြောက်တစ်ခုကို မီးထိုးလိုက်ရင်းလှမ်းပြောလိုက်၏။

'ငါတို့အကုန်လုံးစုပြီး ကမ်းခြေကိုသွားကြမယ်၊ ကမ်းခြေရောက်ရင်တော့ ရဲဖြစ်ဖြစ်၊ ငါတို့ မိဘတွေကိုဖြစ်ဖြစ် ဘယ်နည်းနဲ့မဆို အကြောင်းကြားမှ ဖြစ်မယ်'

သူမ၏ မျက်နှာပေါ်တွင်လည်း မီးပုံထဲမှ မီးတောက်မီးလျှံတို့၏ အလင်းရောင်က တဖျတ်ဖျတ်ယိမ်းလှုပ်နေသည်။ ဟန်နီဆွေ၏ စကားကြောင့် ထင်လင်းက မီးပုံဘေးမှ မတ်တတ်ထရပ်လိုက်ရင်း...

'ဟ... ဘယ်ဖြစ်မလဲဟ၊ ညဘက်ကြီးသွားဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်ဘူး၊ အေး... တကယ်တမ်း မဖြစ်မနေသွားမယ်ဆိုရင်တော်



www.burmeseclassic.com

www.burmeseclassic.com



ကမ်းခြေမှာ မော်တော်ဘုတ်က အဆင်သင့်ရှိနေမှာမဟုတ်ဘူး၊ နောက်ပြီး အခုလို ညဘက်သွားဖို့ဆိုတာ လူသတ်သမားက လမ်းမှာ အချိန်မရွေး နေရာမရွေး တွေ့နိုင်တယ်၊ အဲဒီတော့မှ အသက်အန္တရာယ်ကြုံလာရင် နင်တို့မိန်းကလေးတွေကို ငါတော့ မကာကွယ်ပေးနိုင်ဘူး၊ အားလုံး မနက်လင်းမှသွားကြတာ အကောင်းဆုံးပဲ'

ရူပါကျော်က ထင်လင်းပြောပြနေသည့် လူသတ်သမား၏ ပုံပန်းသဏ္ဌာန်ကို စိတ်ထဲမှမှန်းကာ မြင်ယောင်ကြည့်နေပြန်သည်။

'အင်း... ဆုနဒီကိုသတ်သွားတဲ့ လူသတ်သမားက တော်ယုံတန်ယုံထဲကတော့ မဖြစ်နိုင်ဘူး၊ ဆုနဒီရဲ့အလောင်းမှာ တွန်းထိုးရိုက်ပုတ်ထားတဲ့ ဒဏ်ရာဒဏ်ချက်တွေကိုကြည့်ရင် တော်တော်လေးတော့ အင်အားရှိမယ့်ပုံပဲ၊ ဆုနဒီကလဲ ဒီလူသတ်သမားရဲ့ လက်ချက်နဲ့ မသေခင်မှာ ဘယ်လောက်တောင် အလူးအလဲခံလိုက်ရသလဲ မသိဘူး၊ သူလဲ လူသတ်သမားကို အနည်းနဲ့အများတော့ ကြိုးစားပန်းစား ပြန်ပြီးခုခံလိုက်ရမှာပဲ၊ ဆုနဒီနေရာမှာ ငါသာဆိုရင်လဲ လူသတ်သမားရဲ့လက်က ဘယ်လိုမှ လွတ်နိုင်မယ်မထင်ဘူး'

ရူပါကျော်မှာ ဆုနဒီ၏ အဖြစ်ကို ပြန်တွေးကြည့်ရင်း သနားနေမိသည်။ တကယ်ဆိုရင် သူမတို့အားလုံး၏ ဆန်းဆန်းပြားပြား စိတ်ကူးများကြောင့် ဒီအဖြစ်ဆိုးကြီးကို မလွဲမသွေကြုံလိုက်ရခြင်း ဖြစ်နေသည်





လား မပြောတတ်ချေ။ သူမစိတ်ထဲတွင် ရှုပ်ထွေးနောက်ကျိနေသည့် ကြောက်လန့်တုန်လှုပ်ခြင်း၊ စိုးရိမ်ခြင်းများနှင့်အတူ ဘာမှန်းမသိသော အန္တရာယ်တစ်ခု၏ ရနံ့ကိုရနေသည်။

'ဒီလူသတ်သမားက အပြင်မှာ မဟုတ်ရင်ကော'

ရုတ်တရက်ပြောလိုက်သော ဟန်နီဆွေ စကားကြောင့်...

'ဟင်...'

'ဘာ... ဘာပြောတယ် ဟန်နီဆွေ အပြင်မှာမဟုတ်ရင် ဘာလဲ'

အားလုံး၏ မျက်နှာအမူအရာများက ဟန်နီဆွေစကားကြောင့် ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြကာ တစ်ဖျစ်ဖျစ် တောက်လောင်နေသော မီးတောက်မီးလျှံများကြားတွင် ငေးငေးငိုင်ငိုင်တွေ ဖြစ်ကုန်ကြသည်။

ဟန်နီဆွေက သူမ၏ ထင်မြင်ယူဆချက်တို့ကို အခိုင်အမာဖြင့် နောက်တစ်ကြိမ် ထပ်မံပြောဆိုလိုက်ပြန်သည်။

'အေး... ဟုတ်တယ် လူသတ်သမားက ဒီဘန်ဂလိုထဲကို ရောက်မနေဘူးလို့ ဘယ်သူပြောနိုင်လဲ'

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

ရူပါကျော်က ဟန်နီဆွေစကားကြောင့် မျက်မှောင်တစ်ချက်ကျုံ့လိုက်ပြီး တွေတွေဝေဝေဖြစ်သွား၏။

'ဟန်နီဆွေပြောသလို ငါတို့ ဘန်ဂလိုထဲမှာ ဒီလူသတ်တရားခံ ရှိနေပြီဆိုရင်တော့...'

မီးပုံဘေးတွင် စုပြုံထိုင်နေကြရင်း အားလုံးမှာ လှုပ်လှုပ်ရှားရှား ဖြစ်ကုန်သည်။ စက္ကန့်ပိုင်းအတွင်းမှာပင် သူတို့အားလုံး၏ သွေးများက ဆူပွက်လာကြ၏။ တကယ်တမ်းသာ ဟန်နီဆွေပြောသလို ဒီဘန်ဂလိုထဲတွင် လူသတ်သမားက ပုန်းအောင်းနေပါက သူတို့အားလုံး၏ အခြေအနေတို့ကို စောင့်ကြည့်အကဲခတ်နေပေလိမ့်မည်။

ဇာနည်က မီးဖိုအတွင်းမှ ရဲရဲတောက်လောင်နေသော လက်မောင်းလုံးခန့် ထင်းချောင်းတစ်ချောင်းကို ဆတ်ကနဲ ကောက်ယူကာ ရုတ်တရက် မတ်တတ်ထရပ်လိုက်၏။ သူတို့အားလုံး၏ စိတ်ထဲတွင်လည်း





ငုတ်တုတ်ထိုင်ကာ ထိတ်လန့်ကြောက်ရွံ့နေကြမည့်အစား လူသတ်သမားကို အနေးနှင့်အမြန် ပြေးတွေ့လိုက်ချင်နေကြသည်။ ဇာနည်က သူ့လက်ထဲမှ တဖျစ်ဖျစ်တောက်လောင်နေသော ထင်းချောင်းကို မြှောက်ကာ ထင်လင်းကို လှမ်းပြောလိုက်၏။

'ဟေ့ကောင် ထင်လင်း... မင်းခါးကြားထဲက သေနတ်ကို အသင့်ပြင်ထား...'

'ဟာ ဟေ့ကောင်တွေ၊ အရမ်းအရမ်း မလုပ်ကြနဲ့အုံးကွ... ဘာမှန်းလဲသေသေချာချာသိသေးတာမဟုတ်ဘူး။ အခုကိစ္စက အန္တရာယ်ကြီးတယ်ကွ၊ ခေါင်းအေးအေးထားပြီး စဉ်းစဉ်းစားစားလုပ်စမ်းပါ'

နေသစ်ကတော့ သူ့ပုံစံသူ့အကျင့်အတိုင်း သွေးအေးအေးနိုင်လှသည်။ ရူပါကျော်နှင့် ဟန်နီဆွေတို့က ထိုင်ရမလို ထရမလိုနှင့် ယောကျ်ားလေးတွေ၏ လှုပ်ရှားမှုများကို ကြိုးကြည့်ကြောင်ကြည့်ဖြင့် လိုက်ကြည့်နေမိသည်။

'ဒီအချိန်မှာ ငါတို့ဘက်က လက်နှေးနေရင် ခံသွားရမယ်။ အဲဒီတော့ ဒီဘန်ဂလိုတစ်ခုလုံး အပေါ်ထပ်ကော အောက်ထပ်ပါ လူစုခွဲပြီး ရှာကြမယ်၊ ဘယ်လိုလဲ...'

ဇာနည့်အစီအစဉ်ကြောင့် အားလုံး လှုပ်လှုပ်ရွရွဖြစ်ကုန်သည်။ တုတ်ရှာသူကရှာ၊ မီးတုတ်ကိုင်သူက ကိုင်နှင့် တစ်ယောက်တစ်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းပြီးပြောလိုက်သည့် စကားသံများက ဘန်ဂလိုတစ်ခုလုံး ဆူဆူညံညံတွေ ဖြစ်ကုန်ကြသည်။ ရူပါကျော်၏ လက်ထဲတွင်ပင် မီးတောက်နေသော ထင်းချောင်းတစ်ချောင်းကို ကောက်ကိုင်မိရက်သားဖြစ်သွားသည်။ သူမကိုယ်သူမလည်း ဖြစ်ပေါ်လာမည့် အခြေအနေတို့ကို တွေးရင်းထိတ်ထိတ်ပျာပျာ ဖြစ်နေသည်။

'မပြောကောင်းမဆိုကောင်း ငါ ဒီကျွန်းပေါ်က အသက်ရှင်လျက်နဲ့ ပြန်သွားနိုင်ပါတော့မလား… ဒီလိုဒုက္ခ အခက်အခဲတွေနဲ့အမျိုးမျိုး တွေ့ကြုံနေရတဲ့ကျွန်းကိုမှ ငါတို့ရွေးပြီး လာမိရက်သားဖြစ်နေတယ်'

ရူပါကျော် အတွေးများက အလိုလိုနေရင်း ဝမ်းနည်းလာပြီး နောင်တတွေ တသီကြီးရနေမိသည်။

'ကဲ…လူခွဲမယ်၊ ငါနဲ့အတူ မိုးသက်အောင်ရယ် ထင်လင်းရယ် အပေါ်ထပ်ကိုတက်ရှာမယ်၊ ကျန်တဲ့သူတွေက အောက်ထပ်မှာ ရှာကြ'

ဇာနည်က ဘယ်က ဘယ်လို ရလာရမှန်းမသိသည့် သံချောင်းရှည်ကြီးတစ်ချောင်းကို လက်တစ်ဖက်က ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပြီး လူစုခွဲလိုက်သည်။ ထင်လင်းက သူ့ခါးကြားမှ သေနတ်ကိုဆတ်ကနဲ ဆွဲထုတ်လိုက်ပြီး…

'ငါတော့ အောက်ထပ်မှာပဲ လိုက်ရှာမယ်၊ ဒီမှာက ရူပါကျော်တို့





ဟန်နီဆွေတို့ မိန်းကလေးတွေ ရှိနေတော့ ငါရှိနေမှဖြစ်မှာ၊ နေသစ်ကလည်း အေးတိအေးစက်နဲ့ ဘာမှ လုပ်တတ်ကိုင်တတ်တာ မဟုတ်ဘူး'

ထင်လင်းစကားကြောင့် နေသစ်က မကျေမနပ်နှင့် လှမ်းကြည့်လိုက်သည်။ ဟန်နီဆွေနှင့် ရူပါကျော်တို့ကတော့ တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်ထားကာ ဘယ်အချိန် လူသတ်သမားက သူတို့ရှေ့မှ ဘွားကနဲ ပေါ်လာမည်လဲဆိုသည်ကိုသာ တွေးရင်း ရင်တမမဖြစ်နေကြသည်။

သူမတို့အားလုံး မီးပုံကိုဝိုင်းပတ်ကာ ကျောပေးပြီး အသင့်အနေအထားနှင့် မတ်တတ်ရပ်လိုက်ကြသည်။ ဆေးအဖြူသုတ်ထားသောအခန်းနံရံပတ်ပတ်လည်တွင် တဖျတ်ဖျတ်ယိမ်းလှုပ်နေသော လိမ္မော်ရောင်မီးတောက်များကြားမှ သူမတို့အရိပ်တွေက တစ်စုံတစ်ရာကို ရင်ဆိုင်ကြရန်အသင့်ဖြစ်နေကြပြီ။

ထင်လင်းနှင့် နေသစ်တို့နှစ်ယောက်က ဘန်ဂလိုအောက်ထပ်ရှိတံခါးများကို အလုံပိတ်လိုက်ကြ၏။ မိုးသက်အောင်နှင့် ဇာနည်တို့မှာသူတို့တာဝန်ယူထားသည့် အပေါ်ထပ်ကိုတက်ပြီးရှာရန် လှေကားဆီသို့တရွေ့ရွေ့လျှောက်သွားနေ၏။

ကြောက်ရွံ့အေးစိမ့်မှုတစ်ခုက ရူပါကျော့် ကျောရိုးတစ်လျှောက်စိမ့်တက်လာနေသည်။ အကြိမ်ကြိမ် ကြိတ်မှိတ်မြိုချနေရသော ပင့်သက်



www.burmeseclassic.com

www.burmeseclassic.com



တို့က ရှုပါကျော့ရင်ကို မောဟိုက်လာစေ၏။

တစ်ချက်တစ်ချက် 'ဖောင်းကနဲ၊ ဖျောက်ကနဲ' ထ ထ ပေါက်နေသည့် မီးပုံအတွင်းမှ မီးကျည်မီးခဲတို့က ရှုပါကျော့၏ အတွေးအာရုံများကို လှုပ်နိုးနေသလိုဖြစ်နေ၏။

ဘန်ဂလိုအပြင်ဖက်တွင်တော့ သဲသဲမဲမဲရွာနေသော မိုးသီးမိုးပေါက်တို့က စောစောကလောက် မသည်းထန်တော့ဘဲ အုန်းလက်ပေါ်တွဲခိုနေသော ရေစက်ရေပျောက်များလောက်သာ လေတိုက်တိုင်း ခေါင်မိုးပြားများပေါ်သို့ တဖျန်းဖျန်းကျနေသည်။

●





ခဏအကြာတွင် အပေါ်ထပ်မှ မိုးသက်အောင်နှင့် ဇာနည်တို့ ပြန်ဆင်းလာ၏။ သူတို့၏ မျက်နှာအမူအရာမှာလည်း ရှုပါကျော့တို့လိုပင် ဘာမှထူးခြားသည့် အရိပ်လက္ခဏာမျိုး မတွေ့ရ။

'အင်း… လူသတ်သမားဆိုတာ တကယ်တော့ ထင်လင်းပြောမှ အားလုံးကသိကြတာ၊ နောက်ပြီး အဲဒီလူသတ်သမားက ဆုနဒီကို သတ်ရလောက်အောင်ကော ဘာအကြောင်းတွေ ရှိခဲ့လို့လဲ'

တဖျတ်ဖျတ် ယိမ်းလှုပ်နေသော မီးတောက်မီးလျှံများကြားတွင် ရှုပါကျော့မျက်လုံးတွေက တစ်စုံတစ်ရာကို နက်နက်ရှိုင်းရှိုင်း တွေးကြည့်နေသည့်ပုံမျိုး။

'ဟဲ့… ထင်လင်း၊ နင့်ကို ငါတစ်ခုမေးမယ် နင်မှန်မှန်ဖြေ၊နင့်ရင်ဘတ်က သွေးတွေက တကယ်ပဲ မှန်ကွဲစရှတာလား…'

ရှုပါကျော့ တစ်ချိန်လုံး တစ်နံ့နံ့ဖြင့်တွေးကာ သက်မကင်းဖြစ်နေသော ထင်လင်းရင်ဘတ်ပေါ်မှ သွေးထွက်နေသည့် ဒဏ်ရာကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကာ လှမ်းမေးလိုက်၏။ သူမ၏မျက်လုံးတွေကလည်း မီးရောင်များကြားတွင် တဖိတ်ဖိတ်တောက်နေ၏။

'ငါပြောပြီးပြီပဲ၊ မှန်ကွဲစ ရှာတာပါဆို၊ ဘာလဲ နင်တို့က မယုံလို့လား'

ထင်လင်းက သူ့လက်ထဲမှ မီးစွဲလောင်နေသော သစ်ကိုင်းခြောက်တစ်ခုကို မီးပုံထဲသို့ စိတ်ဆိုးမာန်ဆိုး ပစ်ပေါက်ထည့်လိုက်၏။ မိုးသက်အောင်နှင့် ဇာနည်မှာ ထင်လင်း၏ စကားကြောင့်···

'ငါနဲ့ ဇာနည် အခုနက အပေါ်တက်ပြီးရှာတော့ အပေါ်ထပ်က ပြူတင်းပေါက်မှန်တွေကို အကုန်လိုက်ကြည့်ပြီးပြီ၊ ဘယ်မှန်မှ ကွဲတာမတွေ့ဘူး'

ရူပါကျော့် စိတ်ထဲတွင် ဖြစ်ပေါ်နေသော သံသယမျိုး မိုးသက်အောင်နှင့် ဇာနည်တို့တွင်လည်း ရှိနေကြပုံရသည်။

ထိုစကားကြောင့် ထင်လင်း၏မျက်နှာမှာ ကွက်ကနဲဖြစ်သွားပြီး မိုးသက်အောင်နှင့် ဇာနည်တို့၏ မျက်နှာနားသို့ တိုးကပ်သွားကာ ဒေါသထွက်သွားသည့် အမူအရာဖြင့်···

'ဘာလဲ မင်းတို့အားလုံးက ဆုနဒီကို ငါသတ်တယ်လို့ စွပ်စွဲချင်ကြတာလား···'

'ဒါဆိုလည်း ငါတို့အကုန်လုံး လက်ခံအောင်တော့ တစ်ခုခုရှင်း





ပြပေါ့'

ဇာနည်က အားလုံး၏ရှေ့တွင် ဖြေရှင်းချက်တစ်ခုခုကို တောင်းဆိုနေ၏။ ရူပါကျော်နှင့် အတူ ကျန်သူများအားလုံးကလည်း ထင်လင်း၏ အဖြေကို အာရုံစိုက်ကာ နားထောင်နေကြသည်။

ထင်လင်းက ဘုဆတ်ဆတ် အမူအရာဖြင့်···

'မင်းတို့ မှန်ကွဲကို ဘယ်တွေ့မလဲ၊ အဲဒီနားမှာ အသင့်တွေ့တဲ့ မှန်တစ်ချပ်ကို ငါလဲတပ်ခဲ့ပြီးပြီ။ မင်းတို့မယုံရင် အပေါ်ထပ်အခန်းထောင့်က အမှိုက်ပုံးထဲမှာ မှန်ကွဲစတွေရှိတယ် သွားကြည့်လိုက်'

ဘန်ဂလိုတစ်ခုလုံး တိတ်ဆိတ်သွား၏။ ထင်လင်း၏ ဖြေရှင်းချက်ကိုလည်း ဘယ်သူကမှ ထပ်ပြီး စောဒကတက်မနေတော့ဘဲ ကိုယ့်အတွေးနှင့် ကိုယ် ငေးငေးငိုင်ငိုင်တွေ ဖြစ်ကုန်ကြသည်။ အပေါ်ထပ်မှ မှန်များမှာလဲ အလွယ်တကူ ဖြုတ်နိုင် တပ်နိုင်သော တရုတ်ကတ်မှန် အမျိုးအစားများဖြစ်သောကြောင့် အားလုံးက ဆိတ်ဆိတ်ပင်ပြန်နေလိုက်ကြသည်။

ထိုသို့ တိတ်ဆိတ်နေသော သူမတို့ကြားတွင် ပင့်သက်ရှိုက်သံတစ်ခုက တစ်ချက်တစ်ချက် ထွက်ပေါ်နေ၏။ ထိုအသံမှာ ဒူးခေါင်းပေါ် လက်နှစ်ဖက်ယှက်တင်ကာ ခေါင်းငုံ့ပြီး ငိုနေသော ဟန်နီဆွေ့အသံပင် ဖြစ်နေသည်။ ရူပါကျော်က ဟန်နီဆွေ ပခုံးပေါ်သို့ လက်တစ်ဖက်ကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းတင်ရင်း နှစ်သိမ့်နေပြန်သည်။

'တော်ပါတော့ ဟန်နီရယ်၊ ငါတို့ရှေ့ဆက်ပြီး ဘာလုပ်ရမယ် ဆိုတာသာ အရေးကြီးတာ၊ နင်အခုလို ငိုနေရုံနဲ့ ဘာမှပြီးသွားမယ့် ကိစ္စ မဟုတ်တော့ဘူး'

'စောစောက ငါဆုနဒီအပေါ် ဒေါသနဲ့ သတ်ပြစ်ချင်တယ်လို့ ပြောလိုက်မိတာ ငါ့ကိုယ်ငါ စိတ်မကောင်းလွန်းလို့ပါ ရူပါရယ်၊ အခုတော့ သူဘယ်သူ့လက်ချက်နဲ့ သေမှန်းမသိ တကယ်သေသွားရရှာပြီ၊ ဟီး...ဟီး...'

ပြောရင်းနှင့် တဟီးဟီး ငိုနေသည့် ဟန်နီဆွေကို အားလုံးက ဝိုင်းပြီး ချော့မော့နေကြသည်။ ရူပါကျော် မျက်ဝန်းတွေထဲတွင်လည်း ကျန်သူများအားလုံး၏ မျက်နှာရိပ်မျက်နှာကဲတို့ကို အကဲခတ်သလို လျှောက်ကြည့်နေမိသည်။ သူမ ကြည့်နေသည့် မျက်နှာများပေါ်တွင် သူမကို အမြဲတမ်း တစ်ချောင်းချောင်း တစ်နေရာရာမှ ခိုးကြောင်ခိုးဝှက်နှင့် စူးစူးစိုက်စိုက် ကြည့်ကြည့်နေတတ်သည့် နေသစ်၏ မျက်နှာကို ဖျတ်ခနဲ ပြေးမြင်မိသွားသည်။

နေသစ်ကတော့ မိုးသက်အောင်ဘေးတွင် ဆောင့်ကြောင့်ထိုင်နေကာ မီးပုံထဲမှ သစ်ကိုင်းခြောက်ကို မီးတောက်လာစေရန် လေဖြင့် တဖူးဖူးမှုတ်နေသည်။





ဘာပဲပြောပြော ရူပါကျော်က သူမဦးနှောက်ထဲမှ သံသယတွေ အကုန်လုံးကို ယခုလိုအခြေအနေတွင် ပွင့်အန်ချလိုက်တာ အကောင်းဆုံး ဟု ထင်မိနေသည်။ ထို့နောက် သူမရှေ့မှ နေသစ်မျက်နှာကို စေ့စေ့ စိုက်ကြည့်ပြီး...

'ဒီမှာ နေသစ်၊ ဆုနဒီမသေခင်က နင်နဲ့သူ မီးဖိုခန်းထဲမှာ စကားများ ရန်ဖြစ်ကြသေးတယ် မဟုတ်လား'

နေသစ်မျက်နှာမှာ မည်းခနဲ ဖြစ်သွားပြီး ခေါင်းခါလက်ခါဖြင့် ရူပါကျော်ကို အတင်း ပြန်ငြင်းလိုက်၏။

'ဟင့်အင်း အဓိပ္ပာယ်မရှိတာ၊ ငါက သူနဲ့ဘာဖြစ်လို့ ရန်ဖြစ်ရမှာလဲ၊ သူအခုလိုဖြစ်တဲ့အချိန်မှာ ဒီဘန်ဂလိုထဲမှာတောင် ငါမရှိဘူး။ အပြင်မှာ ထင်းသွားကောက်နေတာ၊ အဲဒီတုန်းက ဒီမှာကျန်ခဲ့တာဆိုလို့ မိုးသက်အောင်ရယ် ထင်လင်းရယ်ပဲ ကျန်ခဲ့တာ၊ ငါ့ကိုလာပြီး စွပ်စွပ် စွဲစွဲ မလုပ်နဲ့'

ရူပါကျော်အတွေးထဲတွင် ထိုအချိန်က မီးဖိုခန်းအတွင်း ကြားနေခဲ့ သောအသံမှာ နေသစ်၏အသံဟု စိတ်ကထင်နေမိသော်လည်း သူမတွင် ဘာတစ်ခုမှ ခိုင်ခိုင်လုံလုံ အကြောင်းပြချက်များ ရှိမနေ။ တကယ် တမ်း နေသစ်တို့ ထင်လင်းတို့က ဆုနဒီကို မသတ်ပါဘူးဟု လိမ်ပြော နေလျှင်တောင်မှ ရူပါကျော်အဖို့ အလိမ်ပေါ်သည်အထိ ဖော်ထုတ်ရဲ



www.burmeseclassic.com

www.burmeseclassic.com



သည့်သတ္တိ ရှိမနေ၊ တစ်ယောက်ယောက်က ဟုတ်ပါသည်ဟု ဝန်ခံလိုက်မည်ကိုပင် သူမ မကြားရဲလောက်အောင် ဖြစ်နေသည်။

■





## အခန်း (၁၃)

ညသည် မရဏဆန်ဆန် မှောင်မဲ တိတ်ဆိတ်နေ၏။

တဖျစ်ဖျစ်မြည်ကာ တဟုန်းဟုန်း တောက်လောင်နေသော မီးတောက် မီးလျှံများဘေးတွင် သူမတို့အားလုံးမှာ တစ်စုံတစ်ရာကို သံသယမျက်လုံးများဖြင့် ယုတ္တိဆန်ဆန် တွေးတောနေကြသည့် အမူအရာတွေ ဖြစ်နေသည်။ ဟန်နီဆွေကတော့ ဘာကိုမှလည်း တွေးတောမနေဘဲ ရုပ်ကြော့ ဘေးတွင် တရှုံ့ရှုံ့ငိုနေဆဲပင်ဖြစ်သည်။ သူမ၏ချစ်သူ ဇာနည်က သိပ်စိတ်ရှည်တော့သည့်ပုံ မပေါ်ဘဲ လှမ်းပြောလိုက်၏။

'ဟန်နီရယ် နင်ကလဲ ငါတို့ဒီမှာ ဦးနှောက်တွေခြောက်နေရတဲ့အထဲ ငိုမနေစမ်းပါနဲ့ဟာ'

'နင်တို့တင် ဦးနှောက်ခြောက်နေတာမဟုတ်ဘူး၊ ဒီမှာ ငါလည်း စိတ်ရှုပ်လွန်းလို့ တစ်ခေါင်းလုံး ကိုင်ရိုက်ထားသလို ဖြစ်နေပြီရှုလား အီး...ဟီး...ဟီး'



www.burmeseclassic.com

www.burmeseclassic.com



ဟန်နီဆွေက ဇာနည့်ကို မျက်စောင်းထိုးရင်း အော်ဟစ်ကာပင် ဆက်ပြီး ငိုနေပြန်သည်။

'တော်တော့ ဟန်နီ နင့်ပါးစပ်ကိုပိတ်ထားလိုက်တော့'

ဘယ်လိုမှ ပြောလို့မရသည့်အဆုံးတွင် ဇာနည့်အသံက မာကြော ခက်ထန်သည့်လေသံဖြင့် လှမ်းအော်လိုက်သည်။

'ဘာဖြစ်လဲဟာ ငါ့ဖာသာငိုတာ၊ နင်ကလဲ ဘာလဲ နင့်ကောင်မ ဆုနဒီသေလို့ ငါ့အပေါ်လာပြီး မဲနေလား'

တဖြည်းဖြည်းနှင့် ဇာနည်နှင့် ဟန်နီဆွေ၏ စကားများက မလိုအပ်သည့် အကြောင်းများပါ ပါလာပြီး တစ်ယောက်တစ်ခွန်း အော်ဟစ်စကားများလာကြသည်။ ရှုပါကျော်က သူမခေါင်းကို စိတ်ပျက် လက်ပျက် တဗျင်းဗျင်းကုတ်လိုက်ရင်း...

'တော်ကြပါတော့ဟာ၊ နင်တို့နှစ်ယောက်ကလည်း ဒီလောက် ဒုက္ခတွေ ရောက်နေကြရတဲ့အထဲ'

ဘန်ဂလိုခေါင်မိုးပေါ်သို့ ကျနေသည့် မိုးရေစက်တို့၏ အသံက တူရိယာတစ်ခုကို ခပ်ကြမ်းကြမ်း တီးခတ်နေသည့်အသံမျိုး ဖြစ်နေသည်။ ညကတဖြည်းဖြည်း နက်လာသည်နှင့်အမျှ အားလုံး၏ စိတ်တွေကလည်း ကသောင်းကနင်းနှင့် ဆောက်တည်ရာမဲ့လာနေကြ၏။

ထိုစဉ်... စောစောက ပိတ်ထားသော ဘန်ဂလို အဝင်ဝမှ





တံခါးမကြီးက ရုတ်တရက် အရှိန်ဖြင့် ဝုန်းခနဲ ပွင့်ထွက်လာသည်။

'ဝုန်း...'

ရှုပါကျော်တို့ တစ်ဖွဲ့လုံးမှာ အသံကြားရာဆီသို့ သွေးပျက်ထိတ် လန့်သော မျက်လုံးများဖြင့် ပြိုင်တူ လှမ်းကြည့်လိုက်ကြသည်။

'ဟင်... ဘယ်သူလဲ'

●



www.burmeseclassic.com

www.burmeseclassic.com



သူမတို့ ကြည့်လိုက်ကြသည့် အမှောင်ထဲတွင်တော့ တံခါးမကြီးက ပွင့်လျက်သားဖြစ်နေပြီး အပြင်ဘက်တွင် တစ်ယောက်တစ်လေကိုမျှ မတွေ့ရ။ သူမတို့အားလုံးမှာလည်း အချင်းချင်း ပူးကပ်မိလျက်သားဖြစ်သွားကြသည်။ ရူပါကျော့ အထင်ကတော့ လူသတ်သမားက တံခါးထောင့်တစ်နေရာရာသို့ပင် ရောက်နေပြီဟု ထင်နေ၏။

‘ဒါ ဘာလဲ ငါတို့ဆီကိုများ လူသတ်သမားလာနေပြီလား’

နေသစ်ကတော့ ဘန်ဂလိုအဝင်ဝမှ တံခါးကြီးကိုကြည့်ကာ သူ့ထင်မြင်ချက်တွေကို ပြောနေ၏။

‘ဒါ လေတိုက်လို့ သူ့အလိုလို ပွင့်ထွက်သွားတာပဲ ဖြစ်မယ်’

‘ဟာ… မင်းကလဲ ဒီလောက်လေတိုက်ရုံနဲ့ ဒီတံခါးကြီးကပွင့်နိုင်ပါ့မလား’

ဇာနည်က နေသစ်၏စကားကို ကန့်ကွက်သလိုနှင့် အရှိန်မသေသေးဘဲ လှုပ်ခါနေသော တံခါးမကြီးကို စိုးရိမ်မကင်း ဖြစ်နေသော မျက်လုံးများဖြင့် ကြည့်နေ၏။





ရူပါကျော့လက်ကို ဆုပ်ကိုင်ထားသော ဟန်နီဆွေ၏ လက်များမှာ အေးစက်တုန်ယင်နေပြီး အော်ဟာစ်ငိုယိုကာ အိမ်ပြန်ကြဖို့ကို ပါးစပ်မှ တတွတ်တွတ် ပြောနေပြန်သည်။

‘ငါတို့ အိမ်ပြန်ကြရအောင်၊ ဒီမှာ ဆက်ပြီး ဘယ်လိုမှမနေရဲတော့ဘူး…အီး…ဟီး…’

‘ဘယ်ပြန်လို့ဖြစ်မှာလဲဟ၊ မနက်မိုးလင်းလို့ ရဲတွေလာပြီး အားလုံးကိစ္စတွေရှင်းမှ ပြန်လို့ရမှာ’

ထင်လင်းက အကြောက်ကြောက် အလန့်လန့်နှင့် အော်ဟာစ်ငိုယိုနေသည့် ဟန်နီဆွေ့ကို လှမ်းအော်ပြောလိုက်သည်။

ရူပါကျော်ကတော့ ထင်လင်းပြောသည့် ဝရမ်းပြေးလူသတ်သမားနှင့်ပတ်သက်သည့် အတွေးပေါင်းစုံကို အမျိုးမျိုးတွေးကြည့်နေ၏။

‘အင်း… တကယ်တော့ ဝရမ်းပြေး လူသတ်သမားဆိုတာ ထင်လင်းရဲ့ အပြောပဲ။ ငါတို့ မျက်စေ့နဲ့ မြင်ရတာလဲ မဟုတ်ဘူး၊ တကယ်လို့ သူပြောတဲ့ လူသတ်သမားက တကယ်ရှိမနေခဲ့ရင် ဆုနဒီကို ဘယ်သူသတ်တာလဲ ငါတို့ အခုဝိုင်းထိုင်နေတဲ့ သူငယ်ချင်းတွေထဲက တစ်ယောက်ယောက် ဒါမှမဟုတ်…’

တွေးရင်းနှင့် ရူပါကျော့ ကျောထဲမှ စိမ့်တက်လာသလို တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းများ တဖြန်းဖြန်း ထလာ၏။ သူမ ထင်သလို



www.burmeseclassic.com

www.burmeseclassic.com



လူသတ်သမားက သူမတို့ထဲက ဖြစ်နေခဲ့လျှင်ဆိုသည့် အတွေးများကြောင့် နဖူးပေါ်မှ ချွေးသီးချွေးပေါက်များပင် တဒီးဒီးကျလာနေသည်။ သူမ၏ မျက်စေ့တွေက ဂနာမငြိမ်တော့ပဲ အားလုံးကို သံသယမျက်လုံးများဖြင့် လိုက်ကြည့်နေစဉ် နေသစ်က…

'ငါတို့အားလုံး ဆုနဒီရဲ့အလောင်းကို သေချာအောင် နောက်ထပ် တစ်ခါလောက် သွားကြည့်ကြရင် မကောင်းဘူးလား'

အားလုံးက နေသစ်၏စကားကို တုတ်တုတ်မျှ မလှုပ်ကြ၊ ရှုပါကျော် ကိုယ်တိုင်လဲ ဆုနဒီ၏ပုံပျက်ပန်းပျက်ဖြစ်နေသော အနေအထားကြီးကို ဘယ်လိုမှ ထပ်ပြီးမကြည့်ချင်တော့။

ပြောပြောဆိုဆို ဘယ်သူမှ အဖော်ညှိလို့ မရသည့်အဆုံးတွင် နေသစ်က မီးပုံထဲမှ တစ်ဟုန်းဟုန်းတောက်လောင်နေသော ထင်းချောင်းတစ်ချောင်းကို ကောက်ယူကာ ဆုနဒီ အလောင်းရှိရာ မီးဖိုခန်းသို့ တစ်ယောက်ထဲ ဝင်သွားသည်။ နေသစ်လက်မှ ကိုင်ထားသော သစ်ကိုင်းခြောက်၏ မီးအလင်းရောင်က မီးဖိုခန်းတစ်ခုလုံး လင်းထိန်နေ၏။

နေသစ် မီးဖိုခန်းအတွင်းသို့ ဝင်သွားပြီး ခဏအကြာတွင်…

'ဟာ… ဒါကဘာလဲ'

အမှတ်မထင် မီးဖိုခန်းဆီမှ တအံ့တသြဖြင့် လှမ်းအော်ပြောလိုက်သော နေသစ်၏ အသံကြောင့် ရှုပါကျော်တို့ တစ်အုပ်စုလုံးမှာ





ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြသည်။ နေသစ်က ဆက်ပြီး…

'ဒီမှာကြည့်စမ်း၊ ဆုနဒီရဲ့အလောင်းအောက်မှာ ဦးထုပ်တစ်လုံး'

သူမတို့အားလုံး နေသစ်ရှိရာ မီးဖိုခန်းဆီသို့ ပြေးပြီးသွားကြည့်လိုက်ကြသည်။ ဆုနဒီ၏ ပခုံးစွန်းအောက်တွင် သွေးများစွန်းပေနေသည့် အပြာရောင် ဦးထုပ်တစ်လုံးက ပြားချပ်ပြီး တွန့်ကြေနေ၏။ နေသစ်က ထိုဦးထုပ်ကို လက်ညှိုးနှင့် လက်မကို ညှပ်ကာ ခပ်ဖွဖွကောက်ယူလိုက်သည်။ သူ့လက်ထဲတွင်ပါလာသော ဦးထုပ်မှ ဆုနဒီ၏ သွေးများက တစ်စက်စက် ကျနေ၏။

'ဟင်… ဒါ… ဒါ ဘယ်သူ့ဦးထုပ်လဲ'

အားလုံး၏ မျက်နှာများမှာ သွေးများ အကွက်လိုက် စွန်းပေနေသော ဦးထုပ်ကိုကြည့်ကာ စဉ်းစား တွေဝေကုန်ကြ၏။ ထင်လင်း၏ မျက်နှာက နေသစ် ထိုဦးထုပ်ကို ကောက်ယူလိုက်စဉ် ကွက်ခနဲ မျက်စိမျက်နှာပျက်သွားသည်ကို ရှုပါကျော် ရိပ်မိလိုက်သည်။

'ဒါ ငါ့ဦးထုပ်၊ ငါ့ကျောပိုးအိတ်ထဲကနေ ဘယ်လိုဖြစ်ပြီး ဒီကို ရောက်နေတာလဲ'

ထင်လင်း၏ မျက်နှာတစ်ခုလုံးမှာလည်း ချက်ချင်း သွေးဆုတ်ဖြူလျော်သွား၏။

'ဟော့ကောင် ထင်လင်း၊ မင်းဘာကိုငြင်းအုံးမှာလဲ… မင်းကျော



www.burmeseclassic.com

www.burmeseclassic.com



ပိုးအိတ်ထဲက ဦးထုပ်က အကြောင်းမဲ့ အလကားနေရင်းတော့ ဆုနဒီရဲ့ အလောင်းအောက်ကို ရောက်မနေဘူး။ မှန်မှန်ပြော ဟော့ကောင် ဆုနဒီကို သတ်တာ မင်း မဟုတ်လား'

ဇာနည်က ပြောပြောဆိုဆို ထင်လင်း၏ အင်္ကျီကော်လာစကို လက်တစ်ဖက်က လှမ်းဆွဲကာ ကျန်လက်တစ်ဖက်ကလဲ သူ့မျက်နှာကို လက်သီးဖြင့် ချိန်ရွယ်ထား၏။

ကျန်သူများအားလုံးကလဲ ထင်လင်းကို တစ်ယောက်တစ်ပေါက် ဖြင့် ဝိုင်းပြီး စွပ်စွဲလိုက်ကြသည်။ ထင်လင်း၏မျက်နှာပေါ်တွင် သွေး ပျက်လှမတတ် ဖြစ်နေ၏။ ဟန်နီဆွေ့အသံက အခုမှပြန်ထွက်လာကာ...

'နင့် ဦးထုပ်က ခြေထောက်ပေါက်ပြီး ရောက်လာတာလား၊ နင်လိမ်ဖို့ မကြိုးစားနဲ့ထင်လင်း'

'နေဦး နေကြဦး၊ နင်တို့အားလုံး သတိထားမိကြလား၊ ဆုနဒီကို ငါတို့သွားခေါ်လာကြတုန်းက သူ့မှာ အပေါ်အင်္ကျီဂျာကင် မပါလာဘူး၊ အိမ်နေရင်းအဝတ်အစားနဲ့၊ အခုကြည့်စမ်း သူ့ကိုယ်ပေါ်မှာ ဝတ်ထားတာ ဘယ်က ဂျာကင်လဲ'

နေသစ်၏ စကားကြောင့် အားလုံး၏မျက်လုံးများက ဆုနဒီကိုယ် ပေါ်မှ ဂျာကင်အင်္ကျီကို တအံ့တသြဖြင့် ဝိုင်းကြည့်လိုက်ကြသည်။

'ဘာတွေလဲ ဘာတွေဖြစ်ကုန်ပြီလဲ၊ ငါတို့တွေအားလုံး ရူးကုန်ကြ





ပြီလား။ ဒါတွေဟာ တကယ်ပဲ အံ့သြစရာကောင်းလောက်အောင် ဖြစ် ပျက်နေပြီ၊ ကြည့်စမ်းပါအုံး ဆုနဒီရဲ့ အလောင်းကို ငါစမြင်မြင်ချင်း တုန်းက ဒါတွေကို သတိမထားမိခဲ့ဘူး'

ရှုပါကျော်က သူမ၏ ရင်ဘတ်ပေါ် လက်နှစ်ဖက်ကို ဖိရင်း စုတ်တသတ်သတ်နှင့် အံ့သြတုန်လှုပ်နေမိသည်။

သူတို့အားလုံးထဲတွင် ဒီတစ်ခါ မျက်စိမျက်နှာပျက်သွားသူက ဇာနည်ပင် ဖြစ်၏။

'ဟင်... ဒါ... ဒါ ငါ့ဂျာကင်အင်္ကျီပဲ'

ထင်လင်းက သူ့ကော်လာစကို ဆုပ်ကိုင်ထားသော ဇာနည့် လက်ကို ဆောင့်ဆွဲဖြုတ်လိုက်ကာ...

'ကဲ မင်းလဲရှင်းစမ်းပါဦး၊ မင်းအင်္ကျီက ဆုနဒီရဲ့ကိုယ်ပေါ်မှာ ရောက်နေရအောင် မင်းတို့နှစ်ယောက်က ဘယ်လိုပတ်သက်နေတာလဲ'

'မဟုတ်ဘူး... မဟုတ်ဘူး... ငါရှင်းပြမယ်'

ဇာနည်က မျက်စိမျက်နှာပျက်နေကာ အားလုံးကို လက်တ ကာကာ တပြင်ပြင်ဖြင့် လုပ်နေ၏။ သူ့ချစ်သူ ဟန်နီဆွေက ဇာနည့်ကို မျက်ထောက်နီနီကြီးနှင့် လှမ်းကြည့်နေရင်း ပါးစပ်ကလည်း ဘာစကား တစ်လုံးမှ ပြောမထွက်နိုင်အောင် အံ့သြနေ၏။

'ငါ ဒီဂျာကင်ကို ဟိုတည်းခန်းထဲမှာ အိပ်ယာလိပ်တွေ ဖြန့်ခင်း



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့အချိန် ခေါင်းရင်းက ကြိုးတန်းပေါ်မှာ ငါတင်ထားတာ ဘယ်လိုဖြစ်ပြီး သူ့ကိုယ်ပေါ်ရောက်နေတာလဲ’

ဇာနည်က ပြောလက်စစကားများကို ခဏရပ်ပြီး အားလုံး၏မျက်နှာပေါ်မှ အရိပ်အကဲများကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ပြီးမှဆက်၍…

‘မင်းတို့ စဉ်းစားကြည့်လေ။ ဆုနန္ဒီကို ငါသတ်တယ်ပဲထားဦးတော့ ငါ့င်္ကျီကိုတော့ သဲလွန်စဖြစ်အောင် သူ့ကိုယ်မှာ ဝတ်ပေးထားမှာ မဟုတ်ဘူး။ အေး… တစ်ခုတော့ဖြစ်နိုင်တယ်။ စောစောက မိုးတွေရွာနေတုန်းက သူအပြင်ကို ထွက်ဖို့လုပ်ပြီး တန်းပေါ်မှာ လှမ်းထားတဲ့ငါ့ဂျာကင်အင်္ကျီကို လွယ်လွယ်ကောက်ယူပြီး ဝတ်လိုက်တာဖြစ်မယ်’

ရူပါကျော်နှင့်အတူ ကျန်သူများအားလုံးမှာ သက်ပြင်းကိုယ်စီချလိုက်ကြသည်။ တဖြည်းဖြည်း ရှုပ်ထွေးလာနေသော အခြေအနေတွေက တစ်ယောက်မျက်နှာကို တစ်ယောက် ကြာကြာစိုက်ပြီး မကြည့်ရဲလောက်အောင် ဖြစ်နေကြသည်။ ရူပါကျော်က သူမလက်မကို နှုတ်ခမ်းတွင်ကိုက်ကာ တစ်စုံတစ်ရာကို နက်နက်ရှိုင်းရှိုင်းတွေးကြည့်နေ၏။ ယခုပြောနေကြသောစကားများက တကယ်ကော ရိုးသားမှုတွေရှိရဲ့လားဟူသည့် အတွေးမျိုးတွေ ဖြစ်နေသည်။ ဖြစ်နိုင်လျှင် မြန်မြန်မိုးလင်းသွားပြီးသက်ဆိုင်ရာကို အကြောင်းကြားကာ ဒီပြဿနာတွေကို ရှင်းပစ်လိုက်ချင်





နေ၏။ သူမခေါင်းတွေက အဆမတန် လေးလံနောက်ကျိနေသည်။

‘ကဲ… ဒါဆိုလည်း စောစောက ထင်လင်းရဲ့ ဦးထုပ်ကဘယ်လိုဖြစ်ပြီး ဆုနန္ဒီရဲ့အောက်ကို ရောက်နေတာလဲ’

မိုးသက်အောင်က တစ်ချိန်လုံး ဘာတစ်ခွန်းမှဝင်မပြောဘဲ အကဲခတ် နေရာမှ ပြဿနာ၏မြှားဦးကို ထင်လင်းဘက် ပြန်လှည့်လိုက်သည်။ ထင်လင်းက အားလုံး၏ရှေ့တွင် သူ့ဦးထုပ်နှင့် ပတ်သက်ပြီး ဘာပြန်ပြောလို့ ပြောရမှန်းမသိ ဖြစ်နေ၏။

‘ငါ… ငါသူ့ကို သတ်ချင်ရင် ငါ့မှာသေနတ်ပါတာပဲ သေနတ်နဲ့ ပစ်သတ်လိုက်ရင်အလွယ်လေးဘဲ၊ ဘာဖြစ်လို့ ပေါင်မုန့်လှီးတဲ့ဓားနဲ့ထိုးနေတော့မှာလဲ’

‘ဟင်… နင်က ဆုနန္ဒီကိုထိုးတဲ့ဓားက ပေါင်မုန့်လှီးတဲ့ဓားဆိုတာ နင်ဘယ်လိုသိလဲ’

ရူပါကျော်က ထင်လင်း အထစ်ထစ်အငေါ့ငေါ့ဖြင့် ပြောနေသောစကားများကို မျက်လုံးထောင့်ကပ်ပြီး နားစိုက်ထောင်နေရာမှ ဆုနန္ဒီအထိုးခံရတဲ့ ဓားကို ထင်လင်း တစ်ယောက် သေချာသိနေရသည်ကိုသံသယဖြစ်သွားပြီး ချက်ချင်းလှမ်းမေးလိုက်သည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

'ဟိုမှာကြည့်လိုက်လေ၊ ဓားတွေချိတ်ထားတဲ့နံရံက ချိတ်တွေမှာ ဓားတစ်ချောင်းလျော့နေတာ မတွေ့ဘူးလား'

ထင်လင်း ညွှန်ပြရာသို့ ရူပါကျော်နှင့်အတူ ကျန်သူများ အားလုံးက လှမ်းကြည့်လိုက်ကြသည်။ မီးဖိုခန်းအတွင်းမှ နံရံတွင် အသားလှီးဓားများ ဆိုဒ်ဆုံချိတ်ဆွဲထားရာ ထိုအထဲမှ ဓားတစ်ချောင်းက လျော့နေသည်ကို တွေ့လိုက်ကြရသည်။

လူသတ်တရားခံမှာ နံရံပေါ်ချိတ်ဆွဲထားသော ဓားသုံးချောင်းအနက်မှ အလွယ်တကူ ထိုးသွင်း၍ရနိုင်သော မီးဖိုချောင်သုံး ဓားဦးချွန်တစ်လက်ကို လက်နက်အဖြစ် အသုံးချသွားသည်ကို တွေ့လိုက်ကြရသည်။ ကျန်ရှိနေသော အခြားဓားများမှာ ထိုးသွင်းရန်မလွယ်ကူသည့် ထိပ်တုံးတုံး စတီးဓားများ ဖြစ်နေကြသည်။

ရူပါကျော်က ထင်လင်းပြောပြမှ နံရံပေါ်တွင် ဓားတွေရှိနေမှန်း





သိလိုက်ရသည်။ ဆုနဒီ၏ ရင်ဘတ်ပေါ်တွင် ဓားနှင့်ထိုးသွင်းထားသော ဒဏ်ရာကြီးကို တွေ့နေပါလျက်နှင့် လူသတ်သမားက ဒီနံရံပေါ်ကဓားနှင့်ယူပြီး ထိုးလိုက်လိမ့်မည်ဟူ၍ သူမတို့ တစ်ချက်ကလေးမှ မစဉ်းစားမိခဲ့ကြချေ။

ရူပါကျော်က မီးဖိုခန်းအတွင်း ဖရိုဖရဲဖြစ်နေသော ပန်းကန်ခွက်ယောက်များကိုလည်း အခုမှသတိထားပြီး ကြည့်မိလိုက်သည်။ ပန်းကန်စင်ပေါ်မှ ကြွေပန်းကန်ပြားများမှာ တစ်ချပ်မှ အကောင်းမရှိတော့ဘဲ ကြမ်းပြင်ပေါ်တွင် မွစာကျဲပြီး ကြေမွနေ၏။ ထိုကြွေပန်းကန် အပိုင်းအစများကြားတွင် မီးရောင်ကြောင့် တလက်လက်ဖြစ်နေသည့် ဖန်ကွဲစများကိုပါ တွေ့လိုက်ရသည်။

ရူပါကျော်က နေသစ်လက်ထဲမှ မီးတောက်နေသည့် ထင်းစကို ယူကာ ကြမ်းပြင်နားသို့ ကပ်ပြီး ကြည့်လိုက်၏။ ဖန်ကွဲစများ ကြွေပန်းကန် အကွဲအစအနတို့ကြားတွင် ကော်ဖီမှုန့်များက ကြမ်းပြင်တစ်ခုလုံး မြင်မကောင်းအောင် ဖိတ်စင်နေသည်။

ထိုကော်ဖီမှုန့်များပေါ်တွင်တော့ 'CAT'အမှတ်တံဆိပ် ရှူးဖိနပ်ခြေရာတစ်ခုကို အထင်အရှား မြင်တွေ့လိုက်ရသည်။

'ဟင်… ဒါ လူသတ်သမားရဲ့ ဖိနပ်ရာထင်ပြီး ကျန်ခဲ့တာပဲဖြစ်မယ်'



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ပါကျော် ငုံ့ကြည့်ရာကြမ်းပြင်သို့ ကျန်သူများကပါ ဝိုင်းပြီး ကြည့်လိုက်ကြသည်။

'ဒါ လူသတ်တရားခံရဲ့ ခြေရာပဲ…၊ CAT တံဆိပ်နဲ့ ရှူးဖိနပ်ဆိုတော့'

မိုးသက်အောင်က စဉ်းစားကြည့်နေသလို လုပ်နေပြီး ခဏအကြာ ဖျတ်ခနဲ သတိရကာ…

'ဟေ့ကောင် ထင်လင်း၊ မင်းဖိနပ်ကို လှန်ပြစမ်း'

သူတို့အားလုံးထဲတွင် ရှူးဖိနပ်ဝတ်သူဆို၍ ထင်လင်းတစ်ယောက်သာရှိနေသဖြင့် မျက်လုံးများက ထင်လင်းကို ဝိုင်းကြည့်လိုက်ကြသည်။

ထင်လင်း၏ မျက်နှာအမူအရာမှာလည်း ထိတ်လန့် တုန်လှုပ်သလို ဖြစ်သွားပြီး သူ့ဖိနပ်အောက်ခြေကို လှန်ပြလိုက်၏။

ထင်လင်း၏ ဖိနပ်ခွာမှာ CAT အမှတ်တံဆိပ်နှင့် ဖြစ်နေပြီး ထိုဖိနပ်အောက်ခြေရှိ သရေတုံးလေးများကြားတွင် ကြွေပန်းကန် အစအနများ ညပ်ဝင်နေကာ မျက်နှာပြင်တစ်ခုလုံးမှာလဲ ကော်ဖီမှုန့်များ ကပ်နေ၏။

ချက်ချင်းဆိုသလို မိုးသက်အောင်နှင့် ဇာနည်က ထင်လင်း၏ လက်မောင်းတစ်ဖက်တစ်ချက်စီကို ဖမ်းချုပ်ကိုင်ထားလိုက်ကြပြီး…

'ဒီကောင်ပဲ သေချာတယ်။ ဟေ့ကောင် ထင်လင်း မင်းဘာမှ





ငြင်းဖို့မကြိုးစားနဲ့တော့ ဆုနဒီကိုသတ်တာ မင်းပဲ'

ပြောပြောဆိုဆို မိုးသက်အောင်က ထင်လင်း၏ ခါးကြားမှ သေနတ်ကို ဆတ်ခနဲဆွဲယူလိုက်ကာ နားထင်ကိုတေ့ပြီး ချိန်ရွယ်ထားလိုက်၏။

မိုးသက်အောင်နှင့် ဇာနည်တို့က ထင်လင်း၏ လက်မောင်းတစ်ဖက်စီကို အားနှင့် ဖိညှစ်ချုပ်ကိုင်ထားသဖြင့် ထင်လင်းမှာ အတင်းပြန်ပြီး ရုန်းကန်ရင်း ပါးစပ်မှလဲ အကြောက်အကန် ငြင်းဆိုနေသည်။

'ငါ မဟုတ်ဘူး မဟုတ်ဘူး ဟေ့ကောင်တွေ။ ငါ့လက်ကိုလွှတ်၊ ဒီကော်ဖီမှုန့်တွေ ငါ့ဖိနပ်မှာပေနေရုံနဲ့ ငါက ဆုနဒီကိုသတ်တဲ့ တရားခံဖြစ်ရမှာလား။ ဒါ မင်းတို့ငါ့ကို သက်သက်မဲ့စွပ်စွဲနေတာ။ ဟေ့ကောင် မိုးသက်အောင် ငါ့သေနတ်ကို ပြန်ပေး'

တွန်းလားဆွဲလားနှင့် ထင်လင်း ပါးစပ်မှလဲ အယုတ္တအနတ္တတွေ ပြောဆိုနေသည်။

'ထင်လင်းက ဆုနဒီကို တကယ်သတ်တာမှန်ရင် သူ့မှာ နာကျည်းချက် တစ်ခုခုတော့ရှိမှဖြစ်မှာ… ငါ့အထင်ကတော့ သူတို့နှစ်ယောက်အခုလို သတ်ရဖြတ်ရလောက်အောင် မပြောနဲ့ စကားတောင် အခြေအတင်ပြောဖူးကြတာ မဟုတ်ဘူး၊ ဘယ်လိုတွေဖြစ်ကုန်ကြပြီလဲ၊ ငါတို့အားလုံးဟာ သွေးရူးသွေးတန်းတွေနဲ့ ထင်ရာမြင်ရာတွေ လျှောက်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေကြတာပဲ’

ရှုပါကျော့်အတွေးစတွေ မပြတ်ခင် နေသစ်က ဘယ်ကရလာမှန်း မသိသည့် ကြိုးတစ်ချောင်းဖြင့် ထင်လင်းကို လက်ပြန်ကြိုးတုပ်ကာ ချည်နှောင်နေ၏။ ထင်လင်း၏ ပါးစပ်မှလဲ မကျေမနပ်နှင့် အော်ဟစ်ဆဲဆိုနေကာ ရုန်းကန်နေသည့် မိုးသက်အောင်က...

‘မင်းကိစ္စတွေကို ဘာမှထပ်မပြောနဲ့ မနက်မိုးလင်းလို့ ရဲတွေရောက်လာမှရှင်း’

ပြောပြောဆိုဆို မိုးသက်အောင်၊ ဇာနည်နှင့် နေသစ်တို့က လက်ပြန်ကြိုးတုပ်ထားသော ထင်လင်းကို ကုလားထိုင်တစ်လုံးတွင် ထိုင်ခိုင်းပြီး နောက်ထပ်ကြိုးတစ်ချောင်းဖြင့် ကုလားထိုင်တွင် ပူးကပ်ချည်နှောင်ထားလိုက်ကြသည်။

●

ဟန်နီဆွေက ရုန်းရင်းဆန်ခတ်ဖြစ်နေကြသည့် နေရာနားသို့ တိုးကပ်လာပြီး...

‘သူ့ကျောပိုးအိတ်ကို ငါတို့ဖွင့်ရှာကြရအောင် တခြားသဲလွန်စတွေ ဘာတွေ ရှိချင်ရှိနေအုံးမှာ’

‘အေး ဟုတ်တယ်၊ ဘယ်မှာလဲ သူ့ကျောပိုးအိတ်’





မိုးသက်အောင်က ဟန်နီဆွေ့စကားကြောင့် ထင်လင်း ကျောပိုးအိတ်ကိုကောက်ယူကာ မွှေနှောက် ရှာဖွေနေ၏။ ထင်လင်းကျောပိုးအိတ်ထဲတွင် အဝတ်အစားတစ်စုံအပြင် သားရေပိုက်ဆံအိတ်တစ်လုံးနှင့် အခြားပစ္စည်း တိုလီမိုလီများကိုပါတွေ့လိုက်ရသည်။ မိုးသက်အောင်က တဖြည်းဖြည်း စိတ်မရှည်တော့ဘဲ ကျောပိုးအိတ်ကို ကြမ်းပြင်ပေါ်သို့ မှောက်သွန်ချလိုက်သည်။

ကြမ်းပြင်ပေါ်တွင် ကျဲပြန့်နေသော ထင်လင်း၏ ပစ္စည်းများကြားတွင် စာရွက်အပိုင်းအစလေးတစ်ခုကို ခေါက်ရက်သား တွေ့လိုက်ရသည်။

‘ဟင်... ဒါဘာစာလဲ’

မိုးသက်အောင်က ကြမ်းပြင်ပေါ်မှ စာရွက်ခေါက်ကိုဖြန့်ပြီး အသံထွက်ဖတ်လိုက်၏။

‘ထင်လင်း နင်နဲ့ငါနဲ့ ဖြစ်ခဲ့ကြတဲ့ကိစ္စတွေကို ဖုံးလို့ ဖိလို့ မရနိုင်တော့ဘူး’

မိုးသက်အောင်က ဖတ်လက်စစာကို ခဏရပ်လိုက်ပြီး အားလုံး၏ မျက်နှာများကို ဝေ့ယမ်းပြီး တစ်ချက်ကြည့်လိုက်၏။ ပြီးမှ ဆက်ကာ...

‘ငါ့မိဘတွေကို ဖွင့်ပြောမှဖြစ်တော့မယ်၊ ငါ့ကိုမတားနဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



ဆုနဒီ'

'ဟင်…'

မိုးသက်အောင် ဖတ်ပြလိုက်သော စာဆုံး၊ ဆုံးသွားချင်း ရုပါကျော်နှင့်အတူ သူမတို့အားလုံးမှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြကာ ပါးစပ်အဟောင်းသားတွေနှင့် အံ့သြကုန်ကြသည်။

'ဟာ… ဘယ်လိုဖြစ်တာလဲ သူတို့နှစ်ယောက်က'

'ဟင်… မယုံနိုင်စရာပါလား'

အားလုံးမှာ ဆူညံပွက်လောရိုက်ကုန်ကြ၏။

သူမတို့ကြားလိုက်ရသော ထင်လင်းနှင့် ဆုနဒီတို့၏ အကြောင်းတွေက ဘယ်လိုမှ မထင်ထားသည့်အဖြစ်တွေဖြစ်နေသည်။ ရုပါကျော်ကိုယ်တိုင်ပင် သူမနားကို သူမ မယုံကြည်နိုင်လောက်အောင် ဖြစ်သွား၏။

'ဆုနဒီက ငါတို့နဲ့ဒီလောက် တပူးတွဲတွဲနေနေတာတောင် သူနဲ့ ထင်လင်းရဲ့အဖြစ်တွေကို ငါတို့ဘာကြောင့် မသိခဲ့ကြတာလဲ'

မိုးသက်အောင် လက်ထဲမှ စာရွက်ကို မိုးသက်အောင်ဖတ်ပြရုံနှင့် မကျေနပ်နိုင်ကြသေးဘဲ တစ်ယောက်တလဲ ယူပြီး ဖတ်ကြည့်လိုက်ကြပြန်သည်။

မိုးသက်အောင်က ထင်လင်း၏ကျောပိုးအိတ်ကို သူ့အိပ်ယာလိပ်ဘေးသို့ လှမ်းပစ်လိုက်ပြီးမှ တစ်စုံတစ်ရာကို စဉ်းစားမိသလိုဖြစ်သွားပြီး





အထပ်ထပ်လိပ်ပတ်ချည်နှောင်ထားသည့် ထင်လင်း၏ အိပ်ယာလိပ်ကို သွားပြီး ဖြည်ချလိုက်၏။

တစ်ပတ်ပြီးတစ်ပတ် ပြည်ကျလာသော ထင်လင်း၏ ခရီးဆောင် အိပ်ယာလိပ်အတွင်းတွင် သွေးများ စွန်းပေနေသောဓားကို လက်ခနဲ တွေ့လိုက်ရသည်။

"ဟာ…ဓား…ဓား…ဒီဓားဟာ ဆုနဒီကို ထိုးသတ်လိုက်တဲ့ ဓား"

မိုးသက်အောင်က အထိတ်တလန့် အော်ဟစ်လိုက်ရင်း မတ်တပ် ထရပ်လိုက်၏။

ထင်လင်း၏ အိပ်ယာလိပ်အတွင်းမှ ထပ်ပြီးတွေ့လိုက်ရသည့် သွေးများစွန်းပေနေသောဓားကြောင့် သူမတို့အားလုံးမှာ ကြက်သေ သေကာ ငေးကြောင်အံ့သြနေမိကြသည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

မိုးသက်အောင်၊ ဇာနည်နှင့် နေသစ်တို့မှာ ထင်လင်းကိုကြည့်ရင်း အံတကြိတ်ကြိတ်ဖြင့် ပေါက်ကွဲပစ်လိုက်ရန် အဆင်သင့် ဖြစ်နေပြီ။ သူ့မျက်နှာကို စိတ်ရှိလက်ရှိ ထိုးနှက်ကန်ကျောက်ပစ်လိုက်ချင်သည့် အမူအရာတွေဖြစ်နေ၏။ ဟန်နီဆွေကတော့ ထင်လင်းကို ကြိုးတုပ်ချည်နှောင်ထားရာ ကုလားထိုင်ရှေ့တွင် ခါးထောက်ပြီး...

'ဒီစာနဲ့အတူ နှင့်အိပ်ယာလိပ်ထဲကဓားကသက်သေပဲ ထင်လင်း၊ နင်ဘာကြောင့် ဆုနဒီကို သတ်လိုက်တာလဲ'

ထင်လင်း၏ မျက်နှာမှာ ဟန်နီဆွေလက်ထဲမှ ကိုင်ထားသော စာရွက်နှင့် သူ့အိပ်ယာလိပ်အတွင်းမှ ဓားတို့ကြောင့် မယုံကြည်နိုင်အောင် ဖြစ်နေသည်။ သူ့နှုတ်ခမ်းများမှာလည်း တဆတ်ဆတ် တုန်ယင်နေကာ မျက်နှာတစ်ခုလုံး ချွေးသီးချွေးပေါက်များကျနေ၏။

'ဒါ...ဒါ သိပ်ပြီးထူးဆန်းတယ်၊ ငါ့ကို တစ်ယောက်ယောက်





က သေသေချာချာအကွက်ဆင်ထားတာ၊ ဆုနဒီကိုသတ်တာ ငါ မဟုတ်ဘူး... မဟုတ်ဘူး'

ဒေါသဖြင့် ကျယ်ကျယ်လောင်လောင် အော်ဟစ် ငြင်းဆန်နေသော ထင်လင်း၏ မျက်နှာပေါ်သို့ ဇာနည်က လက်သီးတစ်ချက် ပစ်သွင်းလိုက်သည်။

'ခွပ်...'

'အား...'

ဟန်နီဆွေက ဇာနည့်လက်သီး နောက်တစ်ချက် ထပ်မထိုးခင် ဝင်တားလိုက်ပြီး...

'တော်ပြီဇာနည်၊ သူ့ကိုဒီအတိုင်းထားလိုက်၊ မနက်ကြမှ ရဲလက်ထဲကို အပ်လိုက်မယ်'

ဆုနဒီ၏ မွေးနေ့မတိုင်ခင်ကတည်းက သူမတို့ သူငယ်ချင်းများ အားလုံး၏ စိတ်ထဲတွင် ကျိတ်ပြီးပျော်ရွှင်နေလာခဲ့သမျှအားလုံးမှာ လုံးဝ ပျက်စီးသွားပေပြီ။ အခုလို အခြေအနေတွေဖြစ်လာလိမ့်မည်ဟုလဲ ဘယ်တုန်းကမှ မတွေးမိခဲ့၊ အထူးသဖြင့် ထင်လင်းက ဆုနဒီကို သတ်ပစ်လိုက်တယ်ဟူသော ကိစ္စက ရုပ်ပါကျော့ဦးနှောက်ထဲတွင် ချာချာလည်နေအောင် အံ့သြတွေဝေမိနေသည်။

'ထင်လင်း ပြောသလို သူ့ကိုအကွက်ဆင်ပြီး သုပ်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com

ဆိုတာ ဟုတ်များနေသလား၊ နောက်ပြီး ဒီအဖွဲ့ထဲမှာ အားလုံးက ဆုနဒီကို သတ်မယ်ဆိုရင် သတ်ဖို့လုံလောက်နေတဲ့လူတွေချည်းပဲ။ မိုးသက်အောင်ကလဲ ထင်လင်းရဲ့ ပစ္စည်းတွေကို ရှာမယ်လို့ပြောတယ်။ တော့တော့ ဆိုင်ဆိုင်ပဲ သူ့ကျောပိုးအိတ်ထဲက စာနဲ့ အိပ်ယာလိပ်ထဲက ဓားကို တွေ့တယ်၊ ဟန်နီဆွေကလဲ ထင်လင်းကို မလွှတ်ဖို့နဲ့ ရဲလက်ကိုအပ်ဖို့ ချည်းပဲ အထပ်ထပ်ပြောနေတယ်၊ ဒါတွေအားလုံးဟာ တကယ်ကော ရိုးသားကြရဲ့လား’





ဘန်ဂလိုအပြင်ဘက်တွင် လျှပ်စီးများက ကြောက်မက်ဖွယ်ရာ ပြိုးပြိုးပြက်ပြက် လက်သွားကြပြီး မိုးက သည်းထန်စွာ ရွာသွန်းလာပြန်သည်။ ပင်လယ်ပြင်မှ တိုက်ခတ်လာသောလေအေးများက ပွင့်နေသော တံခါးမကြီးမှတဆင့် ဘန်ဂလိုထဲသို့ တရှိန်ထိုး ဝင်ဆောင့်လိုက်သည်။ သူမတို့လက်ထဲမှ ထင်းချောင်း၏ မီးတောက်များက ဟုတ်ခနဲငြိမ်းသွားပြီး တစ်ခန်းလုံး မီးလင်းဖိုမှ မီးရောင်လောက်သာ မှုန်ပြပြဖြစ်သွားသည်။

နေသစ်က မီးပုံဘေးတွင်ထိုင်ချကာ ထင်းချောင်းတစ်ချောင်းကို မီးထိုးလိုက်ပြီး ထင်လင်းကျောပိုးအိတ်ထဲမှ ရသည့်စာကို ဟန်နီဆွေထံမှ လှမ်းပြီးတောင်းနေ၏။

မီးလင်းဖိုမှ မီးရောင်များက အခန်းနံရံများတွင် တဖျတ်ဖျတ် လှုပ်ရှားယိမ်းထိုးနေကြသည်။ ရူပါကျော်နှင့်အတူ ကျန်သူများအားလုံး၏ မျက်နှာများပေါ်တွင်လည်း လိမ္မော်ရောင် မီးတောက်များ၏ အရိပ်က တလှုပ်လှုပ်နှင့် ခုန်ပေါက်ပြေးလွှားနေသည်။ သူမတို့ဖြင့် ခပ်လှမ်းလှမ်း


www.burmeseclassic.com

www.burmeseclassic.com



တွင်တော့ ထင်လင်းမှာ တစ်ကိုယ်လုံး ကြိုးများဖြင့် တုပ်နှောင်ခံထားရလျက် ခုံပေါ်တွင် မလှုပ်မယှက်ဖြစ်နေပြီး သူ့မျက်နှာအမူအရာမှာ ဒေါသကြောင့် တင်းမာနေသည်။

ဟန်နီဆွေ့လက်ထဲမှစာကို နေသစ်က လှမ်းယူလိုက်ပြီး မီးရောင်အောက်တွင် သေသေချာချာ ဖြန့်ပြီး စိုက်ကြည့်နေ၏။ ခဏအကြာ သူ့မျက်နှာအမူအရာမှာ တစ်ခုခုကို စဉ်းစားသလိုနှင့် ဖြေးညင်းစွာ ခေါင်းကို ရမ်းခါလိုက်ပြီး…

'ဒါ… ဆုနဒီရေးတဲ့စာအစစ် မဟုတ်ဘူး'

'ဘာ… ဘာပြောတယ်၊ ဒီစာက ဆုနဒီရေးတာ မဟုတ်ဘူးဟုတ်လား'

အားလုံးက နေသစ်မျက်နှာကို လက်မခံနိုင်သလို အကြည့်တွေနှင့် စိုက်ကြည့်လိုက်ကြသည်။ နေသစ်ကတော့ သူ၏ထင်မြင်ယူဆချက်ကို အခိုင်အမာ သေချာသည့်ပုံစံမျိုးဖြင့် ခေါင်းကိုဖြည်းညင်းစွာ ဆက်ပြီး ခါနေ၏။

'ကဲ… မင်းကဘာကြောင့် ဆုနဒီရေးတဲ့စာ မဟုတ်ဘူးလို့ ပြောနိုင်တာလဲ၊ ပြောစမ်းပါအုံး'

နေသစ်က ကြမ်းပြင်ပေါ်မှ စာကို သူ့လက်ဖဝါးနှင့် တစ်ချက်နှစ်ချက် ပွတ်သပ် ဆွဲဖြန့်လိုက်ရင်း…





'မင်းတို့ ငါတို့အားလုံး ဆုနဒီရဲ့လက်ရေးကို ရင်းရင်းနှီးနှီး သိနေကြတာပဲ၊ သူက ဒဒွေးကိုရေးရင် ဝိုင်းဝိုင်းရေးတယ်၊ ဒီစာထဲမှာ ရေးထားတဲ့ 'ဆုနဒီ' ဆိုတဲ့ 'ဒီ' နေရာမှာ ဒဒွေးကိုရေးထားတဲ့လက်ရေးက အင်္ဂလိပ်ဂဏန်း သရီးပုံစံဖြစ်နေလို့ပဲ'

နေသစ် လက်ညှိုးထောက်ပြရာ စာရွက်ပေါ်သို့ သူမတို့အားလုံး ပြိုင်တူ ငုံ့ကြည့်လိုက်ကြသည်။ ထိုစာရွက်ပေါ်မှ လက်ရေးမှာလဲ အမှန်ပင် အင်္ဂလိပ်ဂဏန်း သရီးပုံစံဖြစ်နေသည်။

'အင်း ဟုတ်တော့လည်း ဟုတ်နေတယ်၊ ငါမြင်ဖူးတဲ့ ဆုနဒီရဲ့ လက်ရေးတွေက ဝိုင်းဝိုင်းစက်စက်နဲ့ သေသေသပ်သပ်၊ အခုရေးထားတဲ့ လက်ရေးမှာ နေသစ်ပြောသလို အင်္ဂလိပ်လို သရီးပုံဖြစ်နေတယ်။ ဒါဟာ ထင်လင်းကို တစ်ယောက်ယောက်က တမင်အကွက်ဆင်ပြီး ဖန်တီးထားတာပဲဖြစ်မယ်'

ရှုပါကျော့် အတွေးတွေက ခေါင်းထဲတွင် ကျပ်ညပ်နေအောင် ရှုပ်ထွေးနေ၏။ သူမထင်သလို ထင်လင်းကို ချောက်ချပြီး အကွက်ဆင်ထားသည်ကတော့ သေချာနေ၏။ မိုးသက်အောင်တို့ ဟန်နီဆွေတို့ ဇာနည်တို့ကရော ထင်လင်းအပေါ်မှာ ဘာကြောင့် တညီတညွတ်တည်း လွယ်လွယ်နဲ့ စွပ်စွဲချင်နေရတာလဲဟူသည့် အတွေးတွေက ရှုပါကျော့် ရင်ထဲတွင် မွှန်းကျပ်လာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထင်လင်းက သူ့ကိုတုပ်နှောင်ထားသည့်ကြိုးကို အတင်းရုန်းကန်နေရာမှ အားလုံးရှိရာ မီးပုံဆီသို့ ကုလားထိုင်ကိုပစ်လှဲပြီး လိမ့်လာတော့ မတတ် တဝုန်းဝုန်းဖြင့် လှုပ်ရမ်းနေပြီး သူ့ပါးစပ်မှလဲ ဒေါသတကြီး လှမ်းအော်နေ၏။

'မင်းတို့ ဦးနှောက်မရှိကြဘူးလား၊ ငါက ဒီဓားနဲ့သတ်တာဆိုရင် ငါ့အိပ်ယာလိပ်ထဲမှာ ဘယ်ဖွက်ထားမှာလဲ၊ မင်းတို့ဉာဏ်လေး တစ်ထွာတစ်မိုက်လောက်နဲ့ ငါ့ကိုလာပြီး အကွက်မဆင်နဲ့'

အားလုံးက ထင်လင်းစကားကြောင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြပြီး ဘယ်လိုလုပ်ကြမလဲဟူသည့် အမူအရာတွေ ဖြစ်ကုန်ကြပြန်သည်။ ထင်လင်းကလဲ သူ့ကိုကြိုးဖြည်ပေးဖို့ ပါးစပ်က အော်ဟစ်နေ၏။

ခဏအကြာ နေသစ်က မိုးသက်အောင်နှင့် ဇာနည့်ကိုကြည့်ကာ ထင်လင်းကို ပြန်ပြီး ကြိုးဖြည်ပေးလိုက်ဖို့ မေးငေါ့ပြလိုက်သည်။ ကျန်သူများ အားလုံးမှာလည်း ထင်လင်းကို ကြိုးပြန်ဖြည်ပေးလိုက်ရသည့်အတွက် ဘာတစ်ခုမှ ကန့်ကွက်ငြင်းဆန်သည့်လေသံတို့ ထွက်မလာကြတော့။

●





မီးတောက်မီးလျှံများကို အချိန်ဘယ်လောက် ကြာသည်အထိ ငေးစိုက်ကြည့်နေမိသည် မသိ။ ဇာနည်၏ ပျာပျာသလဲ အော်လိုက်သံကြောင့် ရှုပါကျော် ရုတ်တရက် အသိပြန်ဝင်လာသည်။ ဇာနည်က ရှေ့ကိုပဲပြေးတော့မလို နောက်ကိုပဲဆုတ်တော့မလို ဘယ်ညာလှည့်ကာ ဟန်နီဆွေကို ရှာဖွေနေ၏။

'ဟန်နီဆွေ ဟန်နီဆွေ ဘယ်မှာလဲ'

အားလုံး၏မျက်လုံးများကလည်း တစ်ခန်းလုံး ပြူးပြူးပြာပြာ ဝေ့ဝိုက်ကြည့်လိုက်ကြသည်။ စောစောက ထင်လင်းကို ဝိုင်းပြီး ကြိုးဖြည် ပေးနေကြသဖြင့် မီးပုံနားမှ ဟန်နီဆွေကို သတိမထားမိလိုက်ကြ၊ အခုတော့ အခန်းထဲတွင် ဟန်နီဆွေမှာ ပျောက်ခြင်းမလှ ပျောက်သွားလေပြီ။

'ဟင်... ဒါ... ဒါဟာ လူသတ်သမား ဖမ်းခေါ်သွားတာများလား၊ ငါတို့အကုန်လုံး ရှေ့မှာ အာရုံစိုက်နေတုန်း ဟန်နီဆွေ့ကို နောက်က ဝင်ဆွဲသွားတာလား'

ရှုပါကျော် တစ်ကိုယ်လုံး ကြောက်ရွံ့မှုဖြင့် တုန်ယင်နေသည်။ သူမနှလုံးသားမှာ တဆတ်ဆတ်နှင့် ပြင်းထန်စွာခုန်နေ၏။ ခြေထောက်အောက်ပိုင်းတစ်ခုလုံးမှာလဲ ကျောက်ဆစ်ရုပ်လိုတောင့်တောင့်ကြီး ဖြစ်နေသည်။

'ငါ... ငါတို့အားလုံး ဒီမှာ ဒုက္ခတွေရောက်ကြတော့မယ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



တူပါတယ်’

သူမ၏အသံက တိုးဖျော့ဖျော့နှင့် တုန်ယင်နေ၏။ စိတ်ထဲတွင် ကြောက်ရွံ့တုန်လှုပ်ခြင်း၊ စိုးရိမ်ထိတ်လန့်ခြင်းများနှင့်အတူ အန္တရာယ်တစ်ခုက သူမတို့ထံ ရောက်လာနေပြီလားဟုတွေးကာ လေးကန်သောခြေလှမ်းများဖြင့် နောက်သို့အလိုလိုဆုတ်ရင်း နံရံကိုကျောမှီထားလိုက်ရသည်။

မိုးသက်အောင်၊ နေသစ်နှင့် ဇာနည်တို့က မီးတုတ်တဝင့်ဝင့်နှင့် ဟန်နီဆွေ့ကို အော်ခေါ်ကာ ဘန်ဂလိုအတွင်း လှည့်ပတ်ရှာဖွေနေကြသည်။ ထင်လင်းကတော့ မီးပုံဘေးတွင် ဘာကိုမှ ဂရုမထားတော့သလို ငူငူကြီးထိုင်နေ၏။

ရူပါကျော်မှီထားရာ နံရံ၏အောက်ဘက်မှ ကြမ်းပြင်ပေါ်တွင် မီးသွေးခဲနှင့် ရေးခြစ်သွားသော စာကို မီးပုံမှ မီးလျှံမီးတောက်များ၏ အလင်းရောင်ဖြင့် မှုန်ရီမှုန်ဝါး လှမ်းတွေ့လိုက်ရသည်။ ရူပါကျော်က ရှေ့သို့တဖြည်းဖြည်းတိုးကပ်သွားရင်း စာကို အသံထွက်ပြီးဖတ်လိုက်၏။

‘လူသတ်သမားနဲ့အတူ မနေရဲတော့လို့ အိမ်ပြန်ဖို့ထွက်သွားပြီ ငါ့ကို လိုက်မရှာကြနဲ့တော့’

■





## အခန်း (၁၆)

ရူပါကျော်က ကြမ်းပြင်ပေါ်မှ ဟန်နီဆွေရေးခဲ့သည့် စာကို နောက်တစ်ကြိမ် တအံ့တသြနှင့် ထပ်ဖတ်လိုက်ပြီး မိုးသက်အောင်နှင့် ဇာနည်တို့ကိုလည်း လှမ်းအော်ခေါ်လိုက်သည်။ မီးပုံဘေးတွင် ထိုင်နေသော ထင်လင်းပါ ထလာကာ ရူပါကျော်ရှေ့မှ မီးသွေးခဲနှင့်ရေးခြစ်သွားသောစာကို ဖတ်လိုက်သည်။

‘ဒါဆို ဟန်နီဆွေကို လူသတ်သမားဖမ်းသွားတာ မဟုတ်ဘူး၊ သူ့အပြစ်ကို သူဝန်မခံရဲလို့ ထွက်ပြေးသွားတာ’

ထင်လင်းက သူ့အလှည့်ရောက်ပြီဆိုသည့် အမူအရာဖြင့် ဟန်နီဆွေ့ အပေါ် စွပ်စွဲလိုက်သည့်စကားသံမျိုးနှင့် ရူပါကျော့်ကို လှမ်းပြောလိုက်၏။ ထိုစဉ် နေသစ်တို့ မိုးသက်အောင်တို့ ဇာနည်တို့ပါ ရောက်လာကြကာ ဟန်နီဆွေ့ကို ရှာကြဖွေကြဖို့ လုပ်ကုန်ကြသည်။

ထင်လင်းကလဲ...



www.burmeseclassic.com

www.burmeseclassic.com



'သူ ခပ်ဝေးဝေးကိုတော့ ပြေးမှာမဟုတ်ဘူး၊ အိမ်ကိုပြန်ပြေးရလောက်အောင်လဲ ဒီအချိန်ကြီး ပင်လယ်ကမ်းစပ်မှာ ဘာမော်တော်မှ မရှိဘူး၊ ငါတို့အခုနေလိုက်ရင် သူ့ကိုမီနိုင်တယ်'

'ကဲ… ဇာနည် ဘယ်လိုလုပ်မှာလဲ၊ ဘာပဲဖြစ်ဖြစ် ငါတို့ကတော့ ဟန်နီဆွေ့ကို တွေ့အောင်ရှာမှဖြစ်မယ်၊ သူရေးထားတဲ့စာအရဆိုရင် လူသတ်သမားဟာ သူကိုယ်တိုင်မဟုတ်ရင်တောင်မှ သူသိကို သိနေရမယ်'

ဇာနည်မျက်နှာမှာ တစ်ခုခုကို နက်နက်နဲနဲ တွေးကြည့်နေသည့် ပုံစံပေါက်နေပြီး မိုးသက်အောင်၏စကားအဆုံးတွင် မျက်တောင်များကို တစ်ချက်နှစ်ချက် ပုတ်ခတ်ပုတ်ခတ်လုပ်လိုက်၏။

'သူကိုယ်တိုင် မဟုတ်ရင်တောင်မှ လူသတ်သမားကို သူသိကို သိနေရမယ်'ဆိုသည့် မိုးသက်အောင်၏ စကားများကလည်း သူ့နားထဲတွင် ပဲ့တင်ထပ်နေ၏။ ဘာပဲပြောပြော ဟန်နီဆွေ့ကိုတော့ တွေ့အောင်ရှာမှ ဖြစ်မည်ဆိုသည့် အတွေးတွေက ဇာနည့်ခေါင်းထဲတွင် တဒုတ်ဒုတ် တိုးဆောင့်နေသည်။

'ငါတို့ ဟန်နီဆွေ့ကို တွေ့အောင်ရှာမှဖြစ်မယ်၊ မြန်မြန်လိုက်ကြရအောင်'

ပြောပြောဆိုဆို ဇာနည်က မိုးသက်အောင်နှင့် ထင်လင်းတို့ကို





ခေါ်ကာ မဲမှောင်နေသော ဘန်ဂလိုအပြင်သို့ ကပျာကသီ ပြေးသွား၏။

အဖြစ်အပျက်တွေ အကုန်လုံးက မယုံကြည်နိုင်လောက်အောင် တစ်ခဏအတွင်းမှာပင် ပြောင်းလဲကုန်ကြပြန်သည်။ ရှုပါကျော်က ဝရန်းသုန်းကားဖြင့် အမှောင်ထုထဲသို့ ပြေးထွက်သွားကြသော သူတို့သုံးယောက်၏ နောက်ကျောကို ငေးကြည့်ရင်း ဘာတွေဆက်ပြီး ဖြစ်ကြဦးမှာလဲဆိုသည့် အတွေးတွေက ယောက်ယက်ခတ်နေသည်။ တကယ်တော့ သူမတို့တစ်သိုက်လုံးမှာ မကောင်းဆိုးဝါးတစ်ကောင်ကောင်၏ လှည့်ဖျားမှုကြောင့် ကြမ္မာဆိုးတွေ ငင်နေပြီလား မသိ။ ဒီနေ့ ဒီရက် ဒီညဟာ သူမတို့အဖို့ သွေးပျက်ချောက်ချားစရာအဖြစ်တွေနှင့်သာ ဆက်တိုက် ကြုံနေရသည်။

မဲမှောင်နေသော ဘန်ဂလိုအပြင်ဖက်တွင် မိုးက စောစောကလောက် သဲသဲမဲမဲမရွာတော့ဘဲ အုန်းလက်များကို လေတိုးနေသံ တရှဲရှဲလောက်သာ ကြားနေရသည်။

တဖျစ်ဖျစ် တောက်လောင်နေသော မီးလင်းဖိုနံဘေးတွင် စိတ်ပျက်လက်ပျက်ထိုင်ရင်း ရှုပါကျော့တစ်ကိုယ်လုံးမှာ ချွေးစေးများ စို့ရွဲနေသည်။ သူမရှေ့မှ တလူးလူးတလွင့်လွင့်နှင့် လိမ္မော်ရောင် မီးတောက်များကြားတွင် သူမကို ပြန်ပြီးစိုက်ကြည့်နေသည့် အစိမ်းရောင် မျက်လုံးတွေက တဖျတ်ဖျတ် ယိမ်းလှုပ်နေကြသလို မြင်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



အဲသည် မျက်လုံးတွေက ဆုနဒီ၊ ဟန်နီဆွေ၊ ဇာနည်၊ ထင်လင်းနှင့် မိုးသက်အောင်တို့၏ မျက်လုံးတွေလိုလို ဖြစ်နေ၏။ ဘန်ဂလိုရှေ့တံခါးပေါက်မှ တိုးဝင်လာသော လေကြောင့် မီးတောက်မီးလျှံတို့မှာ တစ်ချက်တစ်ချက် လူးလူးလွန့်လွန့် ဖြစ်ဖြစ်သွားတိုင်း သူမကို စိုက်ကြည့်နေသည့် အစိမ်းရောင်မျက်လုံးများ အမှောင်ထုအတွင်း ပေါ်လာလိုက်၊ ပျောက်သွားလိုက် ဖြစ်နေ၏။

ထိုမျက်လုံးစိမ်းကြီးများအကြား မှေးမှိန်ပျောက်ကွယ်သွားခြင်း အလျှင်းမရှိသော မျက်လုံးတစ်စုံက သူမကို စူးစူးဝါးဝါးစိုက်ကြည့်နေမှန်း ရှုပါကျော် သတိထားမိလိုက်သည်။

'ဟင်…'

●





မမှိတ်မသုန် စိုက်ကြည့်နေသော မျက်လုံးတစ်စုံက တဖျတ်ဖျတ် ယိမ်းလူပ်နေသော မီးတောက်များကြားတွင် သားရဲတစ်ကောင်၏ မျက်လုံးကဲ့သို့ တဖိတ်ဖိတ်တောက်နေ၏။

ရှုပါကျော်က ထိုင်နေရာမှ ခါးကိုဆန့်ကာ မီးပုံပေါ်ကိုကျော်ပြီး မဝံ့မရဲနှင့် လှမ်းကြည့်လိုက်၏။ ထိုမီးပုံ၏တစ်ဘက် ခပ်လှမ်းလှမ်းမှ အမှောင်ထဲတွင် သူမကို စိမ်းစိမ်းကြီးစိုက်ကြည့်နေသည့် နေသစ်ကိုတွေ့လိုက်ရသည်။

'ဟင်…'

သူမတို့ နှစ်ယောက်မှတစ်ပါး ဘန်ဂလိုထဲတွင် အခြားမည်သူ တစ်ဦးတစ်ယောက်မှ ရှိမနေတော့ပါ။

တဖျစ်ဖျစ်တောက်လောင်နေသော မီးပုံဘေးတွင် သူမနှင့်နေသစ် နှစ်ယောက်တည်း။

'နေသစ်မျက်လုံးတွေက ငါ့ကိုအမြဲတမ်း ဒီလိုပဲ စိုက်စိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေတာ ဘာကြောင့်လဲ၊ မဟုတ်မှလွဲရော လူသတ်တရားခံဟာ သူကော မဖြစ်နိုင်ဘူးလား၊ သူ့ရုပ်က သွေးအေးအေးနဲ့ လူတစ်ယောက်ကို ရက်ရက်စက်စက် သတ်မဲ့ရုပ်မျိုး။ နောက်ပြီး အားလုံးနဲ့အတူ အပြင်ကို လိုက်မသွားဘဲ ငါ့ကို အမှောင်ထဲကနေ ချောင်းမြောင်းကြည့်နေတာ တစ်ခုခုများ လုပ်မလို့လား'

နေသစ် စိုက်ကြည့်နေသည့် မျက်လုံးများကို ရှုပါကျော် တစ်ယောက် အသက်ပင်မရှူနိုင်လောက်အောင် ပြန်ပြီးငေးကြောင် ကြည့်နေမိ၏။

နေသစ်၏ မျက်လုံးများမှာလည်း ရှုပါကျော်၏လှုပ်ရှားမှု တစ်စုံတစ်ရာကို အကဲခတ်လေ့လာနေသည့် ပုံစံမျိုး။

ရှုပါကျော့် မျက်လုံးတွေက အထိတ်တလန့်နှင့် စိုက်ကြည့်နေစဉ် နေသစ်က ရုတ်တရက် မတ်တပ်ထရပ်လိုက်ပြီး ရှေ့သို့တဖြည်းဖြည်း တိုးလျှောက်လာ၏။ သူ့မျက်လုံးများကလည်း တလက်လက်တောက်ပနေတုန်းပင်။

'သူ... သူငါ့ဆီကို တန်းတန်းမတ်မတ်ကြီး လျှောက်လာနေပါလား၊ ဘုရား ဘုရား ငါ့ကိုသတ်ဖို့ ရှေ့တိုးလာနေပြီ၊ ငါ ငါဘာလုပ်ရမလဲ'

ရှုပါကျော် အသက်ရှူသံတွေက ဖျောင်းဆန်နေ၏။ သူမပါးစပ်မှ





တစ်ခုခုကို အော်ဟစ်ပစ်လိုက်ဖို့ အသံတွေက လည်ချောင်းဝတွင် တစ်ဆို့နေသည်။ ထိုင်ရာမှ ထလိုက်ဖို့ ရှိသမျှအားအင်တို့ကို စုစည်းဖျစ်ညှစ်လိုက်သော်လည်း ခန္ဓာကိုယ်ကြီးက ဘယ်လိုမှ သယ်မရှမရနိုင် ဖြစ်နေသည်။ နဖူးမှ ချွေးသီးချွေးပေါက်များက တဒီးဒီးကျလာနေပြီး ကြမ်းပြင်ပေါ်တွင် နောက်ဆုတ် နောက်ဆုတ်ဖြင့် ဘန်ဂလိုတံခါးပေါက်ဆီသို့ ဒရွတ်တိုက်သွားနေမိ၏။

'ရှုပါကျော် နေအုံး... နေအုံး နင်ဘယ်သွားမှာလဲ'

နေသစ်က ရှုပါကျော် တွန့်ဆုတ် တုန့်ဆုတ် ရွေ့လျားနေရာဆီသို့ သူ့လက်တစ်ဖက်ကို ဆန့်တန်းကာ လှမ်းအော်ပြောနေ၏။ သို့သော် နောက်ထပ် နေသစ်လှမ်းအော်နေသည့်အသံများကိုတော့ ရှုပါကျော့်နားက ဘယ်လိုမှ မကြားတော့ဘဲ ဘန်ဂလိုအပေါက်ဝမှ မဲမှောင်နေသော အပြင်ဘက်သို့ ဒရောသောပါး ပြေးထွက်လာမိသည်။ သူမခြေထောက်တွေက မြေကြီးနှင့် ထိသည်ဟုပင်မထင်။

ဘန်ဂလို အပြင်ဘက်တွင်လည်း ဘာကိုမှ သဲသဲကွဲကွဲမမြင်ရ၊ ခြေဦးတည့်ရာ ပြေးမိပြေးရာကိုသာ မောကြီးပန်းကြီးနှင့် ပြေးနေရသည်။ သူမရှေ့မှ ဟန်နီဆွေ့ကို ရှာဖွေနေကြသော မိုးသက်အောင်တို့ ထင်လင်းတို့မှာလည်း ဘယ်ဆီရောက်လို့ ရောက်နေကြမှန်းမသိ။ အမှောင်ထဲတွင် သူမ၏ ဟောဟဲဆိုက်ပြီး မောနေသံက ကျယ်ကျယ်လောင်လောင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်နေ၏။

'နေအုံးလေ ရူပါ ခဏနေအုံး'

သူမနောက်ကျောဆီမှ ပြေးလိုက်လာနေသော နေသစ်၏အသံကို နားထဲမှ ကြားနေရသည်။ တစ်ချက်တစ်ချက် သူမ၏မျက်နှာကို တဖျတ်ဖျတ် လာရိုက်နေသော သစ်ကိုင်းသစ်ခက်များကြောင့်လည်း မျက်နှာတစ်ခုလုံးမှာ စပ်ဖျင်းဖျင်းဖြစ်နေ၏။

ပြေးရင်းနှင့် သူမခြေထောက်တွေကို သဲပြင်ပေါ်မှ တစ်စုံတစ်ယောက်က ဖမ်းယူဆုပ်ဆွဲထားသလိုဖြစ်လာသည်။ ဒူးခေါင်းတွေက ဘယ်လိုမှ မဟန်နိုင်တော့၊ သူမနောက်မှ ထပ်ကြပ်မကွာလိုက်လာသည့် ခြေသံတွေက တဖြည်းဖြည်း ပို၍ပင် ကျယ်လာနေ၏။

သူမခြေထောက်တွေက ဒယီးဒယိုင်ဖြင့် ဘယ်လိုမှ မထိန်းနိုင်တော့ဘဲ ရှေ့သို့ မှောက်လျက်လဲကျသွားသည်။ ချက်ချင်း အသိဝင်လာကာ လူးလဲထလိုက်သော်လည်း အကြိမ်ကြိမ် ပြိုလဲနေ၏။

သွားပြီ။

ငါတော့ မလွတ်နိုင်တော့ဘူးဟုလည်း သူမစိတ်က အလိုလိုနားလည်လိုက်သည်။

မှောက်လျက်လဲနေရာ သဲမြေပြင်ထဲတွင် သူမကိုယ်တစ်ခြမ်းက မြုပ်ဝင်နေသည်။ သူမပါးစပ်မှ ပင်ပန်းကြီးစွာဖြင့် ရှူသွင်းရှူထုတ်





လုပ်နေသော လေကြောင့် မြေပြင်မှ သဲမှုန်သဲပွင့်တို့က မျက်နှာနားတွင် တစ်ဖွားဖွားလွင့်စင်နေ၏။ မျက်စေ့တွေက ပြာဝေနေကာ တဒိန်းဒိန်းတိုးဆောင့်နေသော နှလုံးခုန်သံတို့ကြောင့် သူမတစ်ကိုယ်လုံး သိမ့်သိမ့်တုန်နေသည်။

အလုအယက် ရှူနေသော ပင့်သက်ကြောင့် သူမ၏ ပါးစပ်မှ ဟောဟဲ ဟောဟဲဖြစ်နေ၏။ ထိုအသံနှင့်ထပ်တူ သူမအနားတွင် အလွန်အမင်း မောဟိုက်နေသည့် နောက်ထပ်အသံတစ်ခုကိုပါ နားမှကြားနေရသည်။

ရူပါကျော် ဖျတ်ခနဲ မော့ကြည့်လိုက်ရာ နေသစ်က လက်နှစ်ဖက်ကို ခါးပေါ်ထောက်ရင်း သူမကို အပေါ်စီးမှ အုပ်မိုးပြီးစိုက်ကြည့်နေသည်ကို တွေ့လိုက်ရသည်။ သူ၏ ရင်ဘတ်အစုံမှာလဲ နိမ့်ချည်မြင့်ချည်ဖြင့် အသက်ကို မနည်းရှူနေရသည့်ပုံမျိုး ဖြစ်နေ၏။

'နေသစ် နင် နင်ငါ့ကို ဘာလုပ်မလို့လဲဟင်'

ရူပါကျော့်အသံတွေက တုန်တုန်ရီရီဖြင့် တောင်းပန်တိုးလျှိုးနေသည့် လေသံတွေဖြစ်နေသည်။

'နင် ဘာဖြစ်လို့ ထွက်ပြေးသွားတာလဲ ရူပါကျော်'

နေသစ်၏အသံတွေက အေးစက်စက်ဖြစ်နေ၏။ သူ့မျက်ဝန်းများက ကျဉ်းမြောင်းသွားကာ နှုတ်ခမ်းဖျားကို တွန့်ကွေးထား၏။ ရူပါ



www.burmeseclassic.com

www.burmeseclassic.com



ကျော်က လက်နှစ်ဖက်ကို အားပြုရင်း ကြိုးစားပြီး ထိုင်လိုက်သည်။ သူမမျက်လုံးတွေကတော့ နေသစ်၏ လှုပ်ရှားမှုမှန်သမျှကို နဲနဲမှ အလွတ်မပေးရဲဘဲ သတိကြီးစွာ စောင့်ကြည့်နေဆဲပင်ဖြစ်သည်။

နေသစ်က သူ့လည်ချောင်းအတွင်းမှတံတွေးကို ခဲရာခဲဆစ် မြိုချလိုက်ပြီး...

'အခုလိုအချိန်မှာ မပြောမဖြစ် နင့်ကို ပြောမှရတော့မယ် ရှုပါ'

ရှုပါကျော့်ဆံပင်များက တင်းကနဲဖြစ်သွားသည်။ နေသစ်ထံမှ နောက်ထပ်ဆက်ပြီး ကြားရမည့်စကားသံတို့ကြောင့် ဦးခေါင်းတစ်ခုလုံးမှာ ထုံကျင်ကိုက်ခဲလာသည်။ သူမထင်ထားသလို နေသစ်က လူသတ်မှုကို တကယ်ကျူးလွန်ခဲ့ပြီး ဘာအတွက်ကြောင့် သူမကိုမှ ရွေးပြီး ဒီအကြောင်းတွေကို ပြောပြချင်နေရတာလဲ၊ နောက်ပြီး သူ့ရဲ့မျက်လုံးတွေ၊ ကြောက်စရာကောင်းတဲ့ သွေးအေးလူသတ်သမားရဲ့ မျက်လုံးတွေ။

'ငါဟာ ဒီအချိန်မှာ ဒီကလွတ်မြောက်ဖို့ ဘယ်သူ့အကူအညီကိုမှ တောင်းလို့ရမှာမဟုတ်မယ့်အတူ သူ့ကို လိုက်လိုက်ရောရော နေလိုက်တာ အကောင်းဆုံးပဲ။ နောက်ပြီး သူ့ကို အခွင့်သာတဲ့အချိန်ထိ ဆွဲထားရမယ်။ အင်း... ဟုတ်တယ် ငါ့မှာ လွတ်မြောက်ဖို့ ဒီနည်းလမ်းပဲ ရှိတယ်၊ ဒီနည်းလမ်းပဲ'

ရှုပါကျော်က ပုံပျက်ပန်းပျက် ထိတ်လန့်ကြောက်ရွံ့နေသော





သူမ၏အမူအရာတွေကို ချက်ချင်း ဘာမှမဟုတ်သလို ပြန်ပြင်လိုက်၏။ သို့သော် သူမ၏ မျက်လုံးတွေကတော့ ဘယ်လိုမှ ဖုံးလို့ဖိလို့မရနိုင်လောက်အောင် ထိတ်ထိတ်ပျာပျာ ဖြစ်နေသည်။ သူမတစ်ကိုယ်လုံးရှိကြွက်သားများကိုလည်း အစွမ်းကုန် တောင့်တင်းထားမိ၏။ ထို့နောက် လေသံကိုမနည်းထိန်းကာ...

'အေး ငါ ငါလည်း အခုလို နင်မပြောခင်ထဲက ဆုနဒီသေတဲ့ ကိစ္စမှာ နင့်ကိုသံသယတော့ဖြစ်နေတာ'

'ဟင်... ဘာ... ဘာပြောတယ် ရှုပါ။ နင်က ငါ့ကို သံသယဖြစ်နေတာဟုတ်လား'

နေသစ် မျက်နှာပြင်ပေါ်တွင် နဖူးကြောကြီးများ ရုံ့သွားပြီး ရှုပါကျော်ရှေ့မှ သဲမြေပြင်ပေါ်တွင် ဒူးထောက်ထိုင်ချလိုက်သည်။ ရှုပါကျော် ရုတ်တရက် သူမရှေ့သို့ ထိုင်ချလိုက်သော နေသစ်ကြောင့် ကိုယ်ကို အလန့်တကြား နောက်သို့ တုရွတ်တိုက်ဆုတ်လိုက်မိ၏။

'မဟုတ်ဘူး... မဟုတ်ဘူး လုံးဝမဟုတ်ဘူး ရှုပါကျော်၊ နင်ထင်သလို မဟုတ်ဘူး။ ငါတကယ်ပြောချင်နေတဲ့ ကိစ္စက အဲဒါမဟုတ်ဘူး၊ နင်ရယ် ငါရယ် နှစ်ယောက်နဲ့ပဲ ဆိုင်တယ်'

ကပျာကသီငြင်းဆန်လိုက်သော နေသစ်ကို ကြည့်ကာ ရှုပါကျော် တအံ့တဩ ဖြစ်သွား၏။ သူမထင်ထားသလို မဟုတ်ဘဲ နေသစ်ထံမှ



www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရသည့်အကြောင်းများက တက်တက်စင်အောင် လွဲသွားသည်။

နေသစ်မျက်နှာမှာ စောစောကလို တင်းမာမနေတော့ပဲ ညှိုးညှိုး ငယ်ငယ် ဖြစ်သွားသည့်အမူအရာဖြင့် သူ့မျက်နှာကို တခြားတစ်ဘက်သို့ ဖြည်းဖြည်းချင်းလွှဲဖယ်လိုက်ကာ...

'တကယ်တော့ ငါပြောချင်နေတဲ့ စကားကို နင်သိပြီးသားပါ ရူပါကျော်၊ ဟိုးအရင်ထဲက နင့်ကိုငါ စိတ်ဝင်စားခဲ့ရတာ၊ အဲဒီတုန်းက မပြောရဲခဲ့တဲ့ စကားကို အခု ဆုနဒီရဲ့ မွေးနေ့မှာ ပြောဖြစ်အောင်ပြော မယ်ဆိုပြီး ငါအားမွေးထားတာ'

နေသစ်ပြောနေသည့် စကားများကြောင့် ရူပါကျော့်မှာ ငိုရမလို ရယ်ရမလိုပင် ဖြစ်သွားသည်။

'အဲဒီအချိန်တုန်းက နင်က ငါ့ကို လက်ခံသလိုလိုနေပြီးမှ မိုးသက်အောင်နဲ့ နင်ချစ်သူတွေဖြစ်သွားကြတာ ငါအရမ်းခံစားရတယ်။ ဒီနေ့အထိပဲ၊ ဒါကြောင့် နင်ရှိနေတဲ့ နေရာ၊ နင့်မျက်နှာကို အမြဲတမ်း အရိပ်တကြည့်ကြည့်နဲ့ နေမိနေတာပါ ရူပါ၊ နင်ငါပြောတာတွေကို လက်ခံရဲ့လားဟင်'

နေသစ်ပြောနေသော စကားသံတွေက ရူပါကျော့် နားထဲတွင် မကြားတစ်ချက် ကြားတစ်ချက်နှင့် သူမအာရုံတွေက လွင့်ပျံ့နေသည်။ စောစောက ကြောက်ရွံ့တုန်လှုပ်နေသည့် အခြေအနေတစ်ခုလုံးက ဘယ်





လိုမှ နားမလည်နိုင်လောက်အောင် ရုတ်ချည်းပြောင်းလဲသွား၏။ ထိုစဉ် ခပ်လှမ်းလှမ်း မှောင်ရိပ်ထဲမှ ပြေးသံလွှားသံများနှင့်အတူ ဟာန်နီဆွေ၏ 'အား' ခနဲ အော်လိုက်သံကြီးကို အထိတ်တလန့် ကြားလိုက်ကြရသည်။

'အား...'

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

'ဟင်… ဒါဟန်နီဆွေရဲ့ အသံပဲ ရှုပါကျော်'

ဘာဆိုဘာမှ သဲသဲကွဲကွဲမမြင်ရသော အမှောင်ထဲတွင် အော်သံဟစ်သံတွေနှင့် ပြေးကြလွှားကြအသံတွေက သူမတို့နှင့် တဖြည်းဖြည်းဝေးသွားပြန်သည်။ ပြောပြောဆိုဆို နေသစ်က ရှုပါကျော့်ကို လက်ကမ်းပေးရင်း ဆွဲထူလိုက်သည်။

'ကဲ… လာ ငါတို့ဘန်ဂလိုဆီကို ပြန်ပြီးသွားကြည့်ရအောင်၊ သူတို့တွေ ဘန်ဂလိုဆီကို ပြန်တော့လာကြမှာပဲ'

နေသစ် ကမ်းပေးသောလက်ကို ရှုပါကျော်က အားယူပြီး ထိုင်ရာမှ ထလိုက်သည်။ ထို့နောက် မဲမှောင်နေသော သဲသောင်ပြင်ပေါ်တွင် ခပ်သုတ်သုတ်ခြေလှမ်းများဖြင့် ဘန်ဂလိုရှိရာသို့ ပြန်လှည့်လာခဲ့သည်။

ရှုပါကျော်နှင့် နေသစ်မှာ အပြန်လမ်းတစ်လျှောက်လုံး အတွေးကိုယ်စီနှင့် ဘာစကားမှ မပြောဖြစ်ကြဘဲ ဘန်ဂလိုသို့ မြန်မြန်ပြန်ရောက်





ဖို့သာ စိတ်စောနေကြသည်။

သူမတို့ ဘန်ဂလိုအနီးသို့ ရောက်သောအခါ တစ်ယောက်နှင့်တစ်ယောက် တွန်းလားဆွဲလားနှင့် ဝရုန်းသုန်းကားဖြစ်နေကြသော မိုးသက်အောင်တို့ လူစုကို လှမ်းတွေ့လိုက်ရသည်။ သူတို့အထဲမှ ဟန်နီဆွေ၏ အသံကလည်း ငိုသံပါကြီးနှင့် အော်ဟစ်နေကာ ကန်ကျောက်တွန်းထိုးနေ၏။

ရှုပါကျော်နှင့် နေသစ်က သူတို့အနားသို့ ပြေးသွားပြီး…

'ဟဲ့… ဘယ်လိုဖြစ်ကြတာလဲ၊ ခဏနေကြပါအုံး'

ဇာနည်က ဟန်နီဆွေ၏ လက်နှစ်ဖက်ကို အနောက်ဘက်မှသိုင်းပြီး လိမ်ချုပ်ထားရာမှ…

'ငါ သူ့ကို အစောကြီးထဲက မသင်္ကာနေတာ'

ပြောရင်းနှင့် ဇာနည့်အသံတွေက မောဟိုက်နေသလို တရှူးရှူးဖြစ်နေ၏။

'ဘာဖြစ်လို့လဲ၊ သူ သူ့ကို နင်က ဘာဖြစ်လို့ မသင်္ကာဖြစ်ရတာလဲ ပြောပါအုံး'

ရှုပါကျော်က ဇာနည်နားသို့ တိုးကပ်သွားပြီး မေးလိုက်၏။ ဇာနည့်ဘေးတွင် မိုးသက်အောင်တို့ ထင်လင်းတို့ကလည်း လူသတ်တရားခံဟာ ဟန်နီဆွေပဲဆိုသည့် မျက်နှာတွေနှင့် စားဘော့ဝါးတော့မလို



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်နေကြသည်။ ဟန်နီဆွေကတော့ သူမ၏ အနောက်မှနေ၍ လက်နှစ်ဖက်ကို လိမ်ပြီးအချုပ်ခံထားရသဖြင့် ကိုယ်ကရှေ့သို့ အနည်းငယ် ကိုင်းညွတ်နေကာ ဆံပင်တွေက ဖွာလန်ကျဲနေသည်။ မျက်နှာတစ်ခုလုံးမှာလဲ မျက်ရည်စများနှင့် ချွေးသီးချွေးပေါက်တို့က ရောယှက်နေကာ တစ်ကိုယ်လုံး တသိမ့်သိမ့်တုန်ခါနေ၏။

"သူနဲ့ငါ ကြယ်တွေကို ကြည့်မယ်ဆိုပြီး ကမ်းခြေမှာထိုင် စကားပြောနေတုန်း သိပ်မကြာဘူး လျှပ်စီးတွေလက်လာတယ်၊ အဲဒီအချိန်မှာ သူက အပေါ်အင်္ကျီဂျာကင်သွားယူမယ်ဆိုပြီး ဘန်ဂလိုကို တစ်ယောက်တည်း ပြန်သွားတယ်။ ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက်ကြာမှ သူပြန်ရောက်လာတယ်။ နောက်ပြီး သူနဲ့ငါ အဲဒီတုန်းက ပြောကြတဲ့ စကားတွေထဲမှာ ဆုနဒီကို သူမကျေမနပ်ဖြစ်နေတဲ့ အကြောင်းတွေကိုပဲ ထပ်ထပ်ပြောနေတယ်။ အဲဒီတော့ နင်စဉ်းစားကြည့် ရူပါ။ ဆုနဒီကို သတ်တာ သူဆိုတာ ကိုးဆယ်ရာခိုင်နှုန်းက သေချာနေပြီ"

ဇာနည့် စကားအဆုံးတွင် ဟန်နီဆွေမှာလဲ အတင်းရုန်းကန်ပြီး ငိုယိုကာ ငြင်းဆန်နေပြန်သည်။

'မဟုတ်ဘူး မဟုတ်ဘူး၊ ဆုနဒီကို မကျေနပ်တာကတော့ မကျေနပ်တာပဲ၊ ဒါပေမယ့် သူ့ကို သတ်ရလောက်အောင် ငါ မရက်စက်ဘူး၊ မယုတ်မာဘူး'





ဇာနည်က ဟန်နီဆွေ၏လက်နှစ်ဖက်ကို ချုပ်ကိုင်ထားရာမှ ဘန်ဂလိုအတွင်းသို့ ဆွဲသွင်းသွားသည်။ ဘန်ဂလိုအတွင်းသို့ရောက်သောအခါ ထင်လင်းက...

'ဒါဆိုရင် နင်ဘာဖြစ်လို့ထွက်ပြေးသွားတာလဲ၊ နင်ရေးခဲ့တဲ့ စာထဲမှာ လူသတ်တရားခံနဲ့အတူ မနေရဲလို့ဆိုတာကရော ဘာလဲ'

'ထွက်ပြေးတာ မဟုတ်ဘူး၊ ငါ ဒီမှာနေရတာ ကြောက်လာလို့ အိမ်ကိုပြန်တာ ဒီအခန်းထဲမှာ လူသတ်သမားတော့ရှိတယ်။ ငါမဟုတ်ဘူး၊ ငါ့ကို အခုလွှတ်ပေး'

ပြောပြောဆိုဆို ဟန်နီဆွေက အတင်းရုန်းကန် တွန်းထိုးနေ၏။ သူ့ပါးစပ်မှလဲ ကျယ်ကျယ်လောင်လောင် အော်ဟစ်ငိုယိုနေတော့သည်။

ရူပါကျော်က ဟန်နီဆွေ့ကိုကြည့်ရင်း အလိုလို သနားလာ၏။ ရှုပ်ထွေးနောက်ကျိနေသော သူမခေါင်းထဲတွင်လည်း တစ်ဆစ်ဆစ် ကိုက်ခဲ လေးလံနေသည်။ မထင်မှတ်ထားသည့် အဖြစ်အပျက်တွေက ဆက်တိုက်ဆိုသလို ကြမ္မာဆိုးတွေငင်နေ၏။ ထို့နောက် သက်ပြင်းရှည်ကြီး တစ်ခုကို ချလိုက်ရင်း...

'ငါတို့ အခုလိုစိတ်ထဲရှိသလို တစ်ယောက်နဲ့တစ်ယောက် စွပ်စွဲနေရုံနဲ့ တကယ်သတ်တဲ့ လူသတ်တရားခံက ပေါ်လာမှာ မဟုတ်ဘူး။ ဒီအချိန်မှာ အကောင်းဆုံးကတော့ မနက်မိုးလင်းတာနဲ့ သက်ဆိုင်ရာက



www.burmeseclassic.com

www.burmeseclassic.com



လာပြီး စစ်ရင်သာ နင်တို့ ထင်တာတွေမြင်တာတွေ၊ မသင်္ကာဖြစ်တာတွေကို ပြောကြ၊ ဘာမှမသေချာ မရေရာဘဲနဲ့ အခုအချိန်မှာ တစ်ယောက်နဲ့တစ်ယောက် အမုန်းပွားကုန်ကြရင် မကောင်းဘူး'

စောစောက ကျွက်ကျွက်ညံနေသော အခန်းအတွင်း ရူပါကျော့စကားကြောင့် အားလုံး တိတ်ဆိတ်သွားကြပြန်သည်။ တရှုံ့ရှုံ့ငိုနေသော ဟန်နီဆွေ့ကို ကြည့်ကာ ရူပါကျော်က သူမလက်ကိုင်အိတ်အတွင်းမှ တစ်ရှူးတစ်ရွက်ကို ဆွဲထုတ်ယူလိုက်သည်။ ထိုတစ်ရှူးစက္ကူစနှင့်အတူ ညီညာစွာ ချိုးခေါက်ထားသော စာရွက်ခေါက်လေးတစ်ခုက ကြမ်းပြင်ပေါ်သို့ ပြုတ်ကျလာ၏။

အမှတ်မထင် ရူပါကျော်လက်ကိုင်အိတ်ထဲမှ ထွက်ကျလာသည့် စာရွက်ခေါက်လေးကို အားလုံးက ပြိုင်တူ ငုံ့ကြည့်လိုက်ကြသည်။

စာရွက်ခေါက်လေးကို ရူပါကျော်က ကောက်ယူကာ ဖြန့်ပြီး ဖတ်ကြည့်လိုက်၏။ ထိုစာမှာ မနေ့က ထင်လင်း သူမကို မွေးနေ့ပွဲစီစဉ်ဖို့ ရေးပေးထားသည့်စာ ဖြစ်နေပြီး၊ ထိုစာကို အစအဆုံးပြန်ပြီး ဖတ်ကြည့်လိုက်၏။





*'သို့*

*ရူပါကျော်*

*ဒီနေ့တော့ ဘန်ဂလိုကို နင်ပဲသွားပြီး ကြိုတင်စာရင်းပေးထားလိုက်ပါ။ အဲဒီဘန်ဂလိုငှားတဲ့ ကုမ္ပဏီ ဒါရိုက်တာက ငါ့ဒက်ဒီရဲ့ သူငယ်ချင်းပဲ၊ ငါ့အကြိုးအကြောင်းအားလုံးပြောပြီးသား၊ ကြိုတင်ငွေ ပေးခဲ့ဖို့တောင်မလိုဘူး ဒါပဲ။*

*ထင်လင်း'*

ထိုစာကို ဆုံးအောင်ဖတ်လိုက်သည်နှင့်တပြိုင်တည်း ရူပါကျော်ရင်ထဲတွင် အဖြေတစ်ခုကို တိတိကျကျသိလိုက်ရသလိုမျိုး ရှင်းရှင်းလင်းလင်းကြီးဖြစ်သွားသည်။

'ထင်လင်း နင်ဘာဖြစ်လို့ ဆုနဒီကို သတ်လိုက်တာလဲ'

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

ထင်လင်း၏ မျက်နှာကို စေ့စေ့ကြည့်ပြီး ပြောလိုက်သည့် ရှုပါကျော့်လေသံက တည်ငြိမ် ပြတ်သားလွန်းနေ၏။ ကျန်သူများ အားလုံး၏ မျက်နှာများက ရှုပါကျော် ကောက်ကာငင်ကာ ပြောလိုက်သော စကားကြောင့် ကြောင်တက်တက်တွေဖြင့် နားမလည်သလို ငေးကြည့်နေကြသည်။

ဟန်နီဆွေက ဇာနည့်လက်ထဲမှ အတင်းရုန်းကန်ထွက်လိုက်ပြီး ရှုပါကျော့် အနားသို့ ပြေးကပ်လိုက်၏။ သူမ၏ အမူအရာမှာလည်း ရှုပါကျော့် မျက်နှာကို အားကိုးတကြီး လှမ်းပြီးကြည့်နေကာ လက်ခုံဖြင့် မျက်ရည်စတို့ကို သုတ်နေသည်။ ထင်လင်းကတော့ ရှုပါကျော့် စကားကြောင့် ခါးခါးသီးသီးပင် ငြင်းနေပြန်သည်။

'မဟုတ်ဘူး၊ အဓိပ္ပာယ်မရှိတာမပြောနဲ့ ရှုပါ နင် ရူးနေပြီလား'

ထင်လင်းအသံတွေက ခြောက်ကပ်ကွဲအက်လွန်းနေ၏။ သူ့မျက်





နှာ ပေါ်မှာလည်း သွေးရောင်တစ်စက်မှ ရှိမနေတော့။

ရှုပါကျော်က ကျန်သူများအားလုံးကို တစ်ချက်ဝှေ့ယမ်း ကြည့်လိုက်ရင်း...

'ထင်လင်းကို သေချာပေါက် ဘာဖြစ်လို့ ပြောရတာလဲဆိုရင် သူရေးထားတဲ့ ဟော့ဒီစာထဲက ဒွေးတွေဟာ အင်္ဂလိပ်ဂဏန်းသင်္ချာတွေ ဖြစ်နေလို့ပဲ။ စောစောက သူ့ကျောပိုးအိတ်ထဲက တွေ့တဲ့စာက ဆုနဒီ ကိုယ်တိုင်ပဲ ရေးသလိုလိုနဲ့ လုပ်ထားတာ၊ အမှန်တော့ သူ့ဖာသာသူ ရေးထားတဲ့စာ'

ရှုပါကျော့် စကားအဆုံးတွင် ထင်လင်းက အကြောက်အကန် ငြင်းနေပြန်သည်။

'ဒါ လုံးဝအဓိပ္ပာယ် မရှိဘူး၊ အဓိပ္ပာယ် မရှိဘူး၊ ငါက လက်ရေး အတုရေးပြီး ငါ့ဖာသာငါ ဘာဖြစ်လို့ပြန်ပေးရမှာလဲ'

ကျန်သူများအားလုံးမှာလဲ ရှုပါကျော့် လက်ထဲမှစာကို စောစောက ထင်လင်းကျောပိုးအိတ်ထဲမှ ရထားသည့်စာနှင့်ယှဉ်ကာ နံပါတ်သင်္ချာ ဂဏန်းနှင့် ဒွေးအက္ခရာတို့ကို တိုက်ဆိုင်စစ်ဆေးကြည့်လိုက်ကြသည်။

ထိုစာနှစ်စောင်လုံးထဲမှ ဒွေးအက္ခရာများမှာ အမှန်ပင် အင်္ဂလိပ် ဂဏန်း သင်္ချာတွေဖြစ်နေသလို လက်ရေးလက်သားများမှာလဲ တူညီနေ၏။ မိုးသက်အောင်၊ ဇာနည်နှင့် နေသစ်တို့မှာလဲ ထင်လင်းမျက်နှာကို ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက် ရူပါကျော့်မျက်နှာကို ကြည့်လိုက်ဖြင့် တကယ့်လူသတ်တရားခံကို ခုမှပင် ရှင်းရှင်းလင်းလင်းကြီး အသေအချာ တွေ့လိုက်ရသလို ဖြစ်သွားကြသည်။ သူတို့၏ မျက်နှာပေါ်တွင်လည်း အမျိုးမျိုး လှည့်ပတ်လိမ်ညာပြီး သူငယ်ချင်းအချင်းချင်း ရက်ရက်စက်စက် ယုတ်မာလွန်းသည့် ထင်လင်းအပေါ် စက်ဆုပ်ရွံ့ရှာမုန်းတီးနေကြသည့် အမူအရာတွေ ဖြစ်ကုန်ကြသည်။ ရူပါကျော်က ထင်လင်း၏ အကွက်ကျကျ လှည့်ဖျား ကောက်ကျစ်ခဲ့သည့် အရှုပ်အထွေးများကို တစ်ချက်ချင်း ရှင်းပြနေပြန်သည်။

'အဲဒီ သဲလွန်စတွေအကုန်လုံး ထင်လင်းကိုယ်တိုင် လုပ်ခဲ့တာပဲ၊ နောက်ပြီး အဲဒီသဲလွန်စတွေကြောင့် အားလုံးက သူ့ဆီကို ဦးတည်နေအောင် သူ့ကိုယ်သူ အကွက်ချ ထောင်ချောက်ဆင်ထားတာ ငါတို့အခုလို တစ်ယောက်နဲ့ တစ်ယောက် ဟိုလိုလို ဒီလိုလိုဖြစ်နေကြတဲ့ အချိန်မှာ ငါတို့ထဲက တစ်ယောက်က တမင်တကာ အကွက်ဆင်ထားတာလို့ထင်အောင် ကွက်ကျော်တွေးပြီး သူ့ဖာသာသူ လုပ်ထားတာ'

ထင်လင်း၏ မျက်နှာပေါ်တွင် ချွေးသီးချွေးပေါက်တွေ ထွက်နေကာ ရူပါကျော့် စကားများကို ချက်ချင်းပင် အော်ဟစ်ပြီး ငြင်းဆန်ပစ်လိုက်ချင်နေသည်။ သို့သော် သူ့မှာ ပြန်ပြီးငြင်းဆန်စရာ စကားလုံးများက ပျောက်ဆုံးနေ၏။

ထင်လင်း၏ မျက်လုံးအစုံက အဖြူရောင် အခန်းနံရံတွေဆီသို့





အကြည့်ရောက်သွား၏။ ထို့နောက် ကြမ်းပြင်ပေါ်ရှိ တဖျတ်ဖျတ် ယိမ်းလူးနေသော မီးပုံဆီသို့ တဖြည်းဖြည်းချင်း အကြည့်တွေ ရွေ့လျားသွားနေသည်။

လွန်ခဲ့သော နာရီအနည်းငယ်က အဖြစ်အပျက်တွေက ဘာကိုမှ ပြန်လည် ပြင်ဆင်နိုင်ခွင့်မရှိတော့၊ ဘာကိုမှလည်း ငြင်းဆန်နေဖို့ မကြိုးစားချင်တော့၊ အားလုံးက ပြီးဆုံးသွားပြီဖြစ်သည်။

တိတ်ဆိတ်သွားသော ဘန်ဂလိုအတွင်း တဖျောက်ဖျောက် လောင်ကျွမ်းနေသော မီးကျည်မီးခဲများ၏ အသံမှလွဲ၍ ငြိမ်သက်နေ၏။ ရူပါကျော်နှင့်အတူ ကျန်သူများအားလုံးမှာလဲ ထင်လင်း၏ လှုပ်ရှားမှုမှန်သမျှကို မျက်ခြေမပြတ် စောင့်ကြည့်အကဲခတ်နေကြသည်။

ထင်လင်း၏ပါးစပ်မှ ဆုနဒီကို ဘာကြောင့်သတ်ခဲ့ပါသည်ဟူသော ဝန်ခံစကားကို အားလုံးက ကြားချင်နေကြသည်။

ထို့နောက် ထင်လင်းက လေးကန်ကန် သက်ပြင်းရှည်ကြီးကို ချရင်း မီးပုံဘေးတွင် အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။ မီးတောက်မီးလျှံများကို စိုက်ကြည့်နေသည့် သူ့မျက်လုံးတွေက ရွေ့လျားမသွားဘဲ ကြေကွဲဆို့နင့်နေပြီး မျက်အိမ်ထဲတွင် အရည်တဖျတ်ဖျတ်လဲ့နေ၏။

နောက်ဆုံးတွင် သူ့စိတ်တွေကို ဖြေလျော့လိုက်သည့် တိုးဖျော့ဖျော့ လေသံနှင့်…



www.burmeseclassic.com

www.burmeseclassic.com



'ငါ... ငါ မင်းတို့အားလုံးကို ဘာတစ်ခုမှ မချွင်းမချန်ဘဲ ပြောပြပါမယ်'

●





ထင်လင်း၏ နှုတ်ခမ်းများ တဆတ်ဆတ် တုန်ယင်နေ၏။ နဖူးပြင်ပေါ်မှ ချွေးသီးချွေးပေါက်များက မီးပုံရှေ့တွင် ဒိုက်စိုက်ကျနေသော သူ့မျက်နှာပေါ်တွင် တလက်လက် တပြောင်ပြောင် ဖြစ်နေသည်။

'တကယ်တော့ ဆုနဒီကို ငါ စိတ်ဝင်စားနေတာကြာပြီ၊ ငါက သူ့ကို စိတ်ဝင်စားနေသလို သူကလဲ ငါ့ကို ပထမတော့ လိုက်လိုက်ရောရောနဲ့ နေခဲ့ပါတယ်။ ဒါတွေအားလုံးကို ဒီနေ့ ဒီည ဆုနဒီရဲ့ မွေးနေ့မှာ အခွင့်သာတာနဲ့ သူ့ကိုငါ ဖွင့်ပြောမယ်လို့ စဉ်းစားထားခဲ့တယ်'

ထင်လင်းစကားကို အားလုံးက စိတ်ဝင်တစားနှင့် နားစိုက်ထောင်နေကြ၏။ သူ့အသံတွေက အဖြတ်အတောက် လေယူလေသိမ်းတွေမမှန်တော့သလို တစ်ချက်တစ်ချက် လည်ချောင်းထဲတွင် တိမ်ဝင်နစ်မြုပ်လျက်ရှိနေသည်။

'အဲဒီနောက်ပိုင်း သူ့ကို ငါစကားပြောဖို့ အခွင့်အရေးကြုံလာတယ်၊ အဲဒီတုန်းက သူက မီးဖိုချောင်မှာ တစ်ယောက်တည်းဘာတွေကို လှီးနေမှန်း မသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



ထင်လင်း၏ ပြောလက်စ စကား ခဏပြတ်စဉ်တွင် ရှုပါကျော်က ဟန်နီဆွေ၊ မိုးသက်အောင်နှင့် ကျန်သူများအားလုံးကိုပါ ဝေ့ဝိုက်ကြည့်လိုက်၏။

'သူ့အနားကို ငါ တဖြည်းဖြည်း တိုးကပ်သွားတဲ့အချိန် ငါ့ရင်ထဲမှာ သူ့ကိုချစ်တဲ့အကြောင်း ပြောဖို့ကလွဲပြီး ဘာတစ်ခုမှ မရှိတော့ဘူး၊ ဘာကိုမှလဲ မမြင်တော့ဘူး၊ ဆုနဒီ အရင်က ငါ့ကို လိုက်လိုက်လျောလျောနေခဲ့လို့လည်း ငါပြောမယ့်စကားကို သူ ပစ်ပစ်ခါခါကြီး မငြင်းလောက်ပါဘူးလို့လည်း ငါထင်ထားခဲ့တယ်၊ ဒါပေမယ့်...'

ထင်လင်း၏ မျက်နှာအမူအရာမှာ ချက်ချင်းပင် သိသိသာသာကြီး တင်းမာသွား၏။ သူ့မေးရိုးကြီးများက အပြိုင်းပြိုင်း ထောင်ထလာကာ အသက်ရှူသံတွေက ပြင်းထန်လာသည်။ ထို့နောက် ဇာနည်က ထင်လင်းစကားကို မဆိုင်းမတွပင် ထပ်မေးလိုက်၏။

'ဟင် ဒါဆို မင်းစကားကို ဆုနဒီက လုံးဝ လက်မခံနိုင်လို့ပေါ့ ဟုတ်လား'

'မဟုတ်ဘူး၊ ငါပြောတဲ့ စကားကို သူက ဘာတစ်ခုမှပြန်ပြီး မတုံ့ပြန်ဘူး၊ နောက်ပြီး ငါက သူ့ကို တခြားသူတွေနဲ့ ကင်းကင်းရှင်းရှင်း နေဖို့၊ သိပ်ပြီး အရောတဝင်မနေဖို့နဲ့ ယောကျ်ားလေးတွေနဲ့ ပရောပရီ နေတာတွေကို မကြိုက်ဘူးဆိုတာတွေ သူ့ကိုပြောလိုက်မိတယ်။ အဲဒီမှာ





ဆုနဒီက ငါ့ကို လှောင်ပြောင်ပြီး ဟားတိုက်ရယ်တော့တာပဲ၊ နောက်ပြီး ငါ့ကို နင်အရူးပဲ ထင်လင်း၊ နင်လိုကောင်ကို ဘယ်သူက ပြန်ပြီးချစ်ပါတယ် ကြိုက်ပါတယ်ဆိုတဲ့စကားပြောလို့ နင်က ကန့်သတ် ချုပ်ချယ်နေရတာလဲ၊ သွားစမ်းပါတဲ့...'

ထင်လင်း၏ မျက်နှာမှာ သူနှင့် ဆုနဒီ၏ အဖြစ်အပျက်များကို ပြန်ပြောပြနေရင်း မကျေမနပ်နှင့် ဒေါသထွက်နေသည့် အမူအရာတွေက သိသာလွန်းနေသည်။

"နောက်တော့ ငါက 'ဆုနဒီရယ်၊ နင့်ကို ငါက ချုပ်ချယ်ပြီး ပြောနေတာ မဟုတ်ပါဘူး။ အခုဆိုရင် နင်ယောကျ်ားလေးတွေနဲ့ တရုန်းရုန်း လုပ်နေတာတွေ၊ ဟိုလိုလို ဒီလိုလို လုပ်နေတာတွေကြောင့် နင်သိက္ခာကျမှာစိုးလို့ ငါပြောနေရတာ။ နင်က မိန်းကလေး၊ နာမည်ပျက်တွေ ဘာတွေ ဖြစ်သွားရင် မကောင်းဘူး'လို့ ပြောလိုက်မိတယ်၊ အဲဒီမှာတင် ဆုနဒီက သူ့ကို ဣန္ဒြေသိက္ခာမဲ့တယ် ပြောရမလားဆိုပြီး ကွက်ခနဲ မျက်နှာပျက်ပြီး ရက်သွားပုံရတယ်။ ငါ့ကို မီးဖိုခန်းထဲက မြန်မြန်ထွက်သွားဖို့ အတင်း မောင်းထုတ်တော့တာပဲ"

ရှုပါကျော် မျက်နှာပေါ်တွင် ထင်လင်းတစ်ယောက် ယခုကဲ့သို့ ဆုနဒီအပေါ် သဝန်တိုစိတ်နှင့် ရူးရူးမူးမူး ကြိတ်ပြီး ချစ်နေလိမ့်မည်ဟု ဘယ်တုန်းကမှ ထင်မထားခဲ့။ ကျန်သူများ အားလုံးလည်း ထင်လင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ပြောပြနေလို့သာ ယုံနေရသည့် ဆုနဒီနှင့်ထင်လင်း သည် လောက်အထိ ဖြစ်လိမ့်မည်ဟု ဘယ်လိုမှထင်မထားခဲ့။ ဟန်နီဆွေက တော့ ထင်လင်း ပြောပြနေသည့်အကြောင်းမှာ သူ၏နောက်ထပ် လှည့် ဖျား အကွက်ဆင်နေသည့် ကိစ္စများသာ ဖြစ်လိမ့်မည်ဟု ထင်နေတုန်း ပင် ဖြစ်သည်။

'ငါ့ကိုမောင်းထုတ်ပေမယ့် ငါက သူ့အနားကို တဖြည်းဖြည်း တိုးကပ်သွားတော့ သူက နောက်ကိုတစ်လှမ်း နှစ်လှမ်းဆုတ်လိုက်ပြီး ခွေးလေး အရောဝင်လို့ ပါးလျက်နားလျက်မလုပ်နဲ့။ နင်လိုကောင်ကို ပြန်ချစ်ဖို့မပြောနဲ့ ငါ့အိမ်မှာ ခိုင်းတဲ့အစေခံတစ်ယောက်အဆင့်ကိုတောင် မစဉ်းစားဘူး နားလည်လားတဲ့။ အဲ့ဒီမှာ သူ့ရဲ့ မောက်မာရိုင်းစိုင်းတဲ့ စကားလုံးတွေကြောင့် ငါ့စိတ်ထဲမှာ ဖျင်းခနဲ ဒေါသတွေပေါက်ကွဲပြီး သူ့ပါးကို လှမ်းပြီးရိုက်လိုက်တယ်၊ အဲဒီမှာပဲ သူက နာနာကျင်ကျင် အော်ပြီး လက်ထဲက အသားလှီးဓားနဲ့ ရမ်းလိုက်တာ ငါ့ရင်ဘတ်ကို ရှပ်ပြီး ထိသွားတယ်လေ'

'သြော်... လက်စသတ်တော့ မီးဖိုချောင်ထဲမှာ ငါကြားလိုက်ရတဲ့ အသံက ထင်လင်းရဲ့ အသံကိုး'

ထင်လင်းက ပြောပြောဆိုဆို သူ့ရင်ဘတ်မှ သွေးစို့နေသော ဒဏ်ရာကို လက်ဖြင့်စမ်းရင်းပြနေသည်။ အမှန်တော့ ဆုနဒီမှာ ဒေါသဖြင့်





ရှေ့တိုးလာနေသော ထင်လင်း၏ လှုပ်ရှားမှုကို အကြောက်ကြောက် အလန့်လန့်ဖြင့် လုပ်မိလုပ်ရာ လုပ်လိုက်ပုံရသည်။

'အဲဒီမှာတင် ငါလဲ သူ့ကိုဘာလုပ်လို့ လုပ်မိလိုက်မှန်းကို မသိတော့ဘူး၊ ငါ့မျက်လုံးမှာလဲ ဘာကိုမှ မမြင်တော့ဘူး၊ မျက်လုံးတွေ လည်း ပြာဝေနေပြီး ဒေါသကြောင့် ငါ့အသားတွေ တဆတ်ဆတ်တုန် နေတယ်။ သူ့ရဲ့အော်သံကြီးကို ကြားလိုက်ရမှ ငါသူ့ကို ဓားနဲ့ထိုးလိုက် မိပါလားဆိုတာ သိလိုက်ရတယ်။ ငါ့ကိုယ်ငါတောင် ဘယ်လိုမှ မယုံ ကြည်နိုင်လောက်အောင် ဖြစ်သွားတယ်၊ အဲဒါနဲ့ ငါဟာ တစ်ခြားတစ် ယောက်ယောက်က ငါ့ကို တမင် ထောင်ချောက်ဆင်ထားတာလို့ ထင် အောင် ငါ့ဘာသာပဲ ငါ ကွက်ကျော်တွေးပြီး စီစဉ်ခဲ့တာတွေချည်းပါပဲ၊ ခုတော့ ငါ့အပြစ်တွေကို ငါ...'

ထင်လင်း၏အသံမှာ တဖြည်းဖြည်း လည်ချောင်းအတွင်း တိုးဝင် နစ်မြုပ်သွား၏။ ငိုက်စိုက်ကျနေသော သူ့မျက်နှာပေါ်တွင် နာကျည်း ဝမ်းနည်းသည့် အမူအရာတွေဖြစ်နေပြီး မီးတောက်များ၏ အလင်းရောင် က တဖျတ်ဖျတ် လှုပ်ခတ်နေသည်။

အားလုံးက ပြီးဆုံးသွားပြီ ဖြစ်သည်။ နာကျည်းခြင်း၊ ဝမ်းနည်း ခြင်းများနှင့်အတူ ပူလောင်သောကတွေ တနင့်တပိုးနှင့် သူ့အပြစ်တွေကို ပေးဆပ်ရန် ထင်လင်းက အသင့်ဖြစ်နေပေပြီ။ ဆုနဒီမှာလည်း သူမ၏



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရည် ငွေကြေးချမ်းသာမှု ဂုဏ်တို့ကို မောက်မာခဲ့သမျှ အားလုံးက ချုပ်ငြိမ်းသွားပြီ ဖြစ်သည်။

●

ဘန်ဂလိုအပြင်ဘက်တွင် စောစောက တဖျောက်ဖျောက်ကျနေသော မိုးရေစက်တို့၏အသံက တဖြည်းဖြည်း ငြိမ်သက်တိတ်ဆိတ်သွား၏။ ပင်လယ်ပြင်မှ တလိပ်လိပ်တက်လာသော လှိုင်းလုံးကြီးများ၏အသံက ခပ်လှမ်းလှမ်းမှ ကျောက်ဆောင်များကို အခုအချိန်အထိ အငြိုးကြီးကြီးနှင့် တဝုန်းဝုန်း ရိုက်ခတ်နေတုန်း။ တစ်စီစီ တစ်ညံညံဖြင့် တစ်ညလုံး အော်ဟစ်နေကြသော ပိုးကောင်မွှားကောင်တို့၏ အသံက အရှေ့ဆီမှ လင်းလုလုရောင်နီကြောင့်လား မသိ၊ ယခုအချိန်တွင် အသက်မဲ့ကုန်ကြသလို ဘာသံကိုမှ မကြားရတော့။ ပင်လယ်ပြင်သို့ အစာရှာထွက်လာကြသော ပင်လယ်ပျော်ငှက်တို့၏ အသံတို့ကိုသာ ဟိုမှဒီမှ ကြားနေရသည်။

ရှုပါကျော်၏ မျက်နှာပေါ်သို့ အရုဏ်နေရောင်ခြည်၏ အလင်းနုနုက ဖွဖွကလေးကျလာသည်။

■





## ဇာတ်လမ်းအစ

ရှုပါကျော်၏ မျက်နှာပေါ်သို့ နေရောင်ခြည်၏ အလင်းနုနုက ဖွဖွကလေး ကျလာ၏။ သူမကကိုယ်ကို ညာဘက်သို့စောင်းလှည့်လိုက်ရင်း မျက်စိအစုံကို တဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်၏။ ခုတင်ဘေးမှ စားပွဲတင်နာရီက မနက်ခုနစ်နာရီပင် ထိုးနေပေပြီ။

'ဟင်… ငါအိပ်မက် မက်နေတာပဲ၊ ကြည့်စမ်းပါဦး ဒီအိပ်မက်ကလည်း တစ်ယောက်ယောက်လာပြီး ပြောပြနေသလိုမျိုး အစီအစဉ်တကျနဲ့ ငါဘာဖြစ်လို့ အသေးစိတ် မှတ်မိနေရတာလဲ။ ထူးဆန်းလိုက်တာ ချောက်ချားစရာကြီးပါလား ဘုရား… ဘုရား'

ရှုပါကျော်က သူမမျက်နှာကို လက်နှစ်ဖက်ဖြင့် ပွတ်သပ်ပေးလိုက်ရင်း ခုတင်ပေါ်မှ ရုတ်တရက် ထထိုင်လိုက်၏။

'ဒုန်း… ဒုန်း… ဒုန်း… ဒုန်း…'

ထိုစဉ်…



www.burmeseclassic.com

www.burmeseclassic.com



အဆက်မပြတ် ကျယ်ကျယ်လောင်လောင် ကြားလိုက်ရသော အိမ်အောက်ထပ် ဧည့်ခန်းမတံခါးကို အပြင်ဘက်မှ ထုသံကြောင့် ရူပါကျော် အတွေးများ ကစဉ့်ကလျား ဖြစ်ကုန်၏။

'ဒုန်း… ဒုန်း… ဒုန်း… ဒုန်း…'

'လာပြီ… လာပြီ'

ခုတင်ပေါ်မှ ကပျာကယာဆင်းကာ အောက်ထပ်မှ တံခါးမကြီးဆီသို့ ရူပါကျော် ပြေးဆင်းသွားလိုက်သည်။ လှေကားပေါ်မှ အပြေးဆင်းသွားရင်း ကပိုကယိုဖြစ်နေသော ဆံပင်များကို နောက်ကျောဆီသို့ သပ်တင်လိုက်၏။

ဘယ်က ဧည့်သည်များလဲဟု တွေးရင်း အိပ်ယာမှထကာစ သူမ၏ မျက်နှာကို ရုပ်ဆိုးပန်းဆိုးမြင်သွားမည်ကို စိုးရွံ့သည့်စိတ်ကလည်း ပေါ်လာသေး၏။ သို့သော် အိမ်တံခါးဝရှေ့တွင် ရပ်နေကြသူများကို မြင်လိုက်ရတော့မှ ဟင်းခနဲ သက်ပြင်းချလိုက်ပြီး မဆီမဆိုင်တွေ လျှောက်တွေးနေမိသည့် သူမကိုယ်သူမလည်း ရယ်ချင်သလိုလိုဖြစ်သွားသည်။

'ငါတို့ခေါ်နေတာတောင် အတော်ကြာလှပြီဟ၊ နင်က အခုမှ နိုးရသလား အိပ်ပုပ်မရဲ့'

ဟန်နီဆွေ၏ စကားကြောင့် ရူပါကျော်က အနည်းငယ် ရှက်





သလိုလိုဖြစ်သွားပြီး တံခါးကို ကမန်းကတန်း ဖွင့်ပေးလိုက်၏။ ဟန်နီဆွေ၏ နောက်မှ ဇာနည်၊ နေသစ်နှင့် ထင်လင်းတို့ကလည်း ဧည့်ခန်းထဲသို့ လိုက်ဝင်လာကြသည်။

'ဟင်… စောစောကပဲ သူတို့တွေအကြောင်းကို ငါအိပ်မက် မက်နေသေးတယ်။ သူတို့ကလည်း ခုပဲ တိုက်တိုက်ဆိုင်ဆိုင် ရောက်လာလိုက်ကြတာ၊ ထူးဆန်းလိုက်တာနော်…' ဟု ရူပါကျော်က တွေးလိုက်မိသည်။

ထို့နောက် သူမက သူငယ်ချင်းများနှင့် မျက်နှာချင်းဆိုင်ရှိ ဆိုဖာပေါ်တွင် ထိုင်ချလိုက်ရင်း…

'ကဲ… ဆိုကြစမ်းပါအုံး စောစောစီးစီး ဘာဖြစ်လာကြတာလဲ'

သူမ၏အမေးကို ချက်ချင်းပြန်မဖြေသေးဘဲ ဟန်နီဆွေနှင့် ဇာနည်တို့က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြ၏။ နေသစ်ကတော့ ဆိုဖာတွင်မထိုင်ဘဲ ဧည့်ခန်းအဝတွင် လက်ပိုက်ရပ်ကာ ရူပါကျော်ကို စူးရဲသော မျက်လုံးအစုံဖြင့် စိုက်ကြည့်နေသည်။

ဘယ်သူကမှ စပြီး မပြောကြသောကြောင့် နောက်ဆုံးတွင် ထင်လင်းကပင်…

'ဒီလိုဟ… ငါတို့ပါတီပွဲလုပ်ဖို့ စိတ်ကူးအဆန်းလေးတစ်ခုရလို့'



www.burmeseclassic.com

www.burmeseclassic.com



ထင်လင်း၏ စကားအစမှာပင် ရှုပါကျော်က သူမ၏အိပ်မက်ကို ပြန်သတိရပြီး ကျောရိုးတစ်လျှောက် စိမ့်ခနဲ ဖြစ်သွားသည်။ သူမ၏ မျက်ခုံးတို့ကလည်း တစ်ဆတ်ဆတ် လှုပ်လာ၏။ သူမက…

'ဘာ…ဘယ်လို၊ ပါတီပွဲ ဟုတ်လား'

'အေး… ဟုတ်တယ်၊ သန်ဘက်ခါဆိုရင် ဆုနဒီရဲ့ မွေးနေ့လေ ဟာ၊ နင်သိတယ် မဟုတ်လား'

'သိ… သိတယ်'

ရှုပါကျော်၏ အသံက တုန်ရင်ထစ်ငေါ့နေသည်။ ထင်လင်း တစ်ယောက် ဘာတွေဆက်ပြီးပြောတော့မည်ကို သူမကြိုပြီး သိနေသလို လို ဖြစ်လာ၏။

ဘုရား… ဘုရား… ဖွဟဲ့ လွဲပါစေ ငါ့အိပ်မက်ထဲကလိုမဖြစ် ပါစေနဲ့။

ရှုပါကျော်အတွက်တော့ ဟောဒီဧည့်ခန်းထဲမှ ရှိရှိသမျှ လေထု တွေ အားလုံး ရှုရှိုက်၍မရတော့လောက်အောင် အေးခဲသွားသည်ဟုခံစား လိုက်ရသည်။

ရှုပါကျော်က ဟန်နီဆွေ၊ ဇာနည်နှင့် နေသစ်တို့၏မျက်နှာများကို တစ်လှည့်စီ လှမ်းကြည့်ကာ အကဲခတ်လိုက်သည်။ သူတို့အားလုံး၏ မျက်နှာအမူအရာတွေကတော့ ပုံမှန်အတိုင်း အေးအေးဆေးဆေးပင်။



BURMESE CLASSIC .com



ငါ… ငါဘာတွေကို လျှောက်တွေးနေမိတာပါလိမ့်။

သူမက ထင်လင်းကို လှမ်းကြည့်လိုက်တော့ ထင်လင်းက ပေါ့ ပေါ့ပါးပါးနှင့်ပင်…

'ဆုနဒီရဲ့ မွေးနေ့ကို ငါတို့သူငယ်ချင်းတွေလုပ်ပေးဖို့ စိတ်ကူး တစ်ခုရထားတယ်ဟ၊ ငါတို့ ဟိုနတ်သမီးကျွန်းပေါ်က အပန်းဖြေတဲ့ ဘန်ဂလိုလေးကို ဆုနဒီမသိအောင် တိတ်တိတ်ကလေးကြိုပြီး တစ်ရက်စာ မှာထားလိုက်မယ်။ ပြီးတော့မှ မနက်ဖြန်ညကြရင် ဆုနဒီရဲ့ အိမ်ထဲကို အလစ်ဝင်ပြီး ဖမ်းခေါ်လာခဲ့မယ်။ သူကြောက်သွားအောင်လို့ပေါ့ဟာ၊ ငါတို့မျက်နှာတွေကိုလည်း သူမမှတ်မိအောင် သူ့မျက်လုံးကို အဝတ်နဲ့ စည်းပြီး ခေါ်သွားကြတာပေါ့။ နတ်သမီးကျွန်းပေါ်ရောက်မှ မွေးနေ့ကိတ် မုန့်ကို ဖယောင်းတိုင်ထွန်းပြီး သူ့မျက်စေ့ပေါ်စည်းထားတဲ့ အဝတ်ကို ဖြုန်းခနဲ ဖြည်ပေးလိုက်မယ်။ ဒါဆို သူကြောက်နေရာကနေ ရုတ်တရက် အံ့သြပြီး ဝမ်းသာသွားမှာဟ။ ကဲ… ဘယ်လိုလဲ ဒီအစီအစဉ် မကောင်း ဘူးလား'

ထင်လင်း၏ အမေးကို ရှုပါကျော်က ပြန်မဖြေနိုင်ဘဲ ပါးစပ် အဟောင်းသားဖြင့် ကြက်သေသေကာ ငေးကြည့်နေမိသည်။

သူမ၏ သိစိတ်သည်လည်း ဗလာဟင်းလင်းဖြစ်ကာ ရပ်တန့် နေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ငါ... ဘာပြန်ဖြေလိုက်ရမလဲ'

သူတို့ရဲ့ အစီအစဉ်ကို ငါ ငြင်းပယ်လိုက်ရမှာလား။

အဲဒီလို ငြင်းပယ်လိုက်ရင်ကော၊ ဆုနဒီ၏အသက်ကို ကယ်တင်နိုင်မှာလား ဆိုသည်ကို မသေမချာ ဖြစ်နေလေသည်။

သတိုးတေဇ

ကျောင်းနှစ်ကောင်စာအုပ်တိုက်

BURMESE CLASSIC .com
www.burmeseclassic.com